# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဂုဏ်သတင်း ပျံ့နှံ့လိုင်ကြူ

ပန်းရနံ့သည် လေညာကို မသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်း ပန်းအနံ့သည်လည်း လေညာသို့ မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့ သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၈ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၂၄၉)


## အာနန္ဒစန္ဒြ ကျောက်စာနှင့် မြဂနိုင်ရုပ်ရှင်တို့အား အာရှ - ပစိဖိတ်ဒေသတွင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံရ

**နေပြည်တော် ဇွန် ၇**

အာရှ-ပစိဖိတ်ဒေသတွင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ် ကော်မတီ (MOWCAP)၏ အဋ္ဌမအကြိမ်မြောက် အထွေထွေအစည်းအဝေးကို မေ ၂၉ ရက်မှ ဇွန် ၁ ရက်အထိ ကိုရီးယားနိုင်ငံ ဂွမ်ဂျူးမြို့တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ တင်သွင်းသော အာနန္ဒစန္ဒြ ကျောက်စာနှင့် ၁၉၃၄ ခုနှစ်တွင် ရိုက်ကူးခဲ့သော မြဂနိုင်ရုပ်ရှင်တို့အား အာရှ-ပစိဖိတ်ဒေသတွင်း ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုခံရကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံပေါင်း ၂၇ နိုင်ငံမှ တင်သွင်းသော မှတ်တမ်းအမွေအနှစ်များအနက်မှ နိုင်ငံပေါင်း ခုနစ်နိုင်ငံမှ မှတ်တမ်းအမွေအနှစ် ၁၀ ခုကို အာရှ- ပစိဖိတ်ဒေသတွင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ရာ မြန်မာနိုင်ငံမှ နှစ်ခု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နှစ်ခု၊ ကိုရီးယားနိုင်ငံမှ နှစ်ခုနှင့် တူဗလူ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ဆော်လမွန်ကျွန်းတို့မှ တစ်ခုစီတို့ ရရှိခဲ့သည်။ ၂၀၁၈ ခုနှစ်အထိ အာရှ- ပစိဖိတ်ဒေသတွင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ် ကော်မတီမှ စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့သော မှတ်တမ်းအမွေအနှစ်ပေါင်း ၅၇ ခုရှိပြီ ဖြစ်သည်။

*စာမျက်နှာ ၈ ကော်လံ ၃* ▲

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

**နေပြည်တော် ဇွန် ၇**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ နောက် ၄၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **မြန်မာ့အလင်း**




ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်း

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဌမပုံမှန်အစည်းအဝေး အဌမနေ့ ကျင်းပ

### ဆည် ၁၀ ခု၏ ရေသောက်စနစ်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နိုင်ငံခြားချေးငွေဖြင့် ဆောင်ရွက်

**နေပြည်တော် ဇွန် ၇**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဌမပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ပြည်ပချေးငွေများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းခြင်း၊ အမျိုးသားပညာရေးဥပဒေမူကြမ်းဥပဒေကော်မရှင်၏ အစီရင်ခံစာကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူထားသည့် ပြည်ပချေးငွေများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဆင်းရဲမှုလျှော့ချရေးအတွက် ဒေသတွင်း ဖွံ့ဖြိုးမှုစီမံကိန်းအဆင့် (၁)ကို ဂျပန်နိုင်ငံ JICA ၏ ချေးငွေ ဂျပန်ယန်း ၂၆၂၄ သန်းဖြင့် မြို့ပေါင်း ၂၃ မြို့၌ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ရေအရင်းအမြစ်များနှင့် ရယူမှုမှာ မြစ်ရေ၊ ချောင်းရေ၊ ဆည်ရေ၊ ကန်ရေ၊ စိမ့်စမ်းရေ စသည့် မြေပေါ်ရေနှင့် မြေအောက် ရေ နှစ်မျိုးမှ ရယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ နှစ်ရှည်ချေးငွေဖြင့် ဆောင်ရွက်ထားသည့် မြို့ ၂၃ မြို့ရေပေးရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရေးနှင့် ပြည်သူများသို့

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၇-၆-၂၀၁၈

| | | | |
|---|---|---|---|
| ထားဝယ်မြို့ | ၇ ဒသမ ၀၁ လက်မ | စစ်တွေမြို့ | ၃ ဒသမ ၄၆ လက်မ |
| လောင်းလုံးမြို့ | ၆ ဒသမ ၆၅ လက်မ | ကျောက်ဖြူမြို့ | ၃ ဒသမ ၁၁ လက်မ |
| ရေးမြို့ | ၄ ဒသမ ၈၄ လက်မ | ချောင်းဆုံမြို့ | ၂ ဒသမ ၉၁ လက်မ |
| မုဒုံမြို့ | ၄ ဒသမ ၀၆ လက်မ | ကြာအင်းဆိပ်ကြီးမြို့ | ၂ ဒသမ ၇၅ လက်မ |
| ကျိုက်မရောမြို့ | ၃ ဒသမ ၉၄ လက်မ | မော်လမြိုင်မြို့ | ၂ ဒသမ ၇၅ လက်မ |
| မာန်အောင်မြို့ | ၃ ဒသမ ၆၇ လက်မ | မိုးကုတ်မြို့ | ၂ ဒသမ ၆၀ လက်မ |
| ကိုကိုးကျွန်းမြို့ | ၃ ဒသမ ၆၇ လက်မ | စဥ့်ကူးမြို့ | ၂ ဒသမ ၄၈ လက်မ |


**ပြည်ထောင်စုတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးစံများထိန်းသိမ်းရေး**

ဆောင်းပါး၊ စာမျက်နှာ » ၆

**၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ အသိပေးကြေညာခြင်း**

စာမျက်နှာ » ၇

**အီရန်နျူကလီးယားအရေးသဘောတူညီချက်ကို လိုက်နာသွားမည်ဟု ထရီဆာမေပြော**

စာမျက်နှာ » ၁၄



KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

## မြန်မာ့အလင်း

# ပြစ်တင်ဝေဖန်မှုတို့ ရပ်တန့်ချိန်တန်ပြီ

နိုင်ငံတော်၏လုံခြုံရေးတပ်စခန်းတို့အား ARSA အကြမ်းဖက်အဖွဲ့က တစ်ပြိုင်တည်းတိုက်ခိုက်ခဲ့မှုအပေါ်အကြောင်းပြု၍ ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားသူတို့ကို ပြန်လည်လက်ခံရန် မြန်မာနိုင်ငံသည် ကနဦးအစကတည်းက သဘောတူလက်ခံပြီး ဖြစ်ပါသည်။ ထိုကဲ့သို့ ပြန်လည်လက်ခံရန် မြန်မာနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆွေးနွေးညှိနှိုင်း၍ နှစ်နိုင်ငံအကြားသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးအတည်ပြုပြီး ဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိ၍သာ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရန် နှောင့်နှေးကြန့်ကြာနေခြင်း ဖြစ်ပါသည်။ သို့သော်ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့နိုင်ငံတချို့က ရခိုင်ပြည်နယ်သို့ ပြန်လည်ဝင်ရောက်လာမည့်သူတို့၏ လုံခြုံရေးအပါအဝင် ရေရှည်တည်ငြိမ်အေးချမ်းမှုအတွက် စိုးရိမ်သည်ဟူသောအကြောင်းပြချက်ဖြင့် မြန်မာနိုင်ငံအပေါ် ပြစ်တင်ဝေဖန်ခဲ့ကြပါသည်။

ဤပြစ်တင်ဝေဖန်မှုတို့ ရပ်တန့်ရန် အချိန်တန်နေပြီဖြစ်ကြောင်း ယခုအခါပို၍ပို၍ ပေါ်လွင်ထင်ရှားလာပြီး ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်မှနေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အပံ့ပြုနိုင်ရေးအတွက် နားလည်မှုစာချွန်လွှာတို့အား ကုလသမဂ္ဂအေဂျင်စီနှစ်ရပ်နှင့် လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။ ဤကဲ့သို့ လက်မှတ်ရေးထိုးခဲ့ခြင်းကို ၂၀၁၈ခုနှစ်၊ ဇွန်လ ၆ ရက်နေ့က တရားဝင်အပြီးသတ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရနှင့် လက်မှတ်ရေးထိုးခဲ့သော ကုလသမဂ္ဂအေဂျင်စီနှစ်ရပ်မှာ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့်ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့ဖြစ်ပါသည်။ အမှန်တကယ်မှာမူ မြန်မာနိုင်ငံ၏ ကုလသမဂ္ဂနှင့်ပူးပေါင်းဆောင်ရွက်သည့် အစဉ်အလာသည် သမိုင်းသက်သေထူပြီး ဖြစ်ပါသည်။ ၁၉၉၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာအရ နေရပ်စွန့်ခွာသူ ၂၃၀၀၀၀ ခန့်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်စိစစ်လက်ခံခဲ့ခြင်းသည် မငြင်းနိုင်သော သမိုင်းအချက်အလက်မှန် ဖြစ်ပါသည်။

မိမိသဘောဆန္ဒအလျောက်ပြန်လာသော နေရပ်စွန့်ခွာသွားသူများအား ပြန်လည်စိစစ်လက်ခံ၍ နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ရွှေ့ပြောင်းစီမံကိန်းများ ဆန်းစစ်ခြင်းအပါအဝင် အသိုင်းအဝိုင်းအားလုံးအား အကျိုးဖြစ်ထွန်းစေမည့် အတူယှဉ်တွဲနေထိုင်ရေး စီမံကိန်းအဆင့်ဆင့်တို့ကို ဆောင်ရွက်နိုင်ရေးအတွက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက နိုင်ငံတော်အစိုးရကို အထောက်အပံ့ပြုသွားမည် ဖြစ်ပါသည်။ ထို့အပြင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးသည် ပြန်လည်ထူထောင်တည်ဆောက်ရေးကို အခြေခံသော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ရာတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့်အတူတကွ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်သည်လည်း အသိုင်းအဝိုင်းများကြား လူမှုသဟဇာတဖြစ်မှု မြှင့်တင်ရေးကိုအခြေခံလျက် ပြန်လည်ထူထောင်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် ဆန်းစစ်မှုများပြုလုပ်ခြင်းအပါအဝင် စီမံကိန်းများရေးဆွဲနိုင်ရေးအတွက် နိုင်ငံတော်အစိုးရကို အထောက်အပံ့ပြုသွားမည် ဖြစ်ပါသည်။ နေရပ်စွန့်ခွာသူတို့အား ပြန်လည်လက်ခံနေရာချထားရေးအတွက် နိုင်ငံတော်အစိုးရ၏ဘက်စုံကြိုးပမ်းမှုတို့ကို ဤမျှအထင်အရှားမြင်တွေ့နေရပါလျက် အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုခုံရုံး (ICC) ၏ ရှေ့နေချုပ်ဇာတူးဘင်ဆူဒါက မြန်မာနိုင်ငံအပေါ် စုံစမ်းစစ်ဆေးရန် ဆက်လက်ပြုလုပ်နေသည်ကို နားမလည်နိုင်အောင် ဖြစ်ရပါကြောင်း လေးနက်စွာ တင်ပြအပ်ပါသည်။ ။

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

# ဇီဝအရင်းအမြစ်များစီမံခန့်ခွဲမှု ပူးပေါင်းရေးဆိုင်ရာ ကိုရီးယား- မြန်မာ ဒုတိယဝန်ကြီးအဆင့် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးဌာန၊ အမျိုးသားဇီဝအရင်း အမြစ်များသိပ္ပံဌာန (National Institute of Biological Resources-NIBR)တို့ ပူးပေါင်း၍ ဇီဝအရင်းအမြစ်များ စီမံခန့်ခွဲမှုပူးပေါင်းရေးဆိုင်ရာ တတိယအကြိမ် ကိုရီးယား-မြန်မာဒုတိယဝန်ကြီးအဆင့် ဆွေးနွေးပွဲကို ဇွန် ၆ ရက်က Grand Amara Hotel နေပြည်တော်၌ ကျင်းပသည်။ **(ယာပုံ)**




အဆိုပါဆွေးနွေးပွဲတွင် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်တွင် သုတေသနစခန်းတစ်ခု တည်ထောင်နိုင်ရေးနှင့် အသုံးဝင် ဇီဝအရင်းအမြစ်များ၊ သုတေသနပူးပေါင်း ဆောင်ရွက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခြင်း၊ မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား အသုံးဝင်ဇီဝအရင်းအမြစ်များ၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့ ဆွေးနွေးခဲ့သည်။

NIBR သည် မြန်မာနိုင်ငံ၏ အပင်မျိုးစိတ်များအား အသုံးပြုနိုင်သည့် ဆေးဝါးအာနိသင်ပါရှိမှုကို လေ့လာ၍ အလှကုန်၊ ဆေးဝါးနှင့်လူအသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်သစ်တောဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဇီဝအရင်းအမြစ်များ အသုံးပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဒုတိယ ဝန်ကြီးအဆင့် အစည်းအဝေးများကို နေပြည်တော်နှင့် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တို့၌ နှစ်ကြိမ်ကျင်းပခဲ့ပြီးဖြစ်ကာ ဇီဝအရင်းအမြစ်များ အသုံးပြုရေးအား နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရန် မူအားဖြင့် သဘောတူထားခဲ့ပြီးဖြစ်သည်။

ယခုဆွေးနွေးပွဲသည် မြန်မာနှင့် ကိုရီးယား သမ္မတနိုင်ငံတို့အကြား ဇီဝအရင်းအမြစ်များ အသုံးပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကို အကောင်အထည်ဖော်ရေးအတွက် နှစ်နိုင်ငံဒုတိယဝန်ကြီးအဆင့် ဆွေးနွေးခြင်းဖြစ်သည်။

သစ်တောဦးစီးဌာနနှင့် အမျိုးသားဇီဝအရင်းအမြစ်များသိပ္ပံဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့သော သုတေသနရလဒ်တစ်ခုအဖြစ် ရေးသားထုတ်ဝေထားသည့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မှတ်တမ်းစာအုပ် Seed Plants of Natma Taung National Park, Myanmar (2018) အားတရားဝင်ဖြန့်ဝေနိုင်ခဲ့သည်။

အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက အမှာစကားပြောကြားပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ကိုရီးယားသမ္မတနိုင်ငံဘက်မှပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး Dr.Ahn,Byungok ဦးဆောင်၍ NIBR ၏ ယာယီဥက္ကဋ္ဌ ဆိုးလ်တက္ကသိုလ်ပါမောက္ခနှင့် အကြီးတန်းသုတေသီများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပခုက္ကူမြို့ ရွှေချောင်းရေမြင့်တက်မှုကြောင့် လူနေအိမ်အချို့မျောပါ



**ပခုက္ကူ ဇွန် ၇**

ပခုက္ကူမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့်ယနေ့နံနက် ၄ နာရီခန့်က ရွှေချောင်းရေမြင့်တက်ခဲ့ရာ ပခုက္ကူမြို့ အမှတ် ၃ ရပ်ကွက်တွင် လူနေအိမ်သုံးလုံးရေစီး၌ မျောပါသွားပြီး အချို့ရွှေ့ပြောင်းရကြောင်း သိရသည်။

ည ၁၂ နာရီခန့် တွင် ချောင်းရေစကျပြီး နံနက် ၄ နာရီခန့်တွင် ရေစီးကြမ်းလာကာ အမှတ် ၃ ရပ်ကွက်အတွင်းရှိ လူနေအိမ်သုံးလုံးနှင့် ပြင်ဆင်ရန် ရပ်ထားသည့် ကားတစ်စီးမျောပါခဲ့ပြီး လူနေအိမ်သုံးလုံးနှင့်ဓမ္မာရုံတစ်လုံး ပြောင်းရွှေ့ခဲ့ရသည်။

အဆိုပါ ချောင်းရေတိုက်စားသည့်နေရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဟန်ဇော်ဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အံ့မောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်၊ ခရိုင်/မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များက ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တောဆင်ရိုင်းထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်သူများအား ဂုဏ်ပြု

**ပုသိမ် ဇွန် ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်းရှိ ပုသိမ်၊ ငပုတော၊ သာပေါင်း၊ မြို့နယ်များအတွင်း တောဆင်ရိုင်းများ ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဇွန် ၆ ရက်က ပုသိမ်မြို့ အမှတ် ၃ နယ်မြေတိုင်းရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်နှင့် တိုင်းဒေသကြီး အတွင်းရေးမှူး ဦးသန်းဆွေဝင်း၊ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ရဲမြင့်တို့က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး မိတ်ဆွေများအသင်း အမှုဆောင် ဒါရိုက်တာ ဦးမြင့်အောင်နှင့် စီမံကိန်းတာဝန်ခံ ဦးထွန်းထွန်းဦးတို့က ရခိုင်ရိုးမတောင်ပိုင်း တောဆင်ရိုင်းတို့၏ နေထိုင်စားသောက်မှု၊ ခက်ခဲမှုများ၊ ဆင်သတ်မှုဆိုးတို့ကြောင့် လူများအားရန်မူခြင်းများ ဖြစ်နေရကြောင်း၊ နိုင်ငံတော်အတွက် လွန်စွာ တန်ဖိုးကြီးမားသကဲ့သို့ ရှားပါးလာပြီဖြစ်သော တောဆင်ရိုင်းများ ရေရှည်ထိန်းသိမ်းရန် လိုအပ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် မကြာမီက တောဆင်ရိုင်းသတ်ဖြတ်သူများအား ဖမ်းဆီးရမိရေးအတွက် ကြိုးပမ်းဆောင်ရွက်သူများကို တာဝန်ရှိသူတို့က ဂုဏ်ပြုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

## စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း အဖွဲ့ဝင်များ တွေ့ဆုံပွဲကျင်းပ

**ရန်ကုန် ဇွန် ၇**

စာပေစကားဝိုင်းများ၊ စာပေနှီးနှောဖလှယ်ပွဲများနှင့် စာအုပ်၊ စာစောင် ဝေဖန်သုံးသပ်ပွဲများ ဆောင်ရွက်ရန်အတွက် ရည်ရွယ်ပြီး စာအုပ်၊ စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်များ၏ တွေ့ဆုံဆွေးနွေးပွဲကို မြို့နယ်စာရေးဆရာအသင်းနှင့် ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပကြောင်း သိရသည်။

“စာပေ ချစ်သူတွေ ဝါသနာတူ၊ စိတ်တူ ပုဂ္ဂိုလ်တွေနဲ့ စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအဖွဲ့ကို ဖွဲ့စည်းထားပါတယ်၊ ဒီတစ်ပတ်မှာ စာရေးဆရာမ ခင်လပြည့်ဝန်း၏ ဆဋ္ဌမမြောက်နေ့ တိုက်ပွဲစာအုပ်ကို ဆွေးနွေးမှာ ဖြစ်ပါတယ်၊ စာပေချစ်သူတွေထံကို ဒီစာအုပ်ကလေးတွေ ကြိုတင်ဖြန့်ဝေပေးထားပြီး ဖြစ်တဲ့အတွက် စာပေချစ်သူတွေရဲ့ မတူညီတဲ့ ရှုထောင့်အသီးသီးနဲ့ ပါဝင်ဆွေးနွေးကြမှာ ဖြစ်ပါတယ်၊ စာပေဖွံ့ဖြိုးရေးနဲ့ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လစဉ်အခါအားလျော်စွာ စာပေချစ်သူတွေ တွေ့ဆုံပြီး ဆွေးနွေးကြမှာ ဖြစ်ပါတယ်၊ မည်သူမဆို စာပေဖွံ့ဖြိုးရေးဆိုင်ရာတွေ တက်ရောက်ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ပါတယ်” ဟု မြို့နယ်ဦးစီးမှူး ဦးရဲနောင်ချစ်က ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြသည့်အခမ်းအနားသို့ တက်ရောက်အဖွင့်အမှာစကားပြောကြား





**နေပြည်တော် ဇွန် ၇**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ ကျင်းပသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်သည့် NEP (National Electrification Plan) First Phase နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည့် အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

**အားလုံးပူးပေါင်းကူညီဆောင်ရွက်**

ထိုသို့ ပြောကြားရာတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာသန်း ၃၁၀ ဖြင့် ဆောင်ရွက်သည့် အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေး စီမံချက် (NEP Plan) နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လာရောက်ရှင်းလင်းတင်ပြသည့်အတွက် ဝန်ကြီးဌာန၏ ကြိုးစားလုပ်ဆောင်နေမှုများကို အသေးစိတ်သိရှိလေ့လာခွင့်ရရှိပြီး ကိုယ်စားလှယ်များအနေဖြင့်လည်း မိမိတို့နိုင်ငံအတွက် အဓိကအရေးတကြီးလိုအပ်နေသည့် လျှပ်စစ်ဓာတ်အားရရှိရေးနှင့် ပတ်သက်၍ ဘယ်လိုဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရမည်ဆိုသည်ကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိမှုကဏ္ဍသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်ကြောင်းကို မိမိတို့အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ သိရှိလက်ခံထားပြီးဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် တိုင်းပြည်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခြေခံအကြောင်းအရင်းဖြစ်သောကြောင့် လွှတ်တော်က ဝန်ကြီးဌာန၏ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ဘဏ္ဍာငွေကြေးရရှိရေးအတွက် ကမ္ဘာ့ဘဏ်၏ International Development Association (IDA) ချေးငွေ အမေရိကန်ဒေါ်လာသန်း ၃၁၀ ချေးယူခွင့်ကို ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုကို ကြည့်မည်ဆိုလျှင် အာဆီယံနိုင်ငံများတွင် ရာခိုင်နှုန်းအနည်းဆုံးအနေအထားကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍသည် မိမိတို့နိုင်ငံ၏ အရေးကြီးဆုံး အမျိုးသားရေးကိစ္စတစ်ရပ်ဟုပင် ပြောမည်ဆိုပါက ပြောနိုင်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်းများကို မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဒါ့ကြောင့် နိုင်ငံတကာ၏ ချေးငွေအကူအညီများ ရယူပြီး မိမိတို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခြေခံလိုအပ်ချက်ဖြစ်သည့် အရည်အသွေးပြည့်မီသော လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်းသက်ဆိုင်ရာ ဒေသအသီးသီးမှာ စီမံကိန်းများ၊ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ လိုအပ်သည့် နေရာများတွင် အားလုံးပူးပေါင်းကူညီ ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က အဖွင့်အမှာစကားပြောကြားသည်။

**အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်**

ဆက်လက်၍ လျှပ်စစ်နှင့် စွမ်းအားစီမံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၁၀ ဖြင့် ဆောင်ရွက်သည့် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံချက် (NEP Plan) နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အစီအမံများအား လည်းကောင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဒုတိယ အင်ဂျင်နီယာချုပ်က NEP နှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှုအခြေအနေများ အားလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လွှတ်တော်နှစ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းမှ တာဝန်ရှိသူက ရှင်းလင်းဖြေကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

---

※ *ရှေ့ဖုံးမှ*

သန့်ရှင်းသော သောက်သုံးရေ စဉ်ဆက်မပြတ်ပေးဝေနိုင်ရေးအတွက် ရေးဆွဲထားသည့် Operation and Maintenance Manual များနှင့်အညီ သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များက ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ဘဏ် ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ သန်း ၈၀၊ ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ တို့နှင့် ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပါကြောင်း။

## လူထုဗဟိုပြုစီမံကိန်းဆောင်ရွက်ရန် ရွေးချယ်ထားသည့် ကျေးရွာအုပ်စုများကို တိုက်ရိုက်ထောက်ပံ့ငွေများ ပေးအပ်မည်

အီတလီနိုင်ငံ ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုအေဂျင်စီနှင့် ချုပ်ဆိုသည့် သဘောတူစာချုပ်အရ လူထုဗဟိုပြုစီမံကိန်းဆောင်ရွက်ရန် ရွေးချယ်ထားသည့် ၆၃ မြို့နယ်အနက် ဆော၊ ထီးလင်း၊ ပေါက်၊ မတူပီ၊ တွန်းဇံ၊ ကျွန်းလှ၊ ကနီမြို့နယ်များရှိ ကျေးရွာအုပ်စုများကို အဆိုပါအေဂျင်စီချေးငွေဖြင့် တိုက်ရိုက်ထောက်ပံ့ငွေများ ပေးအပ်သွားမည် ဖြစ်ပါကြောင်း။

စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် International Fund for Agricultural Development (IFAD) ထံမှ ချေးငွေ အမေရိကန်ဒေါ်လာ ၃၆ သန်းကို ရယူခဲ့ပါကြောင်း၊ ပထမအဆင့်အနေဖြင့် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားမှုစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၇ သန်းဖြင့် ဆောင်ရွက်ပြီး ဒုတိယအဆင့်အနေဖြင့် အရှေ့ပိုင်းပြည်နယ်များ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအား ကျန်ငွေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

## ဆည် ၁၀ ခု၏ ရေသောက်စနစ်များ ပြုပြင်ထိန်းသိမ်း အဆင့်မြှင့်တင်ရန်အတွက် ချေးငွေရယူဆောင်ရွက်ရခြင်းဖြစ်

စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်းတွင် ပါဝင်သည့် မြောက်ယမားဆည်၊ ဆင်သေဆည်၊ ဆွာချောင်းဆည်၊ မာလဲနတ်တောင်ဆည်၊ မြောက်နဝင်းဆည်၊ တောင်နဝင်းဆည်၊ ဝဲကြီးဆည်၊ တောင်ညိုဆည်၊ ချောင်းမကြီးဆည်နှင့် နတ်မောက်ဆည်တို့၏ ဆည်ရေသောက်စနစ်များသည် အနည်းဆုံး သက်တမ်း ၁၀ နှစ်မှ အများဆုံး သက်တမ်း ၃၇ နှစ်ထိ ကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း၊ အဆိုပါဆည်များ၏ ရေပေးမြောင်းအများစုသည် မြေသားမြောင်းများဖြစ်သည့်အတွက် ရေလေလွင့်ဆုံးရှုံးမှု များပြားခြင်း၊ ရေပေးအဆောက်အအုံများ တိုးချဲ့တည်ဆောက်ရန် လိုအပ်လာခြင်းတို့ ကြောင့် အဆင့်မြှင့်တင်ပြုပြင်ရန် လိုအပ်လာပါကြောင်း၊ သို့ဖြစ်၍ ဆည် ၁၀ ခု၏ ရေသောက်စနစ်များ ပြုပြင်ထိန်းသိမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို နိုင်ငံခြားချေးငွေရယူ၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

အလားတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က လမ်းဦးစီးဌာနမှ ချေးငွေရယူဆောင်ရွက်ခဲ့သော လုပ်ငန်းများအတွက် အတိုင်ပင်ခံအဖွဲ့နှင့် ကန်ထရိုက်တာများ ရွေးချယ်ပြီးပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တင်ဒါအောင်မြင်သောအဖွဲ့တို့ ချေးငွေပေးမည့် အဖွဲ့အစည်းများ၏ စည်းမျဉ်းစည်းကမ်းအတိုင်း စာချုပ်ချုပ်ဆိုခြင်း၊ Project Management Unit (PMU) အဖွဲ့များကို ချေးငွေပေးသူ အဖွဲ့အစည်းများ၏ စည်းမျဉ်းစည်းကမ်းများအတိုင်း ဖွဲ့စည်းပြီး ကန်ထရိုက်တာများကို စောင့်ကြည့်ကြပ်မတ်ဆောင်ရွက်ခြင်းတို့ဖြင့် သတ်မှတ် အရည်အသွေးနှင့် ကိုက်ညီသော လုပ်ငန်းဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

## အိန္ဒိယ-ကော့ကရိတ်လမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းမှာ ၁၉ ရာခိုင်နှုန်းပြီးစီးနေ

JICA ODA Loan ဖြင့် ဆောင်ရွက်သော ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း အဆင့် ၁ စီမံကိန်းသည် ပြီးစီးပြီးဖြစ်သော်လည်း တင်ဒါလျှော့နည်းငွေများကြောင့် ရရှိလာသည့် ပိုလျှံငွေများအား မူလစီမံကိန်းတွင် မပါဝင်သည့် ထပ်တိုးလုပ်ငန်းများကို JICA ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်နေသောကြောင့် စီမံကိန်းကာလ တိုးမြှင့်ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ADB ချေးငွေဖြင့် ကရင်ပြည်နယ်တွင် ဆောင်ရွက်လျက်ရှိသည့် အိန္ဒိယ-ကော့ကရိတ်လမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းမှာ ၁၉ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ပါကြောင်း။

တံတားဦးစီးဌာနမှ နိုင်ငံတကာချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းသုံးခုဖြစ်သည့် အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်ရှိ တံတား သုံးစင်း အဆင့်မြှင့်တည်ဆောက်ခြင်း၊ ကိုရီးယား-မြန်မာချစ်ကြည်ရေး (ဒလ) တံတားတည်ဆောက်ခြင်းနှင့် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) တည်ဆောက်ခြင်းတို့အတွက် တည်ဆောက်ရေးလုပ်ငန်းများ စတင်နိုင်ရန် ကန်ထရိုက်တာရွေးချယ်ခြင်း ဆောင်ရွက်ဆဲဖြစ်ပါကြောင်း။

## တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လမ်း၊ တံတားများကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိ

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများအတွက် အရေးပေါ်ပြန်လည်ထူထောင်ရေးစီမံကိန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လမ်း၊ တံတားများကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၂ ခုနှစ်တွင် စီမံကိန်းလုပ်ငန်းများအား အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

အလားတူ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းတို့ကလည်း ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ ပြန်လည်ရှင်းလင်း ဆွေးနွေးချက်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားပညာရေး မူဝါဒကော်မရှင်၏ ၆ လတာကာလ (၂၀၁၇ ခုနှစ် အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် ဧပြီလအထိ) အတွင်း ဆောင်ရွက်ခဲ့မှု အစီရင်ခံစာနှင့် စပ်လျဉ်း၍ အမျိုးသားပညာရေးမူဝါဒကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးညီလှငယ်က လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ၂၀၁၆-၂၀၁၇ ခုနှစ် လုပ်ငန်းဆောင်ရွက်မှု အစီအရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

ယင်းနောက် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ( Joint Coordination Committee on Hluttaw Development- JCC) ၏ ၂၀၁၆-၂၀၁၇ ခုနှစ် လုပ်ငန်းဆောင်ရွက်မှု အစီအရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးဝေစိန်အောင်က လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ မဟာဗျူဟာစီမံကိန်း ၂၀၁၅-၂၀၁၈ ရည်မှန်းချက် ၄ ရပ်ဖြစ်သည့် လွှတ်တော်ကော်မတီများ အကျိုးသက်ရောက်မှုမြှင့်တင်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ အရည်အသွေးမြှင့်တင်ခြင်း၊ လွှတ်တော်ဝန်ထမ်းများ ဝန်ဆောင်မှုစွမ်းရည်မြှင့်တင်ခြင်းနှင့် ဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းဆိုသည့် အချက်များမှာ ကောင်းမွန်သည့် ရည်မှန်းချက်များ ဖြစ်ပါကြောင်း။

နိုင်ငံတကာအဖွဲ့အစည်းများက အကူအညီပေး ပူးပေါင်းဆောင်ရွက်နေချိန်တွင် အစီအရင်ခံစာ၌ လွှတ်တော်များဆိုရာတွင် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ကိုသာ ရည်ညွှန်းပြီး တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များ မပါဝင်သည့်သဘောဖြစ်နေပါကြောင်း၊ သို့ဖြစ်၍ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဝန်ထမ်းများ ပြည့်ပြည့်စုံစုံခန့်ထားပေးနိုင်ရန်နှင့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို ပြည်ထောင်စုလွှတ်တော်ကဲ့သို့ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ဇင်လင်းနှင့် ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတို့က ဆွေးနွေးကြသည်။

အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်းကို ဇွန် ၁၂ ရက်တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့် (သတင်းစဉ်)**

# အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ၂၀၁၇ ခုနှစ် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးမူဝါဒ စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဇွန် ၇**

အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီက ၂၀၁၇ ခုနှစ် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးမူဝါဒ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာနယ်ဇင်းရှင်းလင်းပွဲတွင် သဘာပတိ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာကျော်ဝင်း၊ ကော်မတီအတွင်းရေးမှူး ဦးသန်းအုန်း(မောင်ဇေယျာ)၊ ကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဌေးဝင်း (မောင်လင်းရိပ်)၊ ဦးကျော်နိုင် (ထက်မြက်)နှင့် ဦးခင်မောင်စိုး(မောင်သာမည) တို့က ဦးဆောင်ရှင်းလင်းပြောကြားပြီး စာပေပညာရှင်များ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




**အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ၂၀၁၇ ခုနှစ် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးမူဝါဒ စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပစဉ်။** သတင်းစဉ်

### အများ၏ ဆန္ဒသဘောအတိုင်းဖြစ်

ရှေးဦးစွာစာနယ်ဇင်းရှင်းလင်းပွဲတွင် သဘာပတိအမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာကျော်ဝင်းက အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီကို ဖွဲ့စည်းလာသည်မှာ အတော်ကြာပြီဖြစ်ပါကြောင်း၊ အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့၏ တာဝန်မှာ စာကောင်းပေမွန်များ၊ အဆင့်မီမီရေးသားသော စာပေများကို ရွေးချယ်ခြင်းဖြစ်ပါကြောင်း၊ ဒီလိုရွေးချယ်သည့်အခါ အဖွဲ့လိုက်ရွေးချယ်ရခြင်းဖြစ်ပါကြောင်း၊ ဒါကြောင့် ဒီအဖွဲ့၏ တာဝန်မှာ အင်မတန်ကြီးပါကြောင်း၊ ဒီအဖွဲ့ထဲမှာပါဝင်သည့် ပုဂ္ဂိုလ်များသည် တကယ့်စာပေလောကမှ ပုဂ္ဂိုလ်များဖြစ်ပါကြောင်း၊ အရင်က အစိုးရဝန်ထမ်းများအဖွဲ့ထဲတွင် ပါဝင်ခဲ့သော်လည်း အခုအမျိုးသားစာပေအဖွဲ့တွင် တကယ့်ပညာရှင်စာရေးဆရာများ အများကြီးပါဝင်ပါကြောင်း၊ ဒါကြောင့် ရွေးချယ်ရေးအဖွဲ့အနေဖြင့်လည်း မူဝါဒများချမှတ်ပြီး ဆုရွေးချယ်သည့်အခါ အများ၏ ဆန္ဒသဘောထားအတိုင်းပင် ဖြစ်ပါကြောင်း၊ ဒီနှစ်တွင် ဆုပေးထိုက်သည်ဟု မိမိတို့ ယုံကြည်သည့်စာပေဆုကို အစည်းအဝေးအကြိမ်ကြိမ်ကျင်းပပြီး ထုတ်ပြန်ကြေညာခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး ဦးသန်းအုန်း(မောင်ဇေယျာ)က ရှင်းလင်းပြောကြားရာတွင် အမျိုးသားစာပေဆုသည် စာပေပြိုင်ပွဲမဟုတ်ပါကြောင်း၊ တစ်နှစ်တာအတွင်း ထွက်ရှိသည့် စာအုပ်စာတမ်းများထဲမှ အကောင်းဆုံးစာအုပ်ကို ရွေးချယ်ပေးတဲ့ဆုဖြစ်ပါကြောင်း၊ စာအုပ်စာတမ်း ပြည့်ပြည့်စုံစုံရရန်အတွက် အထူးတာဝန်အနေဖြင့် အတွင်းရေးမှူးအဖွဲ့ကို တာဝန်ပေးပါကြောင်း။

ဆရာကြီး ဦးသော်ကောင်း ဦးဆောင်သည့် ၂၀၁၆ ခုနှစ် ကော်မတီတွင် အဖွဲ့ဝင် ၇၇ ဦး ပါရှိခဲ့ပါကြောင်း၊ အဲဒီမှာ ဥက္ကဋ္ဌက ဆရာကြီး ဦးသော်ကောင်း ဖြစ်ပါကြောင်း၊ ဒုတိယဥက္ကဋ္ဌက ဆရာ ဦးခင်အေးနှင့် ဆရာမောင်ပေါ်ထွန်းတို့ ဖြစ်ပါကြောင်း၊ ကျန်းမာရေးအတွက် တချို့နုတ်ထွက်ခဲ့ခြင်းကြောင့် အဖွဲ့ဝင် ၆၅ ဦး ကျန်ပါကြောင်း၊ ၆၅ ဦးဖြင့် ယမန်နှစ်က အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးလုပ်ငန်းကို အကောင်းဆုံးဆောင်ရွက်နိုင်သည်ဟု မိမိထင်ပါကြောင်း၊ ဒီကော်မတီက ဆရာကြီး ဦးသော်ကောင်း ဦးဆောင်ပြီးလုပ်ပါကြောင်း၊ ဒီမိုကရေစီ အစိုးရလက်ထက်မှာ နိုင်ငံရေးစိတ်တွေ ပြောင်းလာတာနှင့်အမျှ မိမိတို့ ကော်မတီက မူဝါဒအသစ်များချမှတ် ဆောင်ရွက်ရပါကြောင်း။

ပထမဆုံးချမှတ်သည့်မူဝါဒမှာ ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းလိုက်သည့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက စာပေဆုများရွေးချယ်ခြင်းနှင့် ပတ်သက်ပြီး စာပေမူဝါဒများ ချမှတ်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ စွက်ဖက်ချက်၊ ပြန်ကြားရေးဝန်ကြီး၏ ပါဝင်ပတ်သက်မှုများမရှိစေရ၊ အခြားအပြင်မှ တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့၏ ဩဇာလွှမ်းမိုးမှုလည်း မရှိစေရဘဲ လွတ်လပ်သည့် ပညာရှင်အဖွဲ့အစည်းအဖြစ် ရပ်တည်ရန် ဆရာကြီး ဦးသော်ကောင်း ဦးဆောင်၍ ကြိုးပမ်းခဲ့ပါကြောင်း။

### ကဗျာအမျိုးအစား ထည့်သွင်းစဉ်းစား

မိမိတို့ ပထမဆုံးမူဝါဒများချမှတ်ရာတွင် နံပါတ်တစ်အချက်က အမျိုးသားစာပေဆုသည် ပြိုင်ပွဲမဟုတ်ပါကြောင်း၊ ထွက်သမျှစာအုပ်များ ပြည့်ပြည့်စုံစုံရရမည်၊ ဒီထဲကမှ အကောင်းဆုံးစာအုပ်ကို ရွေးချယ်ခြင်းဖြစ်ပါကြောင်း၊ ရွေးချယ်သည့်အခါ အဂတိကင်းကင်း၊ သမာသမတ်ရှိရှိနှင့် ရသင့်ရထိုက်သော စာအုပ်များရရှိစေရန် ချမှတ်ပါကြောင်း၊ နံပါတ်နှစ်မှာ အပြောစကားပြေအရေးအသားနှင့် ရေးသားသည့် စာအုပ်များအားလုံး ၂၀၁၆ ခုနှစ် စိစစ်ရွေးချယ်ရေးပွဲတွင် ပါဝင်စဉ်းစားပေးရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ ယင်းကို အဖွဲ့ဝင်အားလုံးက ညီညီညွတ်ညွတ်လက်ခံပြီး ထောက်ခံခဲ့သည့်အတွက် မနှစ်က ဆုရစာအုပ်များကို ပြန်ကြည့်လျှင် ပိုပြီး ထင်ထင်ရှားရှား တွေ့နိုင်ပါကြောင်း၊ နံပါတ်သုံးပြောင်းလဲချက်က အမျိုးသားစာပေ ကဗျာဆုနှင့် ပတ်သက်ပြီး ခေတ်ပေါ်ကဗျာဟု ပြောကြသည့် ကဗျာအမျိုးအစားကို ထည့်သွင်းစဉ်းစားပေးရန် မူဝါဒချမှတ်ပါကြောင်း၊ အဲဒီအတွက် အမျိုးသားစာပေဆုမှာ မူလရှိရင်းစွဲ ဂန္ထဝင်ကဗျာ၊ အစဉ်အလာကဗျာဟု အချို့က ပြောကြပါကြောင်း။

အစဉ်အလာကဗျာနှင့်အတူ ခေတ်ပေါ်ကဗျာကို တန်းတူစဉ်းစားမည်၊ စဉ်းစားပြီး ကဗျာဆုတစ်ဆုတည်း၏ ခေါင်းစဉ်အောက်တွင် အစဉ်အလာကဗျာရော၊ ခေတ်ပေါ်ကဗျာရော နှစ်ခုလုံးထဲမှ ကောင်းသည့် ကဗျာစာအုပ်တစ်အုပ်ကို ရွေးမည်၊ ကဗျာဆုကတော့ တစ်ဆုတည်းဖြစ်ပါကြောင်း၊ အဲဒီနှစ်က အဖွဲ့ဝင်အများစုက ကဗျာနှင့် ပတ်သက်ပြီး အလေးအနက် လေ့လာသူများ ပါဝင်ပါကြောင်း၊ ဒီလိုမူရွေးချယ်သည့်အခါ ကန့်ကွက်မှု၊ အမြင်မတူမှုများရှိပါကြောင်း၊ ရှိသော်လည်း နဂိုညှိနှိုင်းဆွေးနွေးသည့်အခါ မိမိတို့ မူဝါဒအတိုင်း ဖြစ်ပါကြောင်း။

ဝန်ကြီးကိုယ်တိုင်တက်သည့် အစည်းအဝေးဖြစ်သော်လည်း ဝန်ကြီးက ဘာမှဝင်ရောက်မစွက်ဖက်ပါကြောင်း၊ ကော်မတီက ဆွေးနွေးသည့်အတိုင်း အတည်ပြုပေးရန် ဖြစ်ပါကြောင်း၊ မိမိတို့ တစ်ဖက်နှင့် တစ်ဖက် ပညာရပ်ဆိုင်ရာကိစ္စ ငြင်းရခုံရပါကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်း၍မရသည့်အခါ အမျိုးသားစာပေဆု ရွေးချယ်ရေးကလည်း စတင်နေပြီဖြစ်ပြီး အချိန်နှင့်တစ်ပြေးညီလုပ်ရန်အတွက် ဒါကို ဆုံးဖြတ်မည်ဆိုလျှင် ပြောင်းလဲလာသည့် ဒီမိုကရေစီစနစ်နှင့်အညီ အဖွဲ့ထဲမှာ ပြဿနာကို ညှိနှိုင်း၍ မရသဖြင့် နောက်ဆုံးတွင် အဖွဲ့ဝင်အားလုံး၏ဆန္ဒကို ယူရပါကြောင်း၊ ယူသည့်အခါ မဲပေးပါကြောင်း၊ မဲပေးသည့်အခါ ၂၀၁၆ ခုနှစ်က တက်လာသူအားလုံး မဲပေးပါကြောင်း၊ မဲပေးပြီးဆုံးဖြတ်သည့်အခါ ကဗျာဆုများကို တစ်ဆုပဲ၊ သို့သော် ဒီကဗျာဆုထဲမှာ အစဉ်အလာကဗျာရော၊ ခေတ်ပေါ်ကဗျာရော နှစ်ခုစလုံးကို တန်းတူရည်တူထား ဆွေးနွေးပြီး အကောင်းဆုံးစာအုပ်ကို ပေးရန် ဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ်က ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် ကဗျာဆုရွေးချယ်ပါကြောင်း၊ ကဗျာစာအုပ်ပေါင်း ၂၅၀ လောက်ရပါကြောင်း၊ အဲဒီထဲမှာ မနှစ်က ရွေးလိုက်တာက ခေတ်ပေါ်ကဗျာဟု ပြောနိုင်သည့်စာအုပ် ဖြစ်သွားပါကြောင်း။

### သမာသမတ်ရှိမည့် ခေါင်းဆောင်များရှာရ

အဲဒီမှာလည်း မနှစ်က ဒီဟာကို မကျေနပ်သည့်အတွက် ကဗျာခေါင်းဆောင် တာဝန်ပေးထားသည့် ဆရာမောင်စိန်ဝင်း (ပုတီးကုန်း)က ထွက်သွားပါကြောင်း၊ နောက်တစ်ခါ ကဗျာဆု နှစ်ဆု မပေးသည့်အတွက် အမျိုးသားစာပေဆုရ ကဗျာဆရာကြီး မြင်းမူမောင်နိုင်မိုးက ထွက်သွားပါကြောင်း၊ ထွက်သွားသည့်အတွက် မိမိတို့က ဒီကဗျာဆုကို ပြန်ပြီးအားဖြည့်ရန်ခေါင်းဆောင်တင်ရန်အတွက် သမာသမတ်ရှိမည့် ခေါင်းဆောင်များ ရှာရပါကြောင်း။

ဒီနှစ် ၂၀၁၇ ခုနှစ် စုံညီအစည်းအဝေး ကျင်းပပါကြောင်း၊ ကျင်းပသည့်အခါ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် တက်ပါကြောင်း၊ တက်သည့်အခါ ဒီလိုပဲ ကဗျာပြဿနာပြန်ပေါ်လာပါကြောင်း၊ အဲဒီနေ့က ဆရာဟိန်းလတ်ကိုယ်တိုင် တင်ပြထားပါကြောင်း၊ ဆရာပြောတာ ကောင်းပါကြောင်း၊ အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့အနေဖြင့် စာပေညီလာခံတွင် ဆုံးဖြတ်ခဲ့သည့် ကဗျာဆုနှစ်ဆုပေးရေးကို ဒီမှာ ဆုံးဖြတ်ပေးစေချင်ပါတယ်ဟု ပြောခဲ့ကြောင်း၊ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်လည်း ဒီကိစ္စကို ကော်မတီဝင်တွေ ဆွေးနွေးပါ၊ ကော်မတီဝင်တွေ ဆွေးနွေးတဲ့အတိုင်း အတည်ပြုပေးပါ့မယ်၊ နှစ်ဆုဆိုလည်း နှစ်ဆု၊ အတည်ပြုပေးပါ့မယ်ဟု ပြောပါကြောင်း။

### ဘယ်သူမှ မကန့်ကွက်

အဲဒီအခါမှာ ပညာရှင်များပြန်ပြီး ဆွေးနွေးကြပါကြောင်း၊ ဆွေးနွေးသည့်အခါ နောက်ဆုံးအထိ အဖြေမရပါကြောင်း၊ အဖြေမရသည့်အခါ ကော်မတီတစ်ခု၏ လုပ်ထုံးလုပ်နည်းအရ နောက်ဆုံးတွင် မဲခွဲရပါကြောင်း၊ ခွဲသည့်အခါ အချိန်လည်း လင့်နေသည့်အတွက်၊ အဖွဲ့ဝင်အားလုံး၏ ဆန္ဒကိုလည်း လိုချင်သည့်အတွက် အဖွဲ့ဝင်အားလုံးထံစာအိတ်နှင့် ချိတ်ပိတ်ပြီး မဲဆန္ဒယူပါမည်၊ မဲဆန္ဒယူသည့်အခါ ဆရာတို့ ချိတ်ပိတ်ပြီး ပြန်ပေးပါ၊ အတွင်းရေးမှူးအဖွဲ့တောင် ဝင်မပါဘဲ ပိုပြီး သံသယကင်းအောင် စာပေဗိမာန်အထောက်အကူပြုရေးအဖွဲ့က တာဝန်ယူပါဆိုပြီး လုပ်ပါကြောင်း၊ အဲဒီအချိန်မှာ မဲဆန္ဒပေးတာကို သဘောမတူပါဘူးဆိုပြီး ဘယ်သူမှ မကန့်ကွက်ပါကြောင်း၊ ဒီထက်ကောင်းသည့်နည်းလမ်းရှိလျှင် တင်ပြပါ၊ ကျွန်တော်တို့ ဆောင်ရွက်ပေးပါ့မယ် ဆိုတော့လည်း ဘယ်သူမှ မတင်ပြပါကြောင်း။

နောက်ဆုံးတွင် အလုပ်ဖြစ်အောင် ဒီနည်းပဲသုံးရကြောင်း၊ သုံးသည့်အခါ လကုန်ရက်တွင် နောက်ဆုံးယူသည့်အတွက် သုံးရက်နေ့ စုံညီအစည်းအဝေး ပြန်ကျင်းပပြီး တက်ရောက်လာသူများ၏ အားလုံးရှေ့တွင် စာပေဗိမာန်အထောက်အကူပြုအဖွဲ့က ဖွင့်ဖောက်ပါကြောင်း၊ ဖွင့်ဖောက်ပြီး သဘာပတိကို တင်ပြပါကြောင်း၊ ဒီနေ့ အစည်းအဝေးမှာ ဒီလိုဖြစ်နေပါတယ်၊ ဒါကိုခွဲချင်လို့ အဖွဲ့ကနေ မဲဖွင့်ဖောက်ပါမယ်၊ အဖွဲ့ဝင်အားလုံး ဘာပြောစရာရှိသလဲမေးပြီး မဲဖောက်ပါကြောင်း၊ ဖောက်သည့်အခါ အဖွဲ့ဝင် ၆၅ ဦးလုံး မဲပေးပါကြောင်း၊ သူတို့ မဲအိတ်များအားလုံးက အခုချိန်ထိအောင် အမျိုးသားစာပေဆုရွေးချယ်ရေး အထောက်အကူပြုအဖွဲ့တွင် ရှိနေပါကြောင်း၊ အဲဒီမှာ မဲရေတွက်သည့်အခါ ကဗျာကို မနှစ်ကလိုပဲ တစ်ဆုတည်းပေးတာက မဲ ၄၀ ရပြီး ကဗျာကို နှစ်ဆုပေးတာက ၂၃ မဲဖြစ်ပါကြောင်း၊ နှစ်မဲက ပယ်မဲဖြစ်နေပါကြောင်း။

မဲရလဒ်ကို သဘာပတိဖြစ်သည့် ဆရာကြီး ဦးခင်အေးကို တင်ပြပြီး ဆရာကြီးက အများဆန္ဒအတိုင်းဆိုလျှင် ကြေညာလိုက်ပါတော့ဟု ခွင့်ပြုသဖြင့် ကြေညာလိုက်ပါကြောင်း၊ ကြေညာပြီးသည့်အချိန်တွင် စာရေးဆရာမ မစန္ဒာက ချက်ချင်းဒီအဆိုကို ကန့်ကွက်ပါကြောင်း၊ ပထမအစည်းအဝေးမှာကတည်းက အဖွဲ့ဝင်တစ်ယောက် နှစ်ယောက်က ကဗျာဆုရွေးချယ်သည့်အခါ ဝန်ကြီးကိုယ်တိုင် ပါဝင်ဆုံးဖြတ်ပေးပါဟု အကြိမ်ကြိမ်ပြောပါကြောင်း။



**သဘာပတိ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာကျော်ဝင်း ရှင်းလင်းပြောကြားစဉ်။** သတင်းစဉ်



**အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး ဦးသန်းအုန်း (မောင်ဇေယျာ) ရှင်းလင်းပြောကြားစဉ်။** သတင်းစဉ်



**အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အဖွဲ့ဝင် ဦးဌေးဝင်း(မောင်လင်းရိပ်) ရှင်းလင်းပြောကြားစဉ်။** သတင်းစဉ်



**အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အဖွဲ့ဝင် ဦးကျော်နိုင်(ထက်မြက်) ရှင်းလင်းပြောကြားစဉ်။** သတင်းစဉ်



**အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အဖွဲ့ဝင် ဦးခင်မောင်စိုး(မောင်သာမည) ရှင်းလင်းပြောကြားစဉ်။** သတင်းစဉ်

*စာမျက်နှာ ၅ သို့*

# စာနယ်ဇင်းရှင်းလင်းပွဲသတင်း



စာမျက်နှာ ၄ မှ

မိမိတို့ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့အနေဖြင့် လွတ်လပ်သည့် ပညာရှင်အဖွဲ့အစည်းဖြစ်အောင် ကြိုးစားနေပါကြောင်း၊ ဒါ မိမိတို့ဆောင်ရွက်ချက်တိုင်းမှာလည်း ဒီဆန္ဒကို ပေါ်လွင်အောင် အမြဲတမ်းဆောင်ရွက်ပါကြောင်း၊ နောက်ဆုံး ပြောချင်တာက မဲဆန္ဒမယူခင်ကလည်း မိမိတို့မေးပါကြောင်း၊ မဲကိုလည်း အားလုံးပေးပါကြောင်း၊ မဲပေး၊ အတည်ပြုပြီးသည့် အခါကျမှ အဖွဲ့ဝင်တချို့က မကျေနပ်လို့ ထွက်ပါကြောင်း၊ မကျေနပ်လို့ဆိုတာလည်း အထူးသဖြင့် မစန္ဒာထွက်ပါကြောင်း၊ နောက်တစ်နေ့မှာ ဆရာသူရဇော် ထွက်ပါကြောင်း။

### အကြိမ်ကြိမ်စွပ်စွဲထားတာ အများကြီးရှိ

ကော်မတီတစ်ခုအတွင်း အများသဘောတူ ဆုံးဖြတ်တာကို လေးစားလိုက်နာပြီး ဆောင်ရွက်ပေးရန် ယဉ်ကျေးမှုတစ်ခုတော့ လိုအပ်ပါကြောင်း၊ အဲဒီအတွက် မိမိတို့က ဖြစ်စဉ်အမှန်ကို တင်ပြခြင်းဖြစ်ပါကြောင်း၊ ဘာလို့ တင်ပြရသလဲဆိုလျှင် တချို့ ရေးသားချက်မှာ အမျိုးသားစာပေဆုက ခေတ်ပေါ်ကဗျာကိုပဲ ပေးမယ်၊ နောက်တစ်ခါ ဂန္ထဝင်ကဗျာကို မှေးမှိန်အောင်လုပ်နေပါတယ်၊ အမျိုးသားယဉ်ကျေးမှုကို ထိပါးအောင်လုပ်နေပါတယ်ဟု အကြိမ်ကြိမ်စွပ်စွဲပါကြောင်း၊ ဒီကော်မတီအတွင်းမှာကို အကြိမ်ကြိမ်စွပ်စွဲထားတာ အများကြီးရှိပါကြောင်း။

သို့သော် အဲဒါတွေက စာနယ်ဇင်းတွေထဲ ရောက်သွားတဲ့ အခါ အခြေအနေမှန်ကို မသိကြသူ၊ စာဖတ်သူများလက်ထဲမှာ အင်မတန်ကို ထင်ယောင်ထင်မှားနှင့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအပေါ် ထင်ယောင်ထင်မှား ဖြစ်လာပါကြောင်း၊ အားလုံးကြားထဲတွင် စာပေဆရာများ၊ စာရေးဆရာများဖြစ်ပါလျက်နှင့် အမုန်းစကား၊ ဒေါသစကားတွေပြန့်ပွားလာမည်ကို စိုးရိမ်ပါကြောင်း၊ အဲဒီလိုမဖြစ်အောင် သတင်းစာရှင်းလင်းပွဲကို ခေါ်ယူကျင်းပရခြင်းဖြစ်ပါကြောင်း၊ နောက်ဆုံး မဖြစ်သာလို့သာ ခေါ်ယူကျင်းပရခြင်းဖြစ်ပါကြောင်း၊ အဲဒီလို ကျင်းပရသည့်အတွက် တကယ့်ကိုဝမ်းနည်းပါကြောင်း၊ စာရေးဆရာ၊ စာပေပညာရှင်ဖြစ်သူများ၏ အမုန်းစကားများကထပ်ပြီး စာနယ်ဇင်းများ၊ facebook များတွင် မပါဝင်စေချင်သည့် ဆန္ဒဖြင့် တင်ပြရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

### ကဗျာအမျိုးအစားအားလုံးကို ခြုံပြီး အကျုံးဝင်အောင် စဉ်းစား

ယင်းနောက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီအဖွဲ့ဝင် ဦးဌေးဝင်း (မောင်လင်းရိပ်)က ရှင်းလင်းပြောကြားရာတွင် ကဗျာရွေးချယ်ရေးကော်မတီ ဖွဲ့သည့်အခါ မိမိတို့က ကဗျာအမျိုးအစားအားလုံးကို ခြုံပြီး အကျုံးဝင်အောင် စဉ်းစားပါကြောင်း၊ အမှန်အတိုင်းဆိုလျှင် ကဗျာအမျိုးအစားက ခေတ်ပေါ်နှင့် ဂန္ထဝင်ဟန်အစဉ်အလာ ကဗျာဆိုတာထက်ကို လက်တွေ့က များပါကြောင်း၊ ဒါပေမယ့် အဓိကအားဖြင့် ဒီနှစ်ခု ရှိတော့ နှစ်ခုကိုမျှမျှတတနှင့် အကုန်လုံးလည်း သေသေချာချာ သိပြီး ဆုံးဖြတ်နိုင်အောင် ကဗျာဆုရွေးချယ်ရေးအဖွဲ့ဝင်များ ဖွဲ့စည်းသည့်နေရာတွင် အရေးကြီးပါကြောင်း၊ ဆရာကြီး ဦးသော်ကောင်း အတည်ပြုပြီး မိမိတို့ ဖွဲ့စည်းရွေးချယ်ထားသည့် ကဗျာအဖွဲ့ငယ်တွင် အဖွဲ့ခေါင်းဆောင်က ဆရာမောင်ဟုန်ဝမ် (ကထိက) ဖြစ်ပါကြောင်း၊ ဆရာသည် မြန်မာစာဌာနတွင် နှစ်ပေါင်းများစွာ အမှုထမ်းခဲ့သူ တစ်ဦးဖြစ်ပါကြောင်း၊ ဒုတိယ ခေါင်းဆောင်ကတော့ မိမိဖြစ်ပါကြောင်း၊ တတိယအဖွဲ့ဝင်မှာ ဆရာ ဦးကိုလေး (ကိုလေး-အင်းဝဂုဏ်ရည်) ဖြစ်ပါကြောင်း၊ နောက်တစ်ယောက်က ဆရာဦးမြဝင်း (မြဝင်း-ဒဿန) ဖြစ်ပါကြောင်း၊ နောက်တစ်ဦးက ဆရာသူရဇော်ဖြစ်ပါကြောင်း၊ နောက်ဆရာမြင့်စိုးလှိုင် ဖြစ်ပါကြောင်း၊ တက္ကသိုလ်က မြန်မာစာ ဆရာတစ်ဦးဖြစ်ခဲ့ပြီး သူငယ်နုစဉ် ကဗျာရေးဖွဲ့စဉ်က လေးချိုးများသည် နာမည်ကြီးထင်ရှားခဲ့ပါကြောင်း၊ နောက်တစ်ယောက်က ဆရာဒေါက်တာအောင်ကြီးဖြစ်ပြီး ဆရာသည် အသက်မွေးဝမ်းကျောင်းအရ ဆရာဝန်တစ်ဦးဖြစ်သော်လည်း အက်ဆေးနှင့် ကဗျာခံစားမှု၊ ဘာသာပြန်ကဗျာစသဖြင့် ကဗျာနှင့် ပတ်သက်သော ဆောင်းပါးပေါင်းများစွာ ရေးခဲ့သည့်၊ နားလည်ကျွမ်းကျင်သည့် ဆရာတစ်ဦးဖြစ်ပါကြောင်း၊ နောက်တစ်ယောက်က ဆရာမောင်သင်းခိုင် ဖြစ်ပါကြောင်း၊ နောက်တစ်ယောက်က ဦးညီညီ (ဆရာမောင်ပြည့်မင်း) ဖြစ်ပြီး ဆရာသည်လည်း မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂမှာ ဆောင်ရွက်ခဲ့ပါကြောင်း၊ အရင်တက္ကသိုလ်ကျောင်းသားဘဝက အစဉ်အလာကဗျာများ ရေးဖွဲ့ခဲ့ပြီး အခုနောက်ပိုင်း ခေတ်ပေါ်ကဗျာများကို တွင်တွင်ကျယ်ကျယ် ရေးသားနေသည့် ကဗျာဆရာဖြစ်ပါကြောင်း၊ နောက်တစ်ယောက်က ဆရာမင်းထက်မောင် ဖြစ်ပါကြောင်း၊ ဒီအဖွဲ့ဝင်စာရင်းကို အခု သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခြင်းသည် ဘာကိုထင်ရှားစေချင်သလဲဆိုလျှင် မိမိတို့သည် ကဗျာအမျိုးအစားမရွေး အဖွဲ့၏ ဆန္ဒ၊ ဆုံးဖြတ်ချက်၊ အဖွဲ့၏ သုံးသပ်မှု၊ ပိုပြီးပြည့်ဝကျယ်ပြန့်စုံလင်စေချင်သည့်အတွက် ဘယ်လိုပုဂ္ဂိုလ်များကို ထည့်သွင်းဖွဲ့စည်းထားသည်ကို သိစေချင်၍ တင်ပြရခြင်းဖြစ်ပါကြောင်း။



မြန်မာ့သတင်းစဉ်မှ ဦးခင်မောင်ထွေး မေးမြန်းစဉ်။



စာရေးဆရာ ဟိန်းလတ် မေးမြန်းစဉ်။



မြန်မာတိုင်းမ်သတင်းစာမှ ဦးသိန်းအေး မေးမြန်းစဉ်။



ပေါ်ပျူလာဂျာနယ်မှ ညိုသစ်ငယ် မေးမြန်းစဉ်။

ကဗျာတွေကိုဖတ်ရှု သုံးသပ်သည့်နေရာတွင် ထည့်သွင်းစဉ်းစားရမည့်မှုများကို ၂၀၁၆ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် အဖွဲ့ငယ်များ၏ အစီရင်ခံစာတွင် စာပေဆုချီးမြှင့်ပွဲစဉ်က ဖြန့်ဝေပြီးသားဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီအဖွဲ့ဝင် ဦးကျော်နိုင်(ထက်မြက်) က ရှင်းလင်းပြောကြားရာတွင် အဓိကပြောချင်သည်မှာ အမျိုးသားစာပေဆု ရွေးချယ်ရေး ကော်မတီမှနုတ်ထွက်သွားသည့် ပုဂ္ဂိုလ်များ အဓိကတင်ပြနေသည့် သတင်းတွင်ဖတ်ရသည့် အချက်ကဘာလဲ ဆိုတော့ စာပေညီလာခံ၏ ဆုံးဖြတ်ချက်ကို ဝန်ကြီးနှင့်အတူ ဒီအမျိုးသားစာပေဆုကော်မတီက ဆန့်ကျင်တယ်ဆိုသည့် သဘောထား (၁) ချက်မိမိပြောချင်ပါကြောင်း၊ (၂)အချက်က မိမိတို့ ကဗျာဆုပြဿနာပေါ်နေသည်က မော်ဒန်ကဗျာမှ၊ ခေတ်ပေါ်ကဗျာမှ ဆုပေးရေးဆိုတာမဟုတ်ကြောင်း၊ အဆိုပါ (၂)ချက်နှင့် ပတ်သက်ပြီး ပြောချင်ပါကြောင်း။

အခုပိုပြီး ကြီးကျယ်လာတာက သမိုင်းတရားခံမဖြစ်ချင်ဘူးဆိုသည့် စကားက တော်တော်လေးရင့်သီးသည်ဟု ထင်ပါကြောင်း၊ ဒါတွေဟာမပြောသင့် မပြောအပ်တာတွေ ဖြစ်ပါကြောင်း၊ ဘယ်သူသည် သမိုင်းတရားခံ အခုဖြစ်လာကြသလဲ၊ ဘယ်သူဟာသမိုင်းမှာ သူရဲကောင်းဖြစ်သလဲဆိုတာ အခု အမျိုးသားစာပေဆုကော်မတီဝင်များဖြတ်သန်းခဲ့သည့် စာရေးဆရာများထဲတွင် အများကြီး သိသာပါကြောင်း၊ အဲဒီတော့ သမိုင်းတရားခံကိစ္စကို အဲဒီလောက်ကြီးလည်း ကြီးကြီးကျယ်ကျယ် ပြောဖို့မလိုဟု ထင်ပါကြောင်း။

အခု မိမိပြောချင်သည်မှာ စာပေညီလာခံကိစ္စဖြစ်ပါကြောင်း၊ စာပေညီလာခံ ကျင်းပရန်ဆိုသည့် ကိစ္စကိုစတင်တာက ( Book Plaza ) က စာရေးဆရာ မြေမှုန်လွင်ဖြစ်ပါကြောင်း၊ သူက စတင်ပြီး စာပေအဖွဲ့အစည်းများကို စာပို့ရင်း စာပေညီလာခံ လုပ်ကြရအောင်ဆိုသည့်အတွက် မိမိတို့ တက်ကြပါကြောင်း၊ မိမိတို့ စာရေးဆရာသမဂ္ဂက သုံးဦး လွှတ်ပါကြောင်း။

### စာပေညီလာခံ ကျင်းပခဲ့

စာပေညီလာခံကျင်းပရန်ကိစ္စကို ပြန်ကြားရေးဝန်ကြီး ဒေါက်တာဖေမြင့်က စာရေးဆရာအဖွဲ့အစည်း ၁၁ ဖွဲ့ကိုဖိတ်ပြီး ဒီမှာရှင်းလင်းပွဲလုပ်ပါကြောင်း၊ အဲဒီမှာဝန်ကြီးနှင့် ပတ်သက်သလား၊ မပတ်သက်ဘူးလားဆိုသည့်ကိစ္စကို မိမိပြောချင်ပါကြောင်း၊ အဲဒီတုန်းက စာရေးဆရာအဖွဲ့အစည်းတွေက ကိုယ်စားပြုပြောသည့်အခါ မိမိ အရင် ၁၉၆၂ ခုနှစ်က အဲဒီလို စာပေညီလာခံ ကျင်းပခဲ့ဖူးကြောင်း၊ အဲဒီလိုပဲ အခုဒီမိုကရေစီခေတ်မှာ အစိုးရကဦးဆောင်ပြီး လုပ်သင့်ပါတယ်လို့ မိမိတင်ပါကြောင်း၊ တင်တော့ ဝန်ကြီးဦးဖေမြင့် ကိုယ်တိုင်က "ဒီထဲမှာ ကျွန်တော်က အစိုးရအနေနဲ့ရော ကျွန်တော်အနေနဲ့ရော လုံးဝ မပတ်သက်ပါဘူး" မပတ်သက်ဖို့ မြေမှုန်လွင်တို့ လာဆွေးနွေးအချိန်မှာလည်း သူက ငြင်းခဲ့ပါတယ်တဲ့။ ကျွန်တော်မပတ်သက်ဘဲနဲ့ စာရေးဆရာတွေ အဖွဲ့အစည်း၊ လွတ်လပ်တဲ့ စာပေအဖွဲ့အစည်းတွေအားလုံး ပါဝင်ပတ်သက်ပြီးတော့ ကျင်းပပါဆိုပြီး သူခါးခါးသီးသီးပဲ ငြင်းပယ်ခဲ့ကြောင်း၊ အဲဒီတော့ ဒီကိစ္စဟာ ဆရာဦးဖေမြင့် မပါတာသေချာပါကြောင်း။

နောက်တစ်ချက်က စာပေအဖွဲ့အစည်း ၁၁ ဖွဲ့တိုင်းက နိုင်ငံတစ်နံတစ်လျားက စာရေးဆရာအားလုံးကို ကိုယ်စားပြုတဲ့ အဖွဲ့အစည်းတစ်ဖွဲ့ မဟုတ်ပါကြောင်း၊ စာပေညီလာခံကို "လွတ်လပ်တဲ့စာပေ လွတ်လပ်တဲ့အသံ" ဆိုတဲ့ ဆောင်ပုဒ်နှင့် ကျင်းပခဲ့ပါကြောင်း၊ အဲဒီမှာတုန်းကတော့ ဆရာဦးဖေမြင့်က လိုအပ်တာကို မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနက ကူညီပါမည်ဟု ပြောခဲ့ပါကြောင်း၊ မိမိတို့ အလှူခံသည့်အခါ သိန်းပေါင်း ၂၄၀၀ ထိရပါကြောင်း၊ အဲဒါကလည်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အလှူခံပေးသည့်အတွက် ဖြစ်ပါကြောင်း၊ သို့သော် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တစ်ပြားသားမှ ပါဝင် ပတ်သက်တာ မဟုတ်သလို ပြန်ကြားရေးဝန်ကြီးဌာနကလည်း တစ်ပြားသားမှ ပါဝင်ပတ်သက်ခြင်း မရှိပါကြောင်း။

ညီလာခံမှာ ဆုံးဖြတ်ချက် ၆၀ မှာ ၄၀ ကို ညီလာခံတက်လာသည့်ကိုယ်စားလှယ်အားလုံးက သဘောတူ မတူ၊ မဲ အနည်းအများခွဲကြပါကြောင်း၊ မဲအနည်းအများခွဲပြီးတဲ့ဟာကို ဒီဝန်ကြီးဌာနနှင့်ရော ကျန်တဲ့ လူတွေရော ပေးပို့ခွင့်ရှိတယ်ဆိုတဲ့ သဘောထားရှိပါကြောင်း၊ ပြန်ကြားရေးနှင့်ဆိုင်တာ ပြန်ကြားရေး၊ ပြည်ထဲရေးဆိုင်ရာ ပြည်ထဲရေးပို့မယ်၊ ဘဏ္ဍာရေးနဲ့ဆိုင်ရင် ဘဏ္ဍာရေးဌာန၊ စီးပွားရေးဌာနကို ပို့မယ်၊ ပို့ပြီးတော့ အဲဒီကနေ လက်ခံရင်ခံမယ်၊ လက်မခံရင် မခံဘူး။ သူတို့ ဆောင်ရွက်ပေးနိုင်ရင် ပေးမယ်၊ အထက်ကိုတင်ရင်လည်း တင်မှာဖြစ်ပါကြောင်း၊

အဲဒီညီလာခံဆုံးဖြတ်တယ်ဆိုတာ အတည်ဆုံးဖြတ်ချက် မဟုတ်ပါကြောင်း၊ အဲဒီထဲမှာ ဘာပါလာသလဲဆိုတော့ ကဗျာဆု တစ်ဆုပေးရေး၊ နှစ်ဆုပေးရေးကို ညီလာခံမှာ တင်လိုက်သည့် အခါအများစုက ကဗျာဆု နှစ်ဆုပေးရေးကို ဆုံးဖြတ်ပါကြောင်း၊ ကဗျာဆု နှစ်ဆုပေးရေးသည် အမျိုးသားစာပေဆုကော်မတီက ကဗျာဆုနှစ်ဆုပေးရမယ်လို့ ဆုံးဖြတ်တာမဟုတ်သလို ပြန်ကြားရေးဝန်ကြီးဌာနကလည်း ဒီအတိုင်းပေးဖို့၊ ညီလာခံဆုံးဖြတ်တာကို ဆောင်ရွက်ပေးပါလို့ မဆုံးဖြတ်ပါကြောင်း၊

အဲဒီအထဲမှာ ပြောကြသည်က ဝန်ကြီးက အဲဒီတုန်းက ဘယ်လို သဘောတူတယ်၊ မတူဘူးဆိုပြီးဖြစ်ပါကြောင်း၊ ဒါက တော့ တကယ့်အမှန်တရားမဟုတ်ပါကြောင်း၊ ဘာကြောင့်လဲ ဆိုတော့ ကဗျာဆု နှစ်ဆုပေးရေးကို အများစုကထောက်ခံတာ မှန်ပါကြောင်း၊ မိမိတို့ ရဲဘော်မိတ်ဆွေတွေဖြစ်တဲ့ အုပ်စုလေး၊ ငါး၊ ဆယ်ယောက်မှာတောင်မိမိတစ်ယောက်ပဲ တစ်ဆုပေးရေး ထောက်ခံကြောင်း၊ အဲဒီတော့ အဲဒီမှာ ကဗျာဆု နှစ်ဆုပေးရေးတင်လိုက်ပါကြောင်း၊ တင်လိုက်တဲ့ဟာက ဝန်ကြီးဌာနကို ရောက်တယ် မရောက်ဘူး မိမိမသိပါကြောင်း။

### တစ်ဆုပေးရေးဆိုတာကို အတည်ပြု

ကဗျာဆုနဲ့ မပတ်သက်တဲ့ ပြဿနာတွေလည်း အချက် ၄၀ တက်လာပါကြောင်း၊ ဒီအချက် ၄၀ တက်လာတဲ့ဟာက အစိုးရက လိုက်နာကျင့်သုံးဖို့၊ ဆောင်ရွက်ဖို့ဆိုတာ လုံးဝမပါပါကြောင်း၊ မိမိတို့ လွတ်လပ်တဲ့ အသံ၊ လွတ်လပ်တဲ့ စာရေးဆရာများ အားလုံးကတင်လိုက်သည့် ဆုံးဖြတ်ချက်များဖြစ်ပါကြောင်း၊ ဒီကိစ္စက တကယ်ဆုံးဖြတ်ပြီး ဆုပေးရတာက အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ပေးရတာဖြစ်သည့်အတွက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက တရားမျှမျှတတကြည့်ပြီး တစ်ဆုပေးရေးဆိုတာကို အတည်ပြုလိုက်ခြင်း ဖြစ်ပါကြောင်း။

အတည်ပြုလိုက်တာမှာ တစ်ခုတော့ရှိပါကြောင်း၊ အဲဒီတုန်းက သဘောတူညီချက်နှင့် တစ်ဆုပေးမလား၊ နှစ်ဆုပေးမလား ဆိုတာမှာ နှစ်ဆုပေးရေးသမားတွေက ၂၃ ယောက်ရှိပါကြောင်း၊ အဲဒီ ၂၃ ယောက်စလုံးက တစ်ဆုပေးရေးသဘောတူလို့ ၂၃ ယောက်စလုံးက ထွက်မသွားပါကြောင်း၊ ဒီလိုထွက်တယ်ဆိုတာကလည်း သိပ်သဘာဝတော့ မကျလှပါဘူးဟု မိမိ ထင်ပါကြောင်း၊ ဒီထဲမှာငါတို့များ နိုင်မလားဆိုပြီး voting လုပ်ပြီးတော့ ကိုယ်ရှုံးတာနဲ့ ထွက်တယ်ဆိုတာ သိပ်သဘာဝ မကျပါကြောင်း၊ အဲဒီကိစ္စမျိုးကလည်း စာရေးဆရာများ၊ ပညာရှင်များ၊ ပြည်သူကနေ ကြည့်နေရသည့် စာရေးဆရာများ အနေဖြင့် ကိုယ့်သိက္ခာကိုယ် ယုံယုံကြည်ကြည်နှင့် စဉ်းစားတတ်ဖို့ ကောင်းပါကြောင်း။

ဒုတိယက ကဗျာဆုကိစ္စဖြစ်ပါကြောင်း၊ ကဗျာရဲ့ခေတ်ပေါ်တိုးတက်မှုက မိမိတို့ နိုင်ငံတင်မဟုတ်ဘဲ ကမ္ဘာကြီးမှာလည်း အကုန်လုံးပြောင်းလဲလာပြီ ဖြစ်ပါကြောင်း၊ အဲဒီအပြောင်းအလဲကြီးတစ်ခုက သမိုင်းရေစီးကြောင်းကြီး တစ်ခုဖြစ်လာပြီ ဖြစ်ပါကြောင်း၊ ဒါကို မိမိတို့ ငြင်းပယ်လို့ မရပါကြောင်း၊ သမိုင်းရေစီးကြောင်းကြီးကို မတားကြပါနဲ့၊ တားလို့မရပါကြောင်း ပြောကြားသည်။

### အထင်အမြင် လွဲအောင်ပြောနေ

ထို့နောက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီအဖွဲ့ဝင် ဦးခင်မောင်စိုး(မောင်သာမည) က ရှင်းလင်း ပြောကြားရာတွင် အထင်အမြင်လွဲတာတွေ၊ အချက်အလက် လွဲတာတွေ ရှိပါကြောင်း၊ အချက်အလက်လွဲတာဆိုလျှင် ပြန်ကြားရေးဝန်ကြီး ဒေါက်တာဖေမြင့်က အဲဒီလိုကတိပေးတယ်ဆိုသည်မှာ ဒါအချက်အလက်အလွဲကြီး ဖြစ်ပါကြောင်း၊ ညီလာခံကြီးကနေပြီး ဒီဟာလေးတွေတော့ဖြင့် စဉ်းစားစေချင်ပါတယ်၊ ကဗျာက နှစ်ဆု၊ သုံးဆု၊ လေးဆု၊ ငါးဆုစသဖြင့် ပေးချင်တယ်ဆိုရင် သူကနေပြီး ဒီအဖွဲ့ကို ညီလာခံကဖြင့် ကျွန်တော့်ကို ပြောလိုက်တယ်၊ အဲဒီတော့ ဒီမှာ ခင်ဗျားတို့ကနေပြီး ဘယ်လို ဖြစ်သင့်တယ်ဆိုပြီး ခင်ဗျားတို့ဘာသာဆွေးနွေး၊ အဲဒါကိုလည်း ပြီးခဲ့တဲ့ အစည်းအဝေးမှာ သူအဲဒီအတိုင်းပဲ ပြောပါကြောင်း၊ အဲဒါကလည်း အချက်အလက်လွဲအောင်၊ အထင်အမြင် လွဲအောင်ပြောနေတာ ဖြစ်ပါကြောင်း။

### စာပေသမိုင်းမှာ ပြန်ပြီးကြည့်လျှင် သိနိုင်

နောက် ဆရာဖေမြင့်က ပေးထားတဲ့ကတိကို အကောင်အထည်မဖော်ဘူးဆိုပြီး ပြောတာကတော့ သူတို့က ခေတ်ကို မျက်ခြည်ပြတ်သွားသည်ဟု ထင်ပါကြောင်း၊ ခေတ်ကို မျက်ခြည်ပြတ်သွားသည်ဆိုသည်မှာ အရင်ခေတ်တွေဆိုရင်တော့ ရကောင်း ရနိုင်ပါကြောင်း၊ အဲဒီအနေအထားမျိုးမှာ ထိပ်ဆုံးက ဝန်ကြီးကပြောလိုက်ရင် ပြီးရောဆိုတဲ့ဟာမျိုးက သူတို့ ကိုယ်တိုင်က လွဲနေတာဖြစ်ပါကြောင်း၊ နောက်တစ်ခုက ဒီအဖွဲ့အစည်းက အမိန့်နာခံတတ်တဲ့အဖွဲ့အစည်းလို့ ထင်နေခြင်းဖြစ်ပါကြောင်း၊ အရင်တုန်းကအတိုင်း အထက်ကနေ ဝန်ကြီးတစ်ယောက် ပြောလိုက်မယ်၊ ခေါင်းဆောင်တစ်ယောက်က ပြောလိုက်မယ်၊ အဲဒီအတိုင်း မိမိတို့က လိုက်လုပ်ရပါကြောင်း၊ အဲဒါတွေက စာပေသမိုင်းမှာ ပြန်ပြီးကြည့်လျှင် သိနိုင်ပါကြောင်း။

နောက်တစ်ခု အထင်အမြင်လွဲတာက နှစ်ဆုမပေးချင်တာ ဘာထိခိုက်မှာမို့လို့လဲ၊ ပိုက်ဆံမရှိရင် ပိုက်ဆံရှာမယ် ဆိုတာမျိုး၊ မိမိတို့က တခြားသူကို ပိုက်ဆံမရစေချင်လို့ တစ်ဆုပဲပေးတယ်ဆိုတဲ့ ပုံစံမျိုးဖြစ်ပါကြောင်း၊ စာပေဆုဆိုတာ ငွေရေးကြေးရေးကို အဓိကထားတာ မဟုတ်ပါကြောင်း၊ စာပေဂုဏ်သိက္ခာကို ချီးမြှင့် ခြင်းဖြစ်ပါကြောင်း၊ အဲဒါကိုလည်း အခုတက်ရောက်လာသည့် သတင်းထောက်များက အများပြည်သူသိအောင် မေးခွန်းတွေထုတ်ပါ၊ ပြန်ပြီးတော့လည်း တင်ပြကြပါလို့ ပြောလိုပါကြောင်း ပြောကြားသည်။

### ပြန်လည်ရှင်းလင်းဖြေကြား

ယင်းနောက် တက်ရောက်လာကြသည့် စာပေပညာရှင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြရာ ၂၀၁၇ ခုနှစ်အတွက် အမျိုးသား စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေး ကော်မတီကို ဥက္ကဋ္ဌ စည်သူဒေါက်တာဦးသော်ကောင်း၊ ဒုတိယ ဥက္ကဋ္ဌများအဖြစ် ဒေါက်တာခင်အေး (မောင်ခင်မင်- ဓနုဖြူ)နှင့် ဦးခင်မောင်စိုး (မောင်ပေါ်ထွန်း)၊ အတွင်းရေးမှူး ဦးသန်းအုန်း (မောင်ဇေယျာ)၊ တွဲဖက်အတွင်းရေးမှူးများအဖြစ် ဦးကြည်ဝင်း (လောကအမွန်)နှင့် ဦးဌေးဝင်း (မောင်လင်းရိပ်) တို့အပါအဝင် စာပေပညာရှင် ၆၅ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

၂၀၁၇ ခုနှစ်အမျိုးသားစာပေဆုရွေးချယ်နိုင်ရေးအတွက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာ၊ စာပဒေသာ၊ ပြဇာတ်စာပေ၊ မြန်မာယဉ်ကျေးမှုနှင့် အနုပညာ၊ ကလေးစာပေ၊ လူငယ်စာပေ၊ ဘာသာပြန်(သုတ / ရသ)၊ သုတပဒေသာ(ဝိဇ္ဇာ)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ / အသုံးချသိပ္ပံ)၊ နိုင်ငံရေးစာပေ၊ အင်္ဂလိပ်ဘာသာ (သုတ / ရသ)၊ အက်ဆေးစာပေနှင့် ရည်ညွှန်းစာပေဟူ၍ အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးစံများထိန်းသိမ်းရေး

ရဲမြတ်အောင်

**ကမ္ဘာမြေပေါ်တွင် လူသားမျိုးနွယ်များပေါ်ပေါက်လာကတည်းကပင် မိမိတို့လူသားများသည် မတူညီသောသဘာဝပတ်ဝန်းကျင်ကို ပြန်လည်တုံ့ပြန်ရင်ဆိုင်ရင်း မတူကွဲပြားသော ယဉ်ကျေးမှုများကို တည်ဆောက်လာခဲ့ကြသည်။ ယင်းတို့မှာရိုးရာလက်မှုပညာများ၊ ယုံကြည်ကိုးကွယ်မှုများ၊ လူသားတို့၏ မွေးဖွားလာချိန်မှစ၍ သေဆုံးချိန်အထိသဘာဝတရားကို တုံ့ပြန်ရင်ဆိုင်နိုင်ရန် မိမိတို့ဘိုးဘွားအစဉ်အဆက် ဆက်ခံကျင့်သုံးခဲ့ကြသော နှုတ်ပြောအစဉ်အလာများ၊ ဖြေဖျော်တင်ဆက်မှုအနုပညာများ၊ လူမှုရေးအလေ့အထများ၊ ပူဇော်ပသမှုများ၊ ရိုးရာပွဲတော်များ၊ သဘာဝနှင့်စကြဝဠာဆိုင်ရာ အယူအဆများ၊ လက်မှုပညာများ ဖြစ်ကြပါသည်။**

**ယဉ်ကျေးမှုဆိုင်ရာ ပဋိညာဉ်စာတမ်း ရေးဆွဲချမှတ်**

UNESCO အဖွဲ့ကြီးက ယင်းတို့ကို ဒြပ်မဲ့ယဉ်ကျေးမှုများ (Intangible Cultural Heritage) ဟု ၂၀၀၃ ကွန်ဗင်းရှင်းတွင် သတ်မှတ်ခေါ်ဆိုခဲ့ပါသည်။ ဒြပ်မဲ့ယဉ်ကျေးမှုဆိုသည်မှာ တစ်နည်းအားဖြင့်ဆိုရလျှင် မိမိတို့၏ဘိုးဘွားများ အစဉ်အဆက် လက်ခံကျင့်သုံးလာခဲ့ပြီး မိမိတို့လက်ထက်တွင်လည်း ဆက်လက် လက်ခံကျင့်သုံးလျက်ရှိသည့် ထုံးတမ်းစဉ်လာများ၊ ပညာရပ်များ ဖြစ်ကြပါသည်။ ထိုကဲ့သို့ နိုင်ငံအသီးသီး၊ လူမျိုးအသီးသီးတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုများသည် တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားမှုများရှိသကဲ့သို့ အချို့သောယဉ်ကျေးမှုများမှာ နီးနီးကပ်ကပ် တူညီနေသည်လည်း ရှိကြပါသည်။ UNESCO က နိုင်ငံအသီးသီးရှိ ဒြပ်မဲ့ယဉ်ကျေးမှုများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ၂၀၀၃ ခုနှစ်တွင် ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာပဋိညာဉ်စာတမ်း [(Convention for Safeguarding of Intangible Cultural Heritage (2003)] ကို ရေးဆွဲ ချမှတ်ခဲ့ပြီးယခုအခါ နိုင်ငံပေါင်း ၁၇၅ နိုင်ငံပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။

ဤသဘောတူညီချက် ကို ၂၀၀၃ ကွန်ဗင်းရှင်းဟု ရည်ညွှန်းပြောဆိုလေ့ရှိပါသည်။ အဆိုပါသဘောတူညီချက် က (က) ဒြပ်မဲ့ယဉ်ကျေးမှုများကို ကာကွယ်စောင့်ရှောက်ရန်၊ (ခ) လူ့အဖွဲ့အစည်း၊ မျိုးနွယ်စု၊ အစုအဖွဲ့ တစ်ဦးချင်းစီ၏ ဒြပ်မဲ့ယဉ်ကျေးမှုများကိုလေးစားတန်ဖိုးထားတတ်စေရန်၊ (ဂ) ဒေသတွင်း၊ နိုင်ငံတွင်းတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ၏အရေးပါပုံကို ပိုမိုသိရှိလာစေရန် အသိပညာပေးရန်နှင့် ထိုသို့ဆောင်ရွက်ခြင်းဖြင့် အပြန်အလှန်တန်ဖိုးထား လေးစားကြစေရန်၊ (ဃ) အပြည်ပြည်ဆိုင်ရာအကူအညီအထောက်အပံ့များ ထောက်ပံ့ပေးနိုင်ရန်တို့ကို ရည်ရွယ်ပါသည်။

**ဒြပ်မဲ့ယဉ်ကျေးမှုဆိုသည်မှာ**

ဒြပ်မဲ့ယဉ်ကျေးမှုဆိုသည့်စကားကို မူရင်းအင်္ဂလိပ်ဘာသာ Intangible culture ဆိုသည့် စကားလုံးမှ ဆီလျော်အောင်ဘာသာပြန်ထားခြင်းဖြစ်ပါသည်။ စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှုများဟုလည်း အချို့က အဓိပ္ပာယ်ဖွင့်ဆိုကြသလို အချို့ကလည်း အတတ်ပညာပိုင်းဆိုင်ရာ ယဉ်ကျေးမှုဟုလည်း ခေါ်ဝေါ်ကြသည်။ ကိုရီးယားနှင့် ဂျပန်နိုင်ငံများက formless culture ဟုလည်း ခေါ်ကြပါသည်။ မည်သို့ပင် အခေါ်အဝေါ်များခြားနားစေကာမူ ဒြပ်မဲ့ယဉ်ကျေးမှုဆိုသည်မှာ မိမိတို့ လူသားမျိုးနွယ်တို့ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းလာခဲ့ကြသည့် ဓလေ့ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုများဖြစ်ကြပါသည်။

၂၀၀၃ ကွန်ဗင်းရှင်းအရ ဒြပ်မဲ့ယဉ်ကျေးမှုများဆိုသည်မှာ လူ့အဖွဲ့အစည်း၊ အုပ်စု၊ ပုဂ္ဂိုလ်တစ်ဦးဦးက ယင်းတို့၏အမွေအနှစ်အဖြစ် လက်ခံထားကြသည့် အစဉ်အလာအလေ့အထများ၊ ဖော်ပြချက်များ၊ အသိပညာများ၊ ကိုယ်စားပြုမှုများ၊ စွမ်းရည်များနှင့် ဆက်စပ်ပေါင်းစည်းလျက်ရှိသော ကိရိယာတန်ဆာပလာများ၊ အရာဝတ္ထုများ၊ အသုံးအဆောင်များနှင့် ယဉ်ကျေးမှုနေရာများကို ဆိုပါသည်။ ယင်းဒြပ်မဲ့ယဉ်ကျေးမှုများကို လူသားများသည် မိမိတို့ မျိုးဆက်တစ်ခုမှ တစ်ခုသို့ အဆင့်ဆင့်လက်ဆင့်ကမ်းပေးလာခဲ့ကြပြီး ဆက်လက်ရှင်သန်စေရန်အတွက် မျိုးဆက်သစ်များက မိမိတို့၏သမိုင်း၊ သဘာဝပတ်ဝန်းကျင်တို့နှင့် လိုက်လျောညီထွေရှိစေရန်အတွက် မူရင်းစရိုက်လက္ခဏာကို မပျောက်ပျက်စေဘဲ ပြောင်းလဲတီထွင် ဆန်းသစ်ခြင်းဖြင့် မိမိတို့၏ ရိုးရာဓလေ့များကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြပါသည်။ ထို့ကြောင့် ဒြပ်မဲ့ယဉ်ကျေးမှုဆိုသည်မှာ မိမိတို့ဘိုးဘွားများလက်ထက်က ရှိခဲ့ပြီး လက်ဆင့်ကမ်းရရှိလာခဲ့သည့် ရိုးရာဓလေ့ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုများ ဖြစ်ပါသည်။ လူသားတို့က သဘာဝတရားကို ပြန်လည်တုံ့ပြန်ရင်ဆိုင်ရန် စဉ်းစားတွေးခေါ်ကာ လူသားတို့ပြုလုပ်သုံးစွဲလာသည့် အရာဝတ္ထုများ၊ ရာသီဥတုအပြောင်းအလဲအပေါ်မူတည်၍ မိမိတို့၏ ခံစားချက်များကို ဖော်ကျူးသည့် ဖော်ပြချက်များ၊ ပွဲတော်များ၊ သဘာဝစကြဝဠာအပေါ် နားလည်သဘောပေါက်မှုများ၊ ပုံပြင်များ စသည့်များပြားလှစွာသောအရာများသည် လူသားများ၏ ဒြပ်မဲ့ယဉ်ကျေးမှုများ ဖြစ်ကြပါသည်။ ယူနက်စကို၏ ၂၀၀၃ ကွန်ဗင်းရှင်းပါ သတ်မှတ်ချက်များအရ ဒြပ်မဲ့ယဉ်ကျေးမှုတွင် အောက်ပါ နယ်ပယ် (Domain) ငါးခု ပါဝင်ပါသည်-

(က) ပါးစပ်ရာဇဝင်နှင့်ဖော်ပြချက်များ၊ ဘာသာစကားများ

(ခ) ဖျော်ဖြေတင်ဆက်မှု အနုပညာများ

(ဂ) လူမှုရေးအစဉ်အလာ အလေ့အထများ၊ ရိုးရာဓလေ့များနှင့် ပွဲတော်များ

(ဃ) သဘာဝနှင့်စကြဝဠာဆိုင်ရာဗဟုသုတနှင့် ရိုးရာအစဉ်အလာဓလေ့များ

(င) ရိုးရာလက်မှုပညာရပ်များ တို့ဖြစ်ပါသည်။

ဖော်ပြပါနယ်ပယ်များကို တစ်ခုနှင့်တစ်ခု အတိအကျ ပိုင်းခြားထားခြင်းမရှိဘဲ ဒြပ်မဲ့ယဉ်ကျေးမှုနယ်ပယ်တစ်ခုသည် အခြားနယ်ပယ်များတွင် ရောယှက်ပါဝင်လျက်ရှိပါသည်။ ဥပမာအားဖြင့် တိုင်းရင်းသားရိုးရာဓလေ့ပွဲတော်တစ်ခုတွင် ဖျော်ဖြေတင်ဆက်မှု အနုပညာများ၊ ရိုးရာလက်မှုပညာများ၊ အဝတ်အစားများနှင့် သဘာဝတရား၏ နားလည်မှုကို ဖော်ပြနေသော ဖော်ပြချက်များပါဝင်ပါသည်။ ထို့အတူ ပွဲတော်များတွင်လည်း သီချင်း၊ အက၊ ဇာတ်သဘင်၊ အစားအသောက်၊ ရာဇဝင်နှင့်ဇာတ်စာ ဇာတ်စကားများ၊ လက်မှုပညာပစ္စည်းများ၊ အားကစားနှင့် အခြားဖျော်ဖြေတင်ဆက်မှုများစသည့် ဒြပ်မဲ့ယဉ်ကျေးမှုအရာများစွာ ပါဝင်ပါသည်။

အထက်ပါဥပမာများကို ကြည့်ခြင်းအားဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုများမှာဒြပ်ရှိအရာများနှင့် ပေါင်းစပ်တည်ရှိနေကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခုတွင် အရာဝတ္ထုများစွာ ပါဝင်ပြီး Domain ပေါင်းစုံပါဝင်ပါသည်။ တစ်နည်းအားဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခုသည် မည်သည့်နယ်ပယ်တွင် (Domain) ပါဝင်ရမည်ဟု အတိအကျ သတ်မှတ်ရန်မလွယ်ကူပါ။ နိုင်ငံများက မိမိတို့နှင့်သင့်တော်မည့် နယ်ပယ်စနစ် (Domain system)ကိုအသုံးပြုကြပါသည်။ UNESCO ၏ Domain system တွင် ပြောင်းလဲထည့်သွင်းခွင့်ကို ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြ ထားပါသည်။ အချို့နိုင်ငံများက ယင်းနယ်ပယ်များကို အသေးစိတ်ကျကျခွဲခြားသတ်မှတ်သလို အချို့နိုင်ငံများက ခြုံငုံပြီးနယ်ပယ်အလိုက် သတ်မှတ်သည်လည်းရှိပါသည်။ ရှိပြီးသားနယ်ပယ်ကို ထပ်မံဖြည့်စွက်လိုက ဖြည့်နိုင်ပြီး နယ်ပယ်အောက်တွင် အမျိုးအစားသစ်များ ထပ်မံဖြည့်စွက်လိုက ဖြည့်နိုင်ပါသည်။ အဓိကအားဖြင့် ၂၀၀၃ ကွန်ဗင်းရှင်းသည် လူသားမျိုးနွယ်များ၏ ယဉ်ကျေးမှုများနှင့်ပတ်သက်၍ မှတ်တမ်းတင်ရာတွင် ပြီးပြည့်စုံမှု (Exclusive)မရှိဘဲ မတူကွဲပြားသည့် ယဉ်ကျေးမှုများအမျိုးအစားစုံလင်စွာ ပါဝင်စေရေး (Inclusive)ကိုသာ ရည်ရွယ်ပါသည်။

**ပြည်ထောင်စုတိုင်းရင်းသားတို့၏ရိုးရာဓလေ့ထုံးစံများထိန်းသိမ်းရေး**

ပြည်ထောင်စုမြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်နေထိုင်လျက်ရှိပြီး မျိုးနွယ်စုများအလိုက် ဓလေ့ထုံးစံယဉ်ကျေးမှုများစုံလင်စွာရှိပါသည်။ ရိုးရာပွဲတော်များ၊ တေးဂီတများ၊ ရှေးရိုးပုံပြင်၊ ရိုးရာဘာသာစကားနှင့် စာပေအရေးအသားများ၊ ရိုးရာအားကစား၊ လူမှုရေးရိုးရာအစဉ်အလာများ၊ ရိုးရာစီးပွားရေးစနစ်များ၊ လူမှုအဖွဲ့အစည်း ရိုးရာစနစ်များ၊ ရိုးရာအခမ်းအနားများ၊ ရိုးရာအသိပညာဗဟုသုတများ၊ ရိုးရာပညာရှင်များ၊ ပါရမီရှင်များ၊ တိုင်းရင်းဆေးပညာများ၊ ပန်းချီ၊ ပန်းပုစသည့် ရိုးရာပန်းဆယ်မျိုးပညာများ၊ ရိုးရာဗိသုကာပညာ၊ ရိုးရာအဝတ်အစားနှင့် ဝတ်စားဆင်ယင်မှု၊ ရိုးရာအစားအသောက်၊ ရိုးရာသွားလာသယ်ယူပို့ဆောင်ရာတွင် အသုံးပြုသော ယာဉ်၊ လှည်းစသည်တို့မှာ ပြည်ထောင်စုတိုင်းရင်းသားများ၏သမိုင်းကြောင်း၊ ပထဝီအနေအထား၊ သဘာဝပတ်ဝန်းကျင် အနေအထားများနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြုပြင်ပြောင်းလဲတီထွင်ပြီး ဘိုးဘွားအစဉ်အဆက်လက်ဆင့်ကမ်းလာခဲ့ကြသော ဒြပ်မဲ့ယဉ်ကျေးမှုများ ဖြစ်ကြပါသည်။

အဆိုပါဒြပ်မဲ့ယဉ်ကျေးမှုများကိုပိုမို၍ စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရန်နှင့် မိမိတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုများကို နိုင်ငံတကာအဆင့်မှတ်တမ်းတင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ၂၀၁၄ ခုနှစ်တွင် UNESCO ၏ ၂၀၀၃ ကွန်ဗင်းရှင်းတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။ ကွန်ဗင်းရှင်း၏ပြဋ္ဌာန်းချက်အပိုဒ် (၁၁)၊ (၁၂)၊ (၁၃)တို့အရ မိမိတို့၏ ပြည်ထောင်စုအတွင်းတည်ရှိနေသော ဒြပ်မဲ့ ယဉ်ကျေးမှုများကို စာရင်းကောက်ယူခြင်းမှာ အရေးကြီးသောလုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။

**ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖော်ထုတ်ခြင်း**

မြန်မာနိုင်ငံရှိဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းမြှင့်တင်နိုင်ရေးနှင့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေးအတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီကိုဖွဲ့စည်းပြီး မြန်မာနိုင်ငံရှိဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကိုဖော်ထုတ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့်စာရင်းပြုစုခြင်း၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ခြင်းလုပ်ငန်းများ ရေရှည်တည်တံ့စေရန် စီမံချက်များရေးဆွဲဆောင်ရွက်ခြင်း၊ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေများပြဋ္ဌာန်းနိုင်ရေးမူကြမ်း ရေးဆွဲခြင်းစသည့် လုပ်ငန်းများကို ကြိုးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါကော်မတီတွင် သာသနာရေး နှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး ပြည်ထဲရေး ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယဉ်ကျေးမှုနှင့် သက်ဆိုင်သော ဝန်ကြီးများက အဖွဲ့ဝင်များအဖြစ်ပါဝင်ကြပါသည်။ အဆိုပါမြန်မာနိုင်ငံအမျိုးသား ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်း မြှင့်တင်ရေးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ၂၉.၁၂.၂၀၁၇ ရက်နေ့တွင် ကျင်းပခဲ့ပြီး လက်ရှိစာရင်းပြုစုပြီးသော ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များစာရင်းကို မှတ်တမ်းတင်ခြင်း၊ ပြည်ထောင်စုတစ်ဝန်းလုံးရှိ ဒြပ်မဲ့ယဉ်ကျေးမှုများ ပိုမိုစုံလင်စွာပါဝင်စေရန်အတွက် စာရင်းကောက်ယူခြင်းလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်ရန် ပြည်နယ်နှင့်တိုင်းဒေသကြီးများအဆင့် လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်း၊ မြန်မာ့ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေ (မူကြမ်း) ရေးဆွဲခြင်းစသည့် ဒြပ်မဲ့ယဉ်ကျေးမှုထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

ယင်းအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ချက်များအရ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နှင့် ပတ်သက်၍ ပြည်သူလူထုအား အသိပညာဗဟုသုတတိုးပွားစေရန်အတွက် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဒြပ်မဲ့ယဉ်ကျေးမှုများကို အမျိုးသားအဆင့်၊ တိုင်းဒေသကြီး / ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်များ ခွဲခြားသတ်မှတ်ထိန်းသိမ်းရန်အတွက်လည်း အခြေခံကျသည့် စာရင်းပြုစုကောက်ယူခြင်းများကို သက်ဆိုင်ရာဌာနခွဲများက ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာဓလေ့ထုံးစံများစုံလင်စွာ ပါဝင်စေရန်၊ လွဲမှားမှု မရှိစေရန်နှင့် မကျန်ရှိစေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းကော်မတီများကိုဖွဲ့စည်းထားရှိပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသခံပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စာပေယဉ်ကျေးမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ခြင်း၊ စာရင်းပြုစုခြင်းနှင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ အချုပ်အားဖြင့်ဆိုသော် မိမိတို့၏ဒြပ်မဲ့ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်များတွင် ပြည်သူများ၊ သက်ဆိုင်ရာပညာရှင်များ၊ ရိုးရာလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ စသည့်သက်ဆိုင်ရာအဖွဲ့အစည်းများ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ရည်မှန်းထားသည့်အတိုင်း အောင်မြင်စွာဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

> **"၂၀၀၃ ကွန်ဗင်းရှင်းအရ ဒြပ်မဲ့ယဉ်ကျေးမှုများဆိုသည်မှာ လူ့အဖွဲ့အစည်း၊ အုပ်စု၊ ပုဂ္ဂိုလ်တစ်ဦးဦးက ယင်းတို့၏အမွေအနှစ်အဖြစ် လက်ခံထားကြသည့် အစဉ်အလာအလေ့အထများ၊ ဖော်ပြချက်များ၊ အသိပညာများ၊ ကိုယ်စားပြုမှုများ၊ စွမ်းရည်များနှင့် ဆက်စပ်ပေါင်းစည်းလျက်ရှိသော ကိရိယာတန်ဆာပလာများ၊ အရာဝတ္ထုများ၊ အသုံးအဆောင်များနှင့် ယဉ်ကျေးမှုနေရာများကို ဆိုပါသည်"**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပျိုးပင်ပေါင်း ၇၅၄၅၈၀ ပျိုးထောင်ထား

**မုံရွာ ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီးရှိ ခရိုင်ကိုးခုတွင် လူထုသို့ဖြန့်ဝေခြင်း၊ စုပေါင်းစိုက်ပျိုးခြင်းများလုပ်ဆောင်ရန် အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းမိုးရာသီတွင် ပျိုးပင်ပေါင်း ၇၅၄၅၈၀ ကို မြို့နယ်သစ်တော ဦးစီးဌာနပျိုးဥယျာဉ်များတွင် ပျိုးထောင်ထားပြီးဖြစ်ကြောင်း တိုင်းဒေသကြီးသစ်တောဦးစီးဌာနမှ သိရသည်။

"အခုနှစ်မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းလုပ်တဲ့ အခါမှာ စုပေါင်းစိုက်ပျိုးတဲ့ပွဲကို တက်ရောက်တဲ့ ပြည်သူတွေကိုလည်း အရိပ်ရပင်တွေ၊ လေကာပင်တွေနဲ့ ပန်းအလှပျိုးပင်တွေကို အခမဲ့ဖြန့်ဝေပေးမှာပါ၊ မတက်ရောက်နိုင်တဲ့ ပြည်သူတွေအနေနဲ့လည်း စိုက်ပျိုးချင်တယ်ဆိုရင် သက်ဆိုင်ရာမြို့နယ်မှာရှိတဲ့ သစ်တော ပျိုးဥယျာဉ်တွေမှာ သွားရောက်တောင်းယူစိုက်ပျိုးနိုင်ပါတယ်"ဟု တိုင်းဒေသကြီးသစ်တောဦးစီးဌာနဦးစီးမှူး ဦးသန်းစိုးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်နှင့် ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ်ရှစ်ခုတွင် ပျိုးပင်ပေါင်း ၂၀၇၉၈၀၊ စစ်ကိုင်းခရိုင်အတွင်းရှိ မြို့နယ်သုံးခုတွင် ပျိုးပင်ပေါင်း ၁၁၁၅၀၀၊ ရွှေဘိုခရိုင်နှင့်ကန့်ဘလူခရိုင်အတွင်း မြို့နယ်ရှစ်ခုတွင် ပျိုးပင်ပေါင်း ၁၉၉၈၀၀ ၊ ကသာခရိုင်အတွင်းရှိ မြို့နယ် ခုနစ်ခုတွင် ပျိုးပင်ပေါင်း ၁၂၉၇၀၀ ၊ ကလေးခရိုင်အတွင်းရှိ မြို့နယ်သုံးခုတွင် ပျိုးပင်ပေါင်း ၅၇၆၀၀ ၊ တမူးခရိုင် တမူးမြို့နယ်တွင် ပျိုးပင်ပေါင်း ၁၅၀၀၀ ၊ မော်လိုက်ခရိုင်အတွင်းရှိ မြို့နယ်နှစ်ခုတွင် ပျိုးပင်ပေါင်း ၂၅၀၀၀ ပင်၊ ခန္တီးခရိုင်အတွင်းရှိ မြို့နယ်နှစ်ခုတွင် ပျိုးပင်ပေါင်း ၁၈၀၀၀ တို့ကို ပျိုးထောင်ထားပြီးဖြစ်ကြောင်း သိရသည်။

ဝင်းဦး(ဧယျာတိုင်း)

# ၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက်မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ အသိပေးကြေညာခြင်း

**၂၀၁၈ ခုနှစ်၊ ဇွန် ၇**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် လစ်လပ်မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်အမှတ် (၆၀/၂၀၁၈) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ လစ်လပ်မဲဆန္ဒနယ်များအတွက် ပြည်တွင်းရှိမဲဆန္ဒနယ်၊ ပြင်ပရောက်မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာနတည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊

(ခ) သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ (၂၄-၈-၂၀၁၈) ရက်အရောက်ပေးပို့သွားရန်၊

(ဂ) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ (၃-၁၀-၂၀၁၈) ရက်အရောက် ပေးပို့ရန်၊

(ဃ) သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် (၅-၁၀-၂၀၁၈)ရက်မှ (၁၂-၁၀-၂၀၁၈) ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊

(င) ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ (၃-၁၁-၂၀၁၈) ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

၃။ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် အပိုဒ်၂ (ဃ) ပါ ကြိုတင်ဆန္ဒမဲပေးမည့်ရက်ကို မိမိတို့ဌာနတည်ရှိရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ အနည်းဆုံး (၃) ရက် ကြိုတင်အကြောင်းကြား၍ ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်သည်။

၄။ ဆေးရုံများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာနအောက်ရှိ ရဲအချုပ်စခန်း၊ အကျဉ်းစခန်းများတွင် (၂၄-၈-၂၀၁၈) ရက်နေ့ နောက်ပိုင်းတွင်မှ အကြောင်းအမျိုးမျိုးကြောင့် ဆေးရုံတက်ရောက်ကုသရသူများနှင့် အချုပ်ခံနေရသူများရှိပါက သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်သွားရန်ဖြစ်သည်။

၅။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပတွင်ရောက်ရှိနေသော သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများရှိ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် သက်ဆိုင်ရာ အကြီးအမှူးများက ပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း မေတ္တာရပ်ခံ အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း အမေရိကန်သံအမတ်ကြီးနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇွန် ၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန်မာစီရယ်နှင့် အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနှင့် အမေရိကန်နိုင်ငံကြား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်သည့် အလားအလာများ၊ ပတ်ဝန်းကျင်နှင့် သစ်တောကဏ္ဍ၊ ကျောက်မျက်နှင့် သတ္တုကဏ္ဍတို့တွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်သည့် လုပ်ငန်းများ၊ ကဏ္ဍအသီးသီးတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည့် အမေရိကန်စီးပွားရေးလုပ်ငန်းများနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ၊ ဝန်ကြီးဌာနနှင့် AMCHAM အကြား ပုံမှန်အစည်းအဝေးများ ကျင်းပသွားနိုင်ရေး ဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များတွင် အခြင်အတွယ်မပြည့်ဝကြောင်းတိုင်ကြားပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားရန် စီစဉ်ထား

နေပြည်တော် ဇွန် ၇

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ခြင်း(၅/၂၀၁၈)အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပသည်။** (ယာပုံ)



အခမ်းအနားတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဌေးအောင်က ရေနံဓာတ်ငွေ့ရည် လုပ်ငန်းလိုင်စင်များ ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းအနေဖြင့် ရေနံဓာတ်ငွေ့ရည် တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို စနစ်တကျ ပိုမိုကျယ်ပြန့်စွာ လုပ်ကိုင်နိုင်ရန်နှင့် ထိရောက်စွာ ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်နိုင်ရန်အတွက် လိုင်စင်အမျိုးအစား ခြောက်မျိုးအထိ ခွဲခြားသတ်မှတ်၍ စိစစ်ခွင့်ပြုခဲ့ပါကြောင်း။

ထို့ပြင် ရေနံဓာတ်ငွေ့ရည်ကို စီးပွားရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းနှင့် လူနေအဆောက်အအုံများတွင် အသုံးပြုလိုသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် စနစ်တကျသုံးစွဲနိုင်ရန် ရည်ရွယ်၍ ပိုက်လိုင်းကွန်ရက်စနစ် တပ်ဆင်အသုံးပြုခြင်းကို လိုင်စင်(ဆ)အဖြစ် သတ်မှတ်ထုတ်ပေးရန် စည်းကမ်းချက်များ သတ်မှတ်ပြီး ဖြစ်ပါကြောင်း။

ယူရီးယားဓာတ်မြေဩဇာစက်ရုံများ ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအနေဖြင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေဩဇာ စက်ရုံငါးရုံရှိသည့်အနက် အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံ (မြောင်းတကာ)နှင့် အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ(ကန်ကြီးထောင့်) စက်ရုံများတွင် သဘာဝဓာတ်ငွေ့ ရရှိမှုအခြေအနေအရ ပျမ်းမျှတစ်နေ့လျှင် ယူရီးယားဓာတ်မြေဩဇာ ၃၀၀ မက်ထရစ်တန်ခန့် ထုတ်လုပ်လျက်ရှိရာမှ သဘာဝဓာတ်ငွေ့ တိုးမြှင့်ရရှိမှုနှင့် စက်များပြုပြင်ပြီးစီးမှု အခြေအနေအရ ယခုအချိန်တွင် တစ်ရက်ပျမ်းမျှ ၃၂၅-၄၀၀ မက်ထရစ်တန်ခန့် ထုတ်လုပ်လျက်ရှိပါကြောင်း။

၂၀၂၀ ပြည့်နှစ်တွင် LNGတင်သွင်းပြီး သဘာဝဓာတ်ငွေ့ပိုမိုရရှိပါက ယူရီးယားဓာတ်မြေဩဇာ ပိုမိုထုတ်လုပ်သွားနိုင်မည်ဖြစ်ပြီး အမှတ်(၁) ဓာတ်မြေဩဇာစက်ရုံ(စလေ)၊ အမှတ် (၂) ဓာတ်မြေဩဇာစက်ရုံ(ကျွန်းချောင်း)၊ အမှတ်(၃)ဓာတ်မြေဩဇာစက်ရုံ (ကျော်စွာ)တို့တွင်လည်း ဓာတ်မြေဩဇာနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်အတွက် LOEI ခေါ်ယူသွားမည်ဖြစ်ပါကြောင်း။

ပြည်တွင်းစက်သုံးဆီ စျေးနှုန်းကြီးမြင့်နေခြင်းကို လျှော့ချနိုင်ရေးအတွက် မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၊ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ ထွက်ရှိသော ဓာတ်ဆီဂါလန် သုံးသန်းကို မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းသို့ ဓာတ်ဆီတစ်ဂါလန်လျှင် ငွေကျပ် ၃၂၀၀ နှုန်းဖြင့် ဇွန် ၂၄ ရက်မှစတင်၍ ဖြန့်ဖြူးရောင်းချပေးခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လှိုင်သာယာ-ကျိုက်လတ်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မိုးကောင်း-ဖားကန့်ဓာတ်အားလိုင်းနှင့် ဖားကန့်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ အင်အားတိုးမြှင့်ခြင်းနှင့် ဓာတ်အားလိုင်းအသစ်များ တည်ဆောက်နေမှု၊ အလင်းရောင်စီမံချက် One Stop Service (OSS) စနစ်ဖြင့် အိမ်သုံးမီတာများကို နေ့ချင်းပြီး တပ်ဆင်ပေးနေမှု၊ ရန်ကုန်တိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများနှင့်ပတ်သက်၍ ကြိုးပမ်းဖြေရှင်းဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့် ရေလှောင်ကန်များတွင် ရေသိုလှောင်ထားရှိမှု၊ စစ်တောင်းမြစ်ဖြတ် ၂၀ လက်မ ပိုက်လိုင်း HDD (Horizontal Directional Drilling) တူးဖော်ဆက်သွယ်မှု၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးနေမှု၊ ရေနံဓာတ်ငွေ့ရည်ကို CSR လုပ်ငန်းများအတွက်ဖြန့်ဖြူးမှု၊ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များတွင် သတ်မှတ်အခြင်အတွယ် ပြည့်မီမှုမရှိဟု သံသယရှိပါက ဝယ်ယူသုံးစွဲသူ ပြည်သူလူထုအနေဖြင့် ဆိုင်ရှိ စံခွက်ဖြင့် အချိန်မရွေး စစ်ဆေးနိုင်ပြီး အခြင်အတွယ်မပြည့်ဝကြောင်း တိုင်ကြားပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားရန် စီစဉ်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ၎င်းက ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြရာ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဌေးအောင်၊ ဦးစိုးမြင့်နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

**သတင်းစဉ်**



# ပျဉ်းမနားမြို့၌ မူးယစ်ဆေးဝါးအန္တရာယ် ... 

# ပျဉ်းမနားမြို့၌ မူခင်းကျဆင်းရေးအသိပညာပေး ဟောပြောပွဲကျင်းပ

**ပျဉ်းမနား ဇွန် ၇**

ပျဉ်းမနားမြို့၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၇ ရက် မွန်းလွဲ ၁ နာရီတွင် ပျဉ်းမနားမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိုက်ဝေဖြိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ဝင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စာရေးဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ဝင်းက မူခင်းပညာပေး ဟောပြောရာတွင် တက်ရောက်လာသော တာဝန်ရှိသူများ ပြန်လည်ဟောပြောနိုင်ရန် ကဏ္ဍသုံးခု ခွဲခြား၍ ပထမဦးစွာ လောင်းကစားမှုများ ပပျောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လောင်းကစားပြုလုပ်မှုကြောင့် ဆုံးရှုံးနစ်နာထိခိုက်မှုများ ဖြစ်ပွားတတ်ပြီး သက်ဆိုင်သော မိသားစုဝင်များသည် စိတ်သောက ရောက်တတ်ကြောင်းနှင့် မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲမှု မရှိစေရေးအတွက် ကျောင်းသား ကျောင်းသူများမှစ၍ ထိန်းကျောင်းပဲ့ပြင်ဆုံးမ၍ လူကြီး လူငယ်အားလုံး မူးယစ်ဆေးဝါးအန္တရာယ် ကင်းစင်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ သက်ငယ်မုဒိမ်းမှုများ လျော့နည်းကျဆင်းရေးအတွက် အသိပညာပေးမှုများနှင့်ပတ်သက်၍ ကလေးများအား အုပ်ထိန်းသူများအနေဖြင့် မုဒိမ်းသမားအခွင့်အရေး ရရှိနိုင်ခြင်းမရှိအောင် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ကြရန်နှင့် ဥပဒေရေးရာ အသိပညာများ ဟောပြောခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ဒုတိယဥက္ကဋ္ဌများ ပါဝင်သောအဖွဲ့နှင့် International Media Support မှ အာရှရေးရာဌာနမှူးနှင့် အဖွဲ့တို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဟံသာဝတီဦးအုန်းကြိုင်၊ ဒေါက်တာမျိုးသန့်တင်နှင့် တွဲဖက်အတွင်းရေးမှူး ဦးကျော်စွာမင်းတို့ပါဝင်သော အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင်လည်းကောင်း၊ International Media Support မှ အာရှရေးရာဌာနမှူး Mr.Lars Bestle နှင့် အဖွဲ့အား နံနက် ၁၁ နာရီတွင် လည်းကောင်း ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ဒုတိယဥက္ကဋ္ဌများနှင့် တွဲဖက်အတွင်းရေးမှူးတို့ ပါဝင်သောအဖွဲ့နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးဆိုင်ရာကိစ္စရပ်များ၊ သတင်းမီဒီယာဥပဒေ၊ သတင်းမီဒီယာ နည်းဥပဒေဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးကြသည်။

International Media Support မှ အာရှရေးရာဌာနမှူး Mr.Lars Bestle အဖွဲ့နှင့် တွေ့ဆုံစဉ် **(ယာပုံ)** မြန်မာနိုင်ငံ၏ သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ သတင်းထောက်များ မီဒီယာအရည်အသွေး တိုးတက်စေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ရုပ်မြင်သံကြား ဥပဒေပြင်ဆင်နေမှု အခြေအနေ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် International Media Support တို့ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**



# အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ လုပ်ငန်းညှိနှိုင်း



နေပြည်တော် ဇွန် ၇

**အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၆/၂၀၁၈)ကို ယနေ့နံနက် ၁၀ နာရီတွင် လည်းကောင်း၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၇/၂၀၁၈)ကို မွန်းလွဲ ၁ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီရေးရာဆောင် အမှတ်(၂၀) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။** (ဝဲပုံ)

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာအစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ကော်မတီအဖွဲ့ဝင်များက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များဖြစ်ပေါ်ခဲ့သည့် အဆိုနှင့် မေးခွန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးချက်များအပေါ် ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**

# သံအမတ်ကြီး ဦးမျိုးအေး ဘူလ်ဂေးရီးယားနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇွန် ၈**

ဘူလ်ဂေးရီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးအေးသည် ၎င်း၏ ခန့်အပ်လွှာကို မေ ၂၉ ရက်တွင် ဆိုဖီယာမြို့၌ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရူမန် ရာဒိဗ် ထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။ **သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် တောင်ကြီးမြို့တွင်းရှိ ရေနုတ်မြောင်း၊ လမ်းတံတားများ ကွင်းဆင်းကြည့်ရှု

**တောင်ကြီး ဇွန် ၇**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ပြည်နယ်စည်သာယာရေးဝန်ကြီးတို့နှင့်အတူ ဇွန် ၆ ရက် ညနေ ၃ နာရီခွဲက တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်နေ မောင်ဇင်မျိုးထက် (၁၀ နှစ်)သည် ရေစီးနှင့် မျောပါသေဆုံးခဲ့သော ငုဝါလမ်းရေချောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့မရပ်ကွက်ရှိ ရေနုတ်မြောင်းပြုပြင်နေမှု၊ ဇွန် ၅ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကြီးမြို့ ရွှေတောင်ရပ်ကွက် ရေဝပ်နေမှု၊ ဘုရားဖြူရပ်ကွက်ရှိ လေယာဉ်ကွင်းဟောင်းသွားလမ်း ရထားသံလမ်းဘေးရှိ ရေနုတ်မြောင်းတူးဖော်နေမှု၊ ကျောက်တလုံး လမ်းရှိ မြို့နယ်စည်ပင်သာယာရေးဌာနမှ ဆောင်ရွက်နေသော ရေနုတ်မြောင်းအသစ် ဆောင်ရွက်နေမှု လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကွန်ဖရင့် - ၂၀၁၈ ကျင်းပမည်

**နေပြည်တော် ဇွန် ၇**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကွန်ဖရင့် - ၂၀၁၈ (Myanmar Tourism Conference 2018) ကို ဇွန် ၁၂ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

▲ ရှေ့ဖုံးမှ

စာရင်းတင်သွင်းရာတွင် အသိအမှတ်ပြုသောအရာများမှာ ၎င်းမှတ်တမ်းအမွေအနှစ်များသည် ကမ္ဘာလုံးဆိုင်ရာ သိသာထင်ရှားမှု၊ အတုမရှိကြောင်း ဖော်ပြမှုနှင့် လူသားတို့အတွက် အစားထိုးမရနိုင်သော အမွေအနှစ်များဖြစ်မှုတို့ ဖြစ်သည်။

မှတ်တမ်းအမွေအနှစ်ဆိုသည်မှာ စာကြည့်တိုက်၊ ပြတိုက်နှင့် မော်ကွန်းတိုက်ဆိုင်ရာ စုဆောင်းမှုများဖြစ်သော ကျောက်စာ၊ လက်ရေးစာများ၊ တန်ဖိုးမဖြတ်နိုင်သော စာအုပ်များ၊ သတင်းစာများ၊ ဓာတ်ပုံနှင့် ပန်းချီကားများ၊ မြေပုံများ၊ ဖလင်များ၊ အသံနှင့် ဗီဒီယိုအခွေများ၊ စီဒီ၊ အသံမှတ်တမ်းများ၊ ဝက်ဘ်စာမျက်နှာများ၊ သတင်းအချက်အလက် အရင်းအမြစ်များ၊ စာရွက်စာတမ်း အထောက်အထားများ စသည်တို့ဖြစ်သည်။



**အာနန္ဒစန္ဒြ ကျောက်စာတိုင်**

အထက်ပါ မှတ်တမ်းအမွေအနှစ် များသည် လူသားအားလုံးနှင့် သက်ဆိုင်သောကြောင့် ယင်းအမွေအနှစ်များကို ပြုပြင်ထိန်းသိမ်းရန်နှင့် ကာကွယ်စောင့်ရှောက်ရန်၊ မှတ်တမ်းအမွေအနှစ်များအား သိမြင်အလေးထားမှုမြှင့်တင်ရန်နှင့် အပြန်အလှန်အလေးထားမှုရှိစေရန်အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ထောက်ပံ့ကူညီရေးတို့ လိုအပ်သည်။ ယင်းအချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် မှတ်တမ်းအမွေအနှစ်များအား ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းအဖြစ် သတ်မှတ်နိုင်ရန် ယူနက်စကို၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

ယူနက်စကို၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အစီအစဉ်ကို ၁၉၉၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး (၂)နှစ် တစ်ကြိမ် ကမ္ဘာအရပ်ရပ်မှတင်သွင်းသော မှတ်တမ်းအမွေအနှစ်များအား စိစစ်၍ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်စာရင်းသွင်းခဲ့ရာ ယခုအချိန်အထိ ကမ္ဘာတစ်ဝန်းမှ မှတ်တမ်းအမွေအနှစ်ပေါင်း ၃၄၈ ခုကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ပြီး ဖြစ်သည်။

ထို့အပြင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ရာတွင် ပိုမိုတိုးတက်ကောင်းမွန်လာစေရန်နှင့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရာတွင် အထောက်အကူဖြစ်စေရန်နှင့် အသိပညာများ တိုးပွားလာစေရန်ရည်ရွယ်၍ ၁၉၉၈ ခုနှစ်တွင် အာရှ- ပစိဖိတ်ဒေသတွင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ်ကော်မတီ (Memory of the World Committee for Asia and the Pacific MOWCAP)ကို တည်ထောင်ခဲ့သည်။ ထိုကော်မတီတွင် ဒေသတွင်းနိုင်ငံပေါင်း ၄၃ နိုင်ငံပါဝင်ပြီး ယူနက်စကို၏ အာရှ-ပစိဖိတ် ဒေသတွင်း ကော်မတီအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ယခုအချိန်အထိ အာရှ-ပစိဖိတ် ဒေသတွင်း နိုင်ငံပေါင်း ၁၈ နိုင်ငံတွင် အမျိုးသားကမ္ဘာ့မှတ်တမ်းအမွေအနှစ်ကော်မတီများ ဖွင့်လှစ်ထားရှိသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေဖော်ထုတ်ထိန်းသိမ်းလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သော ရှေးဟောင်းမြို့တော်များအား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းဆောင်ရွက်ခြင်း၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား စာရင်းကောက်ယူခြင်းနှင့် မှတ်တမ်းအမွေအနှစ်များအား ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းတင်သွင်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ယူနက်စကို၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အစီအစဉ်တွင် ၂၀၁၂ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံမှ မှတ်တမ်းအမွေအနှစ်များအား ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်း သတ်မှတ်နိုင်ရေး အမည်စာရင်းတင်သွင်းခဲ့ရာ ၂၀၁၃ ခုနှစ်တွင် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား ကျောက်စာများအား လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် မြစေတီ(ရာဇကုမာရ်)ကျောက်စာအပြင် ဂျာမနီနိုင်ငံမှ မြန်မာနိုင်ငံနှင့် ပူးတွဲတင်သွင်းသော မြန်မာဘုရင် အလောင်းဘုရားက ဗြိတိန်ဘုရင် ဂျော့-၂ ထံသို့ ပေးပို့ခဲ့သော ရွှေပြားပေါ်တွင် ရေးသားထားသည့် ရွှေပေလွှာအားလည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ရွှေစည်းခုံဘုရားရှိ ဘုရင့်နောင်မင်းတရားကြီး၏ ခေါင်းလောင်းစာအားလည်းကောင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်ခံခဲ့ရသည်။ ဘုရင့်နောင်မင်းတရားကြီး၏ ခေါင်းလောင်းစာအား ယူနက်စကို၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အစီအစဉ်သို့ တင်သွင်းခြင်းမပြုမီ ၂၀၁၅ ခုနှစ်တွင် အာရှ-ပစိဖိတ်ဒေသတွင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ်ကော်မတီ MOWCAP သို့ စာရင်းတင်သွင်းခဲ့ရာ ၂၀၁၆ ခုနှစ်တွင် အာရှ-ပစိဖိတ်ဒေသတွင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

အာနန္ဒစန္ဒြ ကျောက်စာတိုင်မှာ ဝေသာလီမြို့ဟောင်းမှ ရှစ်သောင်းပုထိုးတော်ကြီးသို့ အေဒီ ၁၅၃၆ ခုနှစ်တွင် မင်းဗာကြီး (၁၅၃၁-၁၅၅၃) မှ ပြောင်းရွှေ့စိုက်ထူထားခြင်းဖြစ်သည်။ ကျောက်စာတိုင်မှာ လေးမျက်နှာရှိပြီး အရှေ့ဘက်၊ အနောက်ဘက်နှင့် မြောက်ဘက်တို့တွင် အိန္ဒိယမြောက်ပိုင်းသုံး ရှေးအက္ခရာများဖြင့် ကျောက်တိုင်တစ်တိုင်တည်းတွင် အေဒီ ၆၀၀ မှ အေဒီ ၁၀၀၀ အတွင်းအနှစ် ၂၀၀ မျှစီခြား၍ ပြာဟ္မီပွားအက္ခရာသုံးမျိုးဖြင့် ရေးထိုးထားသော အလွန်ရှားပါးသော ကျောက်စာတိုင်ဖြစ်သည်။ ရခိုင်မင်းဆက်များအကြောင်းကို ဖော်ပြထားပြီး ကျောက်စာရေးထိုးခိုင်းသူ အာနန္ဒစန္ဒြ အမည်ရှိသော မင်း၏အကြောင်းကို ကြေညာသော သြဘာစာဖြစ်သည်။

အဆိုပါ အာနန္ဒစန္ဒြ ကျောက်စာကို ယခုနှစ်တွင် ယူနက်စကိုကမ္ဘာ့မှတ်တမ်းအမွေအနှစ်ကော်မတီသို့လည်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်း၌ ထည့်သွင်းသတ်မှတ်နိုင်ရေး တင်သွင်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

(ခ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို စီးပွားရေးအကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်လိုပါက ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ဂ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းသည် စီးပွားရေး အကျိုးအမြတ်အလို့ငှာ မဟုတ်သော ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို တည်ထောင်ဖွင့်လှစ်လိုပါက ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။"

၁၄။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် -

(က) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

(ခ) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) အရ လျှောက်ထားချက်ကိုစိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုချက် ထုတ်ပေးရမည်။"

၁၅။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၂၁ တွင်-

(က) ပုဒ်မခွဲ (က) တွင်ပါရှိသော"ပုဒ်မ ၂၀" ဆိုသည့်စကားရပ်ကို "ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က)" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) တွင်ပါရှိသော "ပြည်တွင်းမှ ပုဂ္ဂလိက" ဆိုသည့် စကားရပ်၏ရှေ့တွင် "စီးပွားရေးအကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်လိုသည့်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၆။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းကတင်ပြသော လျှောက်ထားချက်ကိုစိစစ်ပြီး ခွင့်ပြုချက်သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။"

၁၇။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၂၃ ကို ပယ်ဖျက်ရမည်။

၁၈။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၄။ (က) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ(က) တို့အရ ခွင့်ပြုချက် ရရှိထားသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် ခွင့်ပြုချက်သက်တမ်း တိုးမြှင့်လိုပါက ယင်းသက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထား ရမည်။

(ခ) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုချက်ရရှိထားသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် ခွင့်ပြုချက် သက်တမ်းတိုးမြှင့်လိုပါက ယင်းသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်လူမှုဝန်ထမ်း ဦးစီး ဌာန သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ် ချက်များနှင့်အညီ လျှောက်ထားရမည်။"

၁၉။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၂၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသည် -

(က) ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

(ခ) ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုချက်ကို သက်တမ်းတိုးမြှင့်ရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ် ခြင်းပြုနိုင်သည်။"

၂၀။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၂၆ ၏ ခြေဆင်းတွင် ပါရှိသော "ပုဒ်မ ၂၅ အရ ခွင့်ပြုချက်ရရှိထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံး၏ လျှောက်ထားချက်ကို" ဆိုသည့် စကားရပ်ကို "ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) အရ တင်ပြချက်ကို" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၁။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၃ တွင်-

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပုဒ်မ ၈၊ ပုဒ်မခွဲ (က)နှင့် (ခ) တို့အရ တည်ထောင်ခွင့်ပြုမိန့် လျှောက်ထားရန် လိုအပ်သော နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို တည်ထောင်ခွင့်ပြုမိန့်မရှိဘဲ ဖွင့်လှစ်ခြင်း၊"

(ခ) ပုဒ်မခွဲ (ခ) တွင်ပါရှိသော "တည်ထောင်ခွင့်ပြုမိန့်"ဆိုသည့် စကားရပ်၏ ရှေ့တွင် "ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) တို့အရ ထုတ်ပေးထားသည့်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၂၂။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၃ ၏ နောက်တွင် ပုဒ်မ ၃၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၃၃-က။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ်ချမှတ်ရမည်-

(က) ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) အရ တည်ထောင်ခွင့်ပြုမိန့် လျှောက်ထားရန်လိုအပ်သော နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို တည်ထောင်ခွင့်ပြုမိန့်မရှိဘဲ ဖွင့်လှစ်ခြင်း၊

(ခ) ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးထားသည့် တည်ထောင်ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရပ်သိမ်းထားသည့် ကာလအတွင်းတွင် သော်လည်းကောင်း၊ ပယ်ဖျက်ပြီးနောက်တွင် သော်လည်းကောင်း နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို ဖွင့်လှစ်ခြင်း။"

၂၃။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၃၄ တွင်-

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ခွင့်ပြုချက် လျှောက်ထားရန်လိုအပ်သော ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို ခွင့်ပြုချက်မရရှိဘဲ ဆောင်ရွက်ခြင်း၊"

(ခ) ပုဒ်မခွဲ (ခ) တွင်ပါရှိသော "ခွင့်ပြုချက်" ဆိုသည့် စကားရပ်၏ ရှေ့တွင် "ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) တို့အရ ထုတ်ပေးထားသည့်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၂၄။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၃၄ ၏ နောက်တွင် ပုဒ်မ ၃၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၃၄-က။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်-

(က) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) အရ ခွင့်ပြုချက် လျှောက်ထားရန်လိုအပ်သော ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို ခွင့်ပြုချက်မရရှိဘဲ ဆောင်ရွက်ခြင်း၊

(ခ) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးထားသည့် ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်သိမ်းထားသည့် ကာလအတွင်းတွင်သော်လည်းကောင်း၊ ပယ်ဖျက်ပြီးနောက်တွင် သော်လည်းကောင်း ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို ဆောင်ရွက်ခြင်း။"

၂၅။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ခ) တွင်ပါရှိသော "ယင်းရန်ပုံငွေများကို" ဆိုသည့်စကားရပ်ကို "ပုဒ်မခွဲ (က) အရ ထူထောင်ထားသော ရန်ပုံငွေများကို" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ဈေသမင်များ တစ်နှစ်ထက်တစ်နှစ်ကောင်ရေလျော့နည်းလာ

**ကန့်ဘလူ ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်နှင့် ကသာခရိုင်အတွင်း ကန့်ဘလူမြို့နယ်တွင် ၁၉၄၁ခုနှစ်က စတင်တည်ထောင်ခဲ့သော ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းရှိ ဈေသမင်များမှာ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာကြောင်း သိရသည်။

ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၁၉၄၁ခုနှစ်က ကန့်ဘလူမြို့နယ်နှင့် ကောလင်းမြို့နယ်တို့မှ မြေဧက ၆၄၂၆၄ ဒသမ ၄၂ ဧကကို တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် စတင်တည်ထောင်ခဲ့သည်။ ထိုတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှာ ရန်ကုန်-မန္တလေး- မြစ်ကြီးနားရထားလမ်းဖောက်လုပ်ရာတွင် မီးရထားများကိုလောင်စာများ ထောက်ပံ့ပေးနိုင်ရန် ၁၉၁၉ ခုနှစ်တွင် ချပ်သင်းထင်းကြိုးဝိုင်းနှင့် ၁၉၂၈ ခုနှစ်တွင် ချပ်သင်းတိုးချဲ့ထင်းကြိုးဝိုင်းအဖြစ် သတ်မှတ်ခဲ့သည်။

၁၉၄၁ ခုနှစ်တွင် အဆိုပါကြိုးဝိုင်းနှစ်ခုနှင့် ဆက်စပ်တည်ရှိသည့် ကြိုးပြင်တော၊ အပတောတို့ကို စုစည်း၍ ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့သည်။ ချပ်သင်းတိရစ္ဆာန်ဘေးမဲ့တောမှာ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် တည်ရှိသည်။ ယင်းဘေးမဲ့တောမှာ ကောလင်းမြို့နယ်နှင့်လည်း ဆက်စပ်နေပြီး ဈေသမင်များကို အဓိကမွေးမြူထားခြင်းဖြစ်သည်။

အဆိုပါ ဘေးမဲ့တောတွင် ၂၀၀၉ ခုနှစ်က ဈေသမင် ၁၅၆၁ ကောင်၊ ၂၀၀၀ ပြည့်နှစ်တွင် ၉၉၁ ကောင်၊ ၂၀၁၁ ခုနှစ်တွင် ၁၁၁၃ကောင်၊ ၂၀၁၂ခုနှစ်တွင် ၈၇၂ ကောင်၊ ၂၀၁၃ ခုနှစ်တွင် ၅၇၉ကောင်၊ ၂၀၁၄ခုနှစ်တွင် ၃၇၈ကောင်၊ ၂၀၁၅ခုနှစ်တွင် ၄၁၆ ကောင်၊ ၂၀၁၆ခုနှစ်တွင် ၄၈၀၊ ၂၀၁၇ခုနှစ်တွင် ၇၂၈ ကောင်သာရှိပြီး ယခု ၂၀၁၈ ခုနှစ်တွင် ၈၉၉ ကောင်သာ ရှိတော့ကြောင်း သိရသည်။

ဈေသမင်များ၏ သဘာဝမှာ ဖေဖော်ဝါရီလဆန်းမှ မေလဆန်းအထိ မိတ်လိုက်ကြသည်။ ဒီဇင်ဘာလအတွင်း သားပေါက်ကြပြီး တစ်ကြိမ်လျှင် တစ်ကောင်သာပေါက်ဖွားကြသည်။

သမင်များသည် အင်တိုင်းတောများတွင် ကျက်စားပြီး ဆီးဖြူသီး၊ ဖန်ခါးသီး၊ ခပေါင်းသီးနှင့် မြက်များကို အဓိကစားသုံးသည်။ ဘေးမဲ့တော နယ်မြေတွင် မြေပြန့်လွင်ပြင်များပြားပြီး အနောက်ဘက်ခြမ်းတွင်တောင်ကုန်းနှင့် လျှိုမြောင်များရှိသည်။

ထိုအထဲတွင် အင်တိုင်း တောနိမ့်၊ အင်တိုင်းတောမြင့်၊ ရေလွှမ်းအင်တိုင်းတော၊ မြက်ခင်းတော၊ ရွက်ပြတ်ရောနှောတောများရှိ၍ သမင်များလွတ်လပ်စွာ ရှာဖွေစားသောက်နေကြကြောင်း သိရသည်။

ဈေသမင်များတစ်နှစ်ထက်တစ်နှစ် နည်းပါးလျော့နည်းလာခြင်း၏ အဓိက အကြောင်းရင်းမှာ သမင်မုဆိုးများ၏ ပစ်ခတ်သတ်ဖြတ်မှု ခံရခြင်း၊ မီးခိုတောများပျက်စီး၍ အင်တိုင်းတောများ နည်းပါးလာခြင်း၊ စားကျက်မြေရှားပါးလာခြင်း၊ စားကျက်ဧရိယာအတွင်း ထင်းခုတ်သုံးစွဲမှုရှိခြင်း၊ သမင်များအား တောခွေး၊ အိမ်ခွေးများက ကိုက်သတ်ခြင်း၊ အင်တိုင်းတော၏ ဝန်းကျင်တွင် ကျေးရွာများ တည်ထောင်လာခြင်းများကြောင့် ဖြစ်ကြောင်း သိရသည်။

ဈေသမင်များ မျိုးမသုဉ်းရန် ကာကွယ်သည့် နည်းလမ်းအဖြစ် သမင်မုဆိုးများအန္တရာယ်မှ ကာကွယ်ရန် ဝန်ထမ်းများအား တောတွင်းစခန်းများချ၍ လုံခြုံရေး၊ ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တာဝန်ခံ ဦးမင်းဆွေက ပြောသည်။

**တင်လှိုင် (မိတ္ထီလာ)**



# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ

## ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

***ယမန်နေ့မှအဆက်***

ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် အမျိုးသမီးပါဝင်မှုကို လေ့လာပါက ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများတွင် တာဝန်ထမ်းဆောင်နေသည့် အမျိုးသမီးပါဝင်မှုမှာ ပြည်နယ်အဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ၁၆ ဒသမ ၆၇ ရာခိုင်နှုန်း၊ ခရိုင်အဆင့်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ၂၄ ဒသမ ၁၄ ရာခိုင်နှုန်းနှင့် မြို့နယ်အဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ၁၇ ဒသမ ၈၇ ရာခိုင်နှုန်း အသီးသီးရှိပါသည်။




ရခိုင်ပြည်နယ် လူ့အဖွဲ့အစည်းအတွင်း လူမျိုးစုနှင့် ဘာသာရေးအဖွဲ့အားလုံးမှ လူမှုရေးဆောင်ရွက်ချက်များကို အားပေးမြှင့်တင်မှု တစ်ရပ်အနေဖြင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာ ယခုအစီရင်ခံသည့်ကာလအတွင်း ပြည်နယ်အသင်းအဖွဲ့မှတ်ပုံတင်ရေးအဖွဲ့မှ မှတ်ပုံတင်ထုတ်ပေးသော အဖွဲ့သုံးဖွဲ့၊ ယာယီအဖွဲ့ ခုနစ်ဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့၊ မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့မှ မှတ်ပုံတင်ထုတ်ပေးသော အဖွဲ့ ၁၁ ဖွဲ့ စုစုပေါင်း အဖွဲ့ ၂၁ ဖွဲ့အတွက် မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းရေး**

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရမည့်လုပ်ငန်းမှာ လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းရေးပင် ဖြစ်ပါသည်။ ထိုသို့ပေါင်းစည်းမှုကို စတင်အကောင်အထည်ဖော်သည့်အနေဖြင့် ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သည့် တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ၂၉-၄-၂၀၁၈ ရက်က နေပြည်တော်တွင် ကျင်းပခဲ့ပြီး ယင်းတွေ့ဆုံပွဲမှ အချက်များကို သုံးသပ်အကောင်အထည်ဖော်ခြင်းဖြင့် လူမှုပေါင်းစည်းမှုကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

ဘာသာရေး၊ လူမျိုးရေးအရ မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းများကို ကာကွယ်တားဆီးနိုင်ရန်၊ မတူကွဲပြားသည့်ဘာသာဝင်များနှင့် လူမျိုးများအကြား အပြန်အလှန် လေးစားစွာ ဆက်ဆံပြီး ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် အမုန်းစကားများ ကာကွယ်တားဆီးရေးဥပဒေ(မူကြမ်း)ကို ရေးဆွဲလျက်ရှိပါသည်။

**လုံခြုံရေးကဏ္ဍ**

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရန်နှင့် ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် ပီပြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် လေ့ကျင့်သင်တန်းပေးမှုများ ဆောင်ရွက်လျက်ရှိရာ သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲခုနစ်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင် အရာထမ်း/အမှုထမ်း ၂၄၅ ဦးကို လေ့ကျင့်ပေးနိုင်ခဲ့ပါသည်။




လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ရဲတပ်ဖွဲ့ဝင်များအားလုံးသည် အမည်ရင်ထိုးများ ထင်ရှားမြင်သာစွာ တပ်ဆင်အသုံးပြုလျက်ရှိပါသည်။

ထို့အပြင် ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရခိုင်ပြည်နယ်အတွင်းရှိ စစ်ဆေးရေးစခန်း ၂၆ ခုတွင် CCTV ကင်မရာ ၂၆ လုံး တပ်ဆင်ရန်အတွက် ကုန်ကျမည့်ငွေကျပ် ၂၀ ဒသမ ၅၃ သန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေမှ ခွင့်ပြုပေးနိုင်ရေး တောင်းခံထားရှိပါသည်။

ရခိုင်ပြည်နယ်ရှိ ရဲတပ်ဖွဲ့ဝင်များအားလုံးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်၏ ကွပ်ကဲမှုအောက်တွင်ရှိသောတပ်ဖွဲ့များဖြစ်ပါသည်။ ဥပဒေချိုးဖောက်သူများအား ဖမ်းဆီးခြင်း၊ အကျဉ်းချထားခြင်းအပါအဝင် ရဲတပ်ဖွဲ့ဝင်များသည် သတ်မှတ်ထားသော ဥပဒေဘောင်အတွင်းမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းချိုးဖောက်မှုနှင့် ပတ်သက်သည့် တိုင်တန်းမှုများကို ဌာနအတွင်း စုံစမ်းစစ်ဆေး၍ မှန်ကန်ပါက အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ယင်းအပြင် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်တို့ကလည်း ယင်းတို့ လက်ခံရရှိသည့် တိုင်ကြားချက်များနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးကာ မှန်ကန်ပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လူထုအကြား လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုမြန်ဆန်ပြီး မလိုလားအပ်သော အထင်အမြင်လွဲမှားမှုများ လျော့ချနိုင်ရန် မွတ်စလင်ဘာသာဝင်အများစု နေထိုင်သော ဒေသတွင် ဘာသာစကားကျွမ်းကျင်သော ဒိုင်းနက်/ရခိုင်တိုင်းရင်းသားများမှတစ်ဆင့် ဘာသာပြန်ပေးခြင်း(သို့)ဘာသာစကား ကျွမ်းကျင်သော ရဲတပ်ဖွဲ့ဝင်များအား ဘာသာပြန်အဖြစ် အသုံးပြုဆောင်ရွက်ခြင်း၊ မွတ်စလင်ဘာသာဝင်များထဲမှ မြန်မာစကား နားလည်သူများအား ဘာသာပြန်အဖြစ် ဆောင်ရွက်စေခြင်း စသည့်နည်းလမ်းတို့ဖြင့် လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

**ယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးမှု**

ရခိုင်ပြည်နယ်ရှိ တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှု အမွေအနှစ်များကို မပျောက်ပျက်စေဘဲ ရေရှည်တည်တံ့စေရန် စနစ်တကျ ထိန်းသိမ်းခြင်း၊ မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းနိုင်ရေး လုပ်ငန်းစဉ်အဆင့်များ ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း

- မြောက်ဦးမြို့ပေါ် ရပ်ကွက်အချို့နှင့် ကျေးရွာများတွင် ရေအရင်းအမြစ်ဆိုင်ရာ အထောက်အထားများအား ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ကောက်ယူထားသော အချက်အလက်များအား မှတ်တမ်းများပြုစုခြင်း၊
- မြောက်ဦးမြို့ ရှေးဟောင်းအဆောက်အအုံများအား Drone ဖြင့် မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊
- မြောက်ဦးယဉ်ကျေးမှုအမွေအနှစ် ပညာပေးရေးလုပ်ငန်းကို မြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်ခြင်း၊
- ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို လေ့လာမှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာ ရေးသားပြုစုခြင်း၊ ရခိုင်မင်္ဂလာလက်ထပ်ပွဲ (သမက်တက်ပွဲ) ရိုးရာဓလေ့တို့ကို လေ့လာမှတ်တမ်းတင်ခြင်း၊ ကျောက်တော်မြို့နှင့် ပုဏ္ဏားကျွန်းမြို့ နယ်ခြားမှတ်တိုင်အနီးရှိ ပြိုင်းတောင်ပေါ်ရှိ ရှေးဟောင်းဘုရားတစ်ဆူနှင့် ကျောက်ဆစ်လက်ရာများအားကွင်းဆင်းလေ့လာခြင်း၊ မြောက်ဦးပြတိုက်အတွင်းရှိ ငွေဒင်္ဂါး၊ စဉ့်ထည်နှင့် လူ့အသုံးအဆောင်ပစ္စည်းများအား စာရင်းကောက်ယူခြင်း၊
- မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသ ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့မှ မြဝါတောင်စေတီ၊ ဘားဘူတောင်စေတီ၊ သျှင်ငယ်တက် စေတီ၊ ဖုတ်တောမော်စေတီနှင့် မင်္ဂလမာရ်အောင်စေတီများကို ပြုပြင်ထိန်းသိမ်းခြင်း၊ နိမ္မိုဇာတောင်တန်းရှိ ဆင်းတုတော်များအား ထိန်းသိမ်းခြင်း၊
- နန်းတော်ရာကုန်းတူးဖော်မှုနေရာများအား ပန္နက်ရိုက် (Layout) လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် တူးဖော်သုတေသနပြုခြင်း၊
- မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်တွင်း/ပြည်ပပညာရှင်များ ထောက်ပံ့ကူညီသည့် နိုင်ငံများမှ သံအမတ်ကြီးများ၊ ဒေသခံပြည်သူများပါဝင်သော ညှိနှိုင်းအစည်းအဝေး(၁၁)ကြိမ် ကျင်းပခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ စစ်တွေ၊ ပေါက်တောမြို့နယ်များရှိ သက်တမ်း နှစ် ၁၀၀ ကျော်ရှိသော ဗုဒ္ဓဘာသာဆိုင်ရာစေတီနှင့် ဘာသာရေးအဆောက်အအုံ ၄၃ ခု၏ သမိုင်းကြောင်း အချက်အလက်များကို လေ့လာမှတ်တမ်းတင်ခြင်း ဆောင်ရွက်ခဲ့ပါသည်။

**နယ်စပ်ဆိုင်ရာ ကိစ္စရပ်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်ဆံရေး**



နှစ်နိုင်ငံအကြား နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် ၁၅-၂-၂၀၁၈ ရက်မှ ၁၇-၂-၂၀၁၈ ရက်အထိလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ၁၁-၄-၂၀၁၈ ရက်မှ ၁၃-၄-၂၀၁၈ ရက်အထိလည်းကောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အသီးသီးသွားရောက်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြည်ထဲရေးဝန်ကြီးသည် ၂၃-၁၀-၂၀၁၇ ရက်မှ ၂၅-၁၀-၂၀၁၇ ရက်အထိလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးသည် ၂၂-၁၁-၂၀၁၇ ရက်မှ ၂၃-၁၁-၂၀၁၇ ရက်အထိ လည်းကောင်း မြန်မာနိုင်ငံသို့ အသီးသီးလာရောက်၍ ဆွေးနွေးခဲ့ကြပါသည်။



နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ၁၅-၁-၂၀၁၈ ရက်တွင် နေပြည်တော်၌ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ Joint Working Group ၏ ပထမ ညှိနှိုင်းအစည်းအဝေးကို ကျင်းပပြီး 'Physical Arrangement for Repatriation of Displaced Myanmar Residents from Bangladesh' ကို နှစ်နိုင်ငံသဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ပြန်လည်လက်ခံရေးအစီအစဉ်များတွင် UNDP နှင့် UNHRC တို့ ပါဝင်ကူညီနိုင်ရေးအတွက် MoU လက်မှတ်ရေးထိုးနိုင်ရေးကို ၂၃-၂-၂၀၁၈ ရက်မှစတင်၍ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။




ရခိုင်ပြည်နယ်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်ရသော တိုင်းရင်းသားများနှင့် ဟိန္ဒူဘာသာ ဝင်များအတွက် နေအိမ် ၁၁၂၆ လုံးနှင့် မွတ်စလင်ဘာသာ ဝင်များအတွက် နေအိမ် ၁၈၂ လုံး စုစုပေါင်း ၁၃၀၈ လုံးကို ဧရာဝတီတိုင်းဒေသကြီးအစိုးရ အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့၊ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ် အစိုးရအဖွဲ့၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ UEHRD ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ CB ဘဏ်၊ တပ်မတော်နှင့် အိန္ဒိယနိုင်ငံအစိုးရတို့ကလည်းကောင်း၊ စာသင်ကျောင်း လေးကျောင်း၊ ဆရာ ဆရာမ အဆောင်နှစ်ဆောင်၊ ဘုန်းကြီးကျောင်း လေးကျောင်း၊ လမ်းများ စသည်တို့ကို မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ချင်းပြည်နယ်အစိုးရအဖွဲ့၊ တပ်မတော်တို့က လည်းကောင်း၊ ဆောက်လုပ်ပေးလျက်ရှိပါသည်။ တစ်ဖက်နိုင်ငံသို့ နေရပ်စွန့်ခွာသူများကို တောင်ပြိုလက်ဝဲ စခန်း၊ ငါးခူရစခန်းတို့တွင် ပြန်လည်လက်ခံ၍ လှဖိုးခေါင်ကြားစခန်းတွင် ခေတ္တထားရှိပြီး နေအိမ်များ ဆောက်လုပ်ပြီးပါက ၎င်းတို့ကျေးရွာများတွင် နေထိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်ပါမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာ - ထိုင်း သံတမန်ဆက်ဆံရေး နှစ်(၇၀) ပြည့်မြောက် နှစ်နိုင်ငံ စီးပွားကုန်သွယ်မှု ပိုမိုမြင့်တက်လာ

ရန်ကုန် ဇွန် ၇

**မြန်မာနိုင်ငံနှင့် အိမ်နီးချင်း ထိုင်းနိုင်ငံတို့ သံတမန်ဆက်ဆံရေး နှစ်(၇၀) ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ သံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့်မြောက်လာသည်နှင့်အမျှ နှစ်နိုင်ငံ စီးပွားရေးကုန်သွယ်မှုမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်တက်လာခဲ့သည်။ ယနေ့တွင် အဆိုပါ မြန်မာ- ထိုင်း သံတမန်ဆက်ဆံရေး နှစ် (၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ Top Thai Brands 2018 ကုန်စည်ပြပွဲကြီး ကျင်းပရာ ယင်းကုန်စည်ပြပွဲသို့ တက်ရောက်လာသော နှစ်နိုင်ငံ စီးပွားရေးမြှင့်တင်မှုကဏ္ဍမှ တာဝန်ရှိသူများနှင့် ပွဲစီစဉ်သူအား မြန်မာ့အလင်းသတင်းအဖွဲ့မှ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့မှုများကို ရေးသားဖော်ပြလိုက်ပါသည်။**




H.E. Mr. Jukr Boon- Long
ထိုင်းသံအမတ်ကြီး



ဦးအောင်စိုး(ညွှန်ကြားရေးမှူးချုပ်)



ဦးဖြိုးကိုကိုနိုင်(ပွဲစီစဉ်သူ)

**ဦးအောင်စိုး(ညွှန်ကြားရေးမှူးချုပ်)**
**မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးဌာန**
**စီးပွားရေးနှင့်**
**ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

မြန်မာနဲ့ ထိုင်းကုန်သွယ်မှု ဆက်ဆံရေးက ပိုမိုတိုးတက် ကောင်းမွန်လာပါတယ်။ ဒါကြောင့် ဒီလိုပွဲတွေ နှစ်တိုင်းလိုလိုလုပ်ခဲ့ပါတယ်။ Top Thai Brands နာမည်နဲ့ လုပ်တာဆို သုံးနှစ်ရှိပြီ။ ဒီပြပွဲမှာ ထိုင်းနိုင်ငံရဲ့ အကောင်းဆုံးပစ္စည်းတွေကို မိတ်ဆက်ခွင့်ရသလို မြန်မာဘက်ကလည်း စိတ်ကြိုက်ရွေးခွင့်ရမယ်။ အလားတူ မြန်မာဘက်ကလည်း မိမိကုန်ပစ္စည်းတချို့ ပြသထားပါတယ်။ နှစ်နိုင်ငံကုန်သွယ်မှုကတော့ တဖြည်းဖြည်း တိုးတက်နေတာ တွေ့ရတယ်။ အခုဆိုရင် နှစ်နိုင်ငံ ကုန်သွယ်မှုက ငါးဘီလီယံလောက်ဖြစ်လာပြီ။ သွင်းကုန်ကတော့ များတယ်။ ပို့ကုန်ကတော့ နည်းပါသေးတယ်။ ဒါပေမယ့် နှစ်ခုပေါင်းလိုက်ရင် ငါးဘီလီယံလောက်ရှိတယ်။ နှစ်ဖက်ကုန်သွယ်မှုက ဖြည်းဖြည်းချင်းတက်နေတယ်။ ပို့ကုန်အနေနဲ့ကတော့ သဘာဝဓာတ်ငွေ့၊ ရေထွက်ကုန်၊ သတ္တု၊ စိုက်ပျိုးရေးထွက်ကုန်၊ အထည်အလိပ်တွေပို့ပါတယ်။ ပို့ကုန်မြင့်မားဖို့ အဓိကလိုအပ်မှုပြောရရင် မြန်မာပြည်မှာရှိတဲ့ ထုတ်ကုန်တွေ အရည်အသွေးမြှင့်တင်ဖို့၊ ကုန်ကျစရိတ်လျှော့ချ ယှဉ်ပြိုင်နိုင်ဖို့ အဓိကဖြစ်တယ်။ ထိုင်းနိုင်ငံမှာ မြန်မာထွက်ကုန်ဈေးကွက်အားကောင်းတာတွေ အများကြီး ရှိတယ်။ ဒါပေမယ့် အရည်အသွေးအရ အဆင့်မြင့်မြင့်ပေးပို့နိုင်ဖို့တော့ လိုအပ်တယ်။ နောက်တစ်ခုက သယ်ယူစရိတ်နဲ့ လော်ဂျစ်စတစ်တွေကလည်း ကြီးမားနေတယ်။ ဒါတွေကို လျှော့ချနိုင်မယ်ဆိုရင် ဒီကကုန်ပစ္စည်းတွေ ထိုင်းကို များများ တင်ပို့နိုင်မှာပါ။

ကုန်သွယ်မှုမြှင့်တင်ရေးကို ဂရုစိုက်ပြီးလုပ်နိုင်ဖို့အတွက် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကို ပြီးခဲ့တဲ့ နှစ်နှစ်အတွင်းက စပြီးဖွဲ့ခဲ့တယ်။ ဖွဲ့လိုက်တယ်ဆိုကတည်းက ဒါဟာ အလုပ်လုပ်ဖို့အဆင်သင့်ပြင်လိုက်တာပဲ။ ပြီးတော့ အဲဒီမတိုင်ခင်ကတည်းက အမျိုးသားပို့ကုန် မဟာဗျူဟာ လုပ်နေတယ်။ အဲဒီထဲမှာ ဦးစားပေး ပို့ကုန်တွေလည်း ရွေးထားပြီးသား။ ဆန်၊ စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ရေထွက်ကုန်၊ သစ်တော၊ အထည်ချုပ်၊ ခရီးသွားလုပ်ငန်း ဒါတွေကို စနစ်တကျ ရွေးချယ်ထားတယ်။ နောက်ထပ်ပြီးတော့လည်း သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်တွေ၊ လယ်ယာထွက်ကုန်အခြေခံတဲ့စားသောက်ကုန်တွေ၊ ဒါတွေကို ယှဉ်ပြိုင်နိုင်ဖို့ လျာထားသတ်မှတ်ထားတယ်။ အဲဒါတွေနဲ့ ပတ်သက်တဲ့ လုပ်ငန်းစီမံချက်တွေလည်း ရေးဆွဲထားပြီးပြီ။ အဲဒီအတိုင်းပဲ အကောင်အထည်ဖော်နေတယ်။

**H.E. Mr. Jukr Boon- Long**
**ထိုင်းသံအမတ်ကြီး**

မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံရဲ့စီးပွားရေးကုန်သွယ်မှုပိုင်းမှာ ပိုမိုမြှင့်တင်ဖို့ ရည်ရွယ်ပြီး ဒီပွဲကိုကျင်းပတာဖြစ်တယ်။ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံဟာ အိမ်နီးချင်းကောင်းတွေအဖြစ် ရပ်တည်ခဲ့တာ ကြာပါပြီ။ မြန်မာနိုင်ငံရဲ့ ဈေးကွက်ဟာ အခုဆိုရင် အလွန်ကြီးမားလာပါတယ်။ ဒါနဲ့ပတ်သက်လို့ ထိုင်းနိုင်ငံကနေ အရည်အသွေးမြင့်မားတဲ့ ထုတ်ကုန်တွေယူလာပြီး မြန်မာ့ဈေးကွက်မှာ မိတ်ဆက်ပေးတာဖြစ်တယ်။ ပစ္စည်းကိုယူလာပြီး ရောင်းချရုံသက်သက်ဆိုတာမျိုး ဒီပွဲကို ကျင်းပတာမဟုတ်ပါဘူး။ နှစ်ဖက်စီးပွားရေးကို ပိုပြီးပူးပေါင်းနိုင်အောင် ရည်ရွယ်ကျင်းပတာဖြစ်ပါတယ်။ အနာဂတ်မှာလည်း မြန်မာနိုင်ငံဟာ ကိုယ်ပိုင်ပစ္စည်းတွေ ထုတ်လုပ်ပြီး နိုင်ငံရပ်ခြားကို တင်ပို့ရောင်းချနိုင်တဲ့ အခြေအနေတစ်ခုထိဖြစ်အောင် ရည်ရွယ်ပြီး အခုလို နှစ်နိုင်ငံပူးပေါင်းကျင်းပတာ ဖြစ်တယ်။ ဒါကြောင့်မို့ အနာဂတ်မှာဆိုရင် နှစ်နိုင်ငံ ပိုပြီးပူးပေါင်းသွားမယ့် အစီအစဉ်တွေ အများကြီးရှိတယ်။ အခုလို ကုန်စည်ပြပွဲကို မန္တလေး၊ တောင်ကြီး အစရှိတဲ့ အခြားသောမြို့တွေမှာလည်း ကျင်းပသွားဖို့ ရည်ရွယ်ချက်ရှိပါတယ်။

**ဦးဖြိုးကိုကိုနိုင်**
**(မြန်မာ- ထိုင်း ကုန်စည်ပြပွဲ စီစဉ်သူ)**

ဒီပွဲက Top Thai Brands 2018 ပေါ့။ ကျွန်တော်တို့လုပ်တာ သုံးနှစ်ရှိပြီ။ ထိုင်းရဲ့ နာမည်အကြီးဆုံး ကုန်အမှတ်တံဆိပ် ၁၀၀ ကို မြန်မာနိုင်ငံမှာ အမြဲပြပွဲ လုပ်ဖြစ်ပါတယ်။ ဒါကတော့ သုံးကြိမ်မြောက်ပါ။ ဒီပွဲမှာ ထိုင်းကုန်သည်ပေါင်း ၁၀၀ ကျော်လောက်ပါဝင်တယ်။ ဒီနှစ်က မြန်မာ- ထိုင်း သံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့်ဖြစ်တဲ့အတွက် မြန်မာရော၊ ထိုင်းအတွက်ပါ အမှတ်တရဖြစ်စရာပါ။ ဒီပွဲမှာ ရွေးချယ်ထားတဲ့ Performances တွေ၊ Show တွေကအစ မြန်မာ- ထိုင်း နှစ် (၇၀) ပြည့် သံတမန်ဆက်ဆံရေးကို ဖော်ကျူးထားတာကိုတွေ့ရမှာဖြစ်တယ်။ စီးပွားရေးအရပြောရရင် မြန်မာနဲ့ ထိုင်းဟာ ကုန်သွယ်ဘက်တွေပါ။ အိမ်နီးချင်းနိုင်ငံတွေရဲ့အကြီးဆုံးကုန်သွယ်ဘက်ထဲမှာပါပါတယ်။ မြန်မာလူမျိုးတွေအနေနဲ့လည်း ထိုင်းထုတ်ကုန် အမှတ်တံဆိပ်အပေါ်မှာ ယုံကြည်မှုရှိကြတယ်။ ဒီပွဲကို လုပ်ခြင်းအားဖြင့် ထိုင်းတွေအနေနဲ့လည်း ဈေးကွက်အသစ်ကိုရှာပြီးမှ သူတို့ ပိုတိုးတက်လာတာဖြစ်သလို မြန်မာတွေအနေနဲ့လည်း သူတို့ဆီကနေတစ်ဆင့် နည်းပညာ အမှတ်တံဆိပ်ကို ဘယ်လိုရအောင်လုပ်လဲဆိုတာ ဒီပွဲကနေလေ့လာပြီး ပြန်ပြီးအသုံးချနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒီပွဲမှာ ထိုင်းက အစားအသောက်၊ အဖျော်ယမကာ၊ လျှပ်စစ်ပစ္စည်း၊ အိမ်သုံးပစ္စည်း၊ ကျန်းမာရေး၊ အလှအပဆိုင်ရာနဲ့ အမှတ်တရလက်ဆောင်ပစ္စည်း အားလုံးပါဝင်အောင် ထည့်သွင်းပြီး စုစုပေါင်း ဆိုင်ခန်း ၁၁၀ ကျော်နဲ့ ခင်းကျင်းထားပါတယ်။ ဒီပွဲကနေ ကုန်စည်ခင်းကျင်းတာ၊ ထုပ်ပိုးတာ၊ ရောင်းချတဲ့နည်းစနစ် ဒါတွေက မြန်မာ့စီးပွားရေးလောကအတွက် အတွေ့အကြုံကောင်းတွေယူနိုင်မယ်လို့ မျှော်လင့်သလို စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ရည်ရွယ်တာ ဖြစ်ပါတယ်။

ယနေ့စတင်ကျင်းပသော မြန်မာ- ထိုင်း သံတမန် နှစ် (၇၀) ပြည့်အထိမ်းအမှတ် Top Thai Brands 2018 ကုန်စည်ပြပွဲကြီးကို ယနေ့ ဇွန် ၇ ရက်မှ ၁၀ ရက်အထိ လေးရက်တိုင်တိုင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ရာ ပြပွဲသို့ မည်သူမဆို အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။ မြန်မာ- ထိုင်း သံတမန် နှစ် (၇၀) ပြည့်အထိမ်းအမှတ် Top Thai Brands 2018 ကုန်စည်ပြပွဲသို့ နှစ်နိုင်ငံ နာမည်ကြီးအနုပညာရှင်များတက်ရောက်ရာ From Bangkok to Mandalay ဇာတ်ကားမှ နာမည်ကြီးသရုပ်ဆောင်များဖြစ်ကြသော အကယ်ဒမီနေတိုး၊ စိုင်းစိုင်းခမ်းလှိုင်နှင့် ထိုင်းမင်းသမီး နန့်ဝမ်တို့ တက်ရောက်ခဲ့သည်။

**သတင်း- မျိုးကျော်(ကနောင်သွေး)**
**ဓာတ်ပုံ- မင်းထက်**

# မရမ်းကုန်းမြို့နယ် စာပေချစ်သူများအသင်း "Book Club" ဖွဲ့စည်း

**ရန်ကုန် ဇွန် ၇**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ပြုလုပ်သော စာပေချစ်သူများအသင်း "Book Club" ဖွဲ့စည်းမှုကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဦးစီးဌာနရုံးရှိ ပြည်သူ့စာကြည့်တိုက်၌ ပြုလုပ်ခဲ့သည်။**(ယာပုံ)**




စာဖတ်ရှိန်မြှင့်တင်ရေး၊ သုတ၊ ရသ စာပေများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ရည်ရွယ်ကာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်းရှိ စာရေးဆရာ၊ ဆရာမများ၊ စာပေဝါသနာရှင်များဖြင့် အဆိုပါ "Book Club" ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး ဆရာမြေလတ်ထင်ကျော်မိုးက "ကျွန်တော်တို့ ဒီကနေ့ဖွဲ့စည်းလိုက်တဲ့ Book Club မှာ အတွင်းရေးမှူးတွေ၊ ဥက္ကဋ္ဌတွေ၊ နာယကတွေဆိုပြီး သတ်မှတ်ထားတာမျိုး မရှိပါဘူး၊ စာပေနယ်ပယ် အသီးသီးက ပုဂ္ဂိုလ်တွေ၊ စာပေချစ်မြတ်နိုးသူတွေနဲ့ ဖွဲ့စည်းထားတာပါ၊ အားလုံးက အသင်းဝင်တွေပဲဖြစ်ပါတယ်၊ သုတ၊ ရသ ၊ ကဗျာစတဲ့ ကဏ္ဍပေါင်းစုံက စာအုပ်စာပေတွေအပေါ် တစ်ဦးချင်းရဲ့သဘောထားအမြင်တွေ၊ သုံးသပ်ဆွေးနွေးမှုတွေကို လစဉ်ပြုလုပ်သွားကြမှာ ဖြစ်ပါတယ်၊ စာပေချစ်မြတ်နိုးသူတွေ အနေနဲ့လည်း လာရောက် ပါဝင်ဖို့ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

မရမ်းကုန်းမြို့နယ် စာပေချစ်သူများအသင်း "Book Club" အနေဖြင့် လစဉ် တတိယပတ်၏ စနေနေ့တိုင်းတွင် စာပေနှင့် ပတ်သက်သည့် အကြောင်းအရာ ဆွေးနွေးသုံးသပ်မှုများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ပြည်သူ့စာကြည့်တိုက်တွင် ပြုလုပ်သွားမည်ဖြစ်သည်။

ယင်းသို့ပြုလုပ်ရာတွင် ပါဝင်ဆွေးနွေးမည့်သူများအနေဖြင့် ဆွေးနွေးမည့် စာအုပ်အားကြိုတင်လေ့လာဖတ်ရှုမှုများ ပြုလုပ်ပြီး မိမိတို့၏ သဘောထားအမြင်များကို စာပေရှုထောင့်မှ ပါဝင်သုံးသပ် ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

မရမ်းကုန်းမြို့နယ် စာပေချစ်သူများအသင်း "Book Club" ၏ ပထမဆုံး စာပေဆွေးနွေးမှုကို ဇွန် ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်ရာ ဆရာကြီးရွှေဥဒေါင်း၏ "အကြံဉာဏ်ဖြင့် ကြီးပွားရေး"အမည်ရှိ စာအုပ်ကို ပွဲဦးထွက်အနေဖြင့် ဆွေးနွေးသွားကြမည်ဖြစ်သည်။

အဆိုပါစာအုပ်သည် စာပေချစ်မြတ်နိုးသူများ အထူးနှစ်ခြိုက်ခဲ့သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး ယင်းစာအုပ်တွင် စာရေးသူအနေဖြင့် "ဤစာအုပ်သည် အပျင်းပြေခဏတစ်ဖြုတ် ဖတ်ရှုရန်မဟုတ်။ သင်၏ ကြီးပွားချမ်းသာရေးအတွက် အထပ်ထပ်ဖတ်ရှု၍ လိုက်နာကျင့်သုံးရမည့် စာအုပ်ဖြစ်သည်"ဟု ရေးသားထားသည့်အပြင် ဦးနု၏ "လူပေါ်လူဇော်လုပ်နည်း" စာအုပ်နှင့် မည်သည့်ပညာရှိခုံရုံး၌ဖြစ်စေ ယှဉ်ပြိုင်ဝံ့သော စာအုပ်တစ်အုပ်ဖြစ်သည်ဟု ရေးသားဖော်ပြထားကြောင်း တွေ့ရသည်။

ယနေ့ပြုလုပ်သည့် စာပေချစ်သူများအသင်း "Book Club" ဖွဲ့စည်းမှု အခမ်းအနားသို့ မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်းဝင်များနှင့် စာပေချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။ အလားတူ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင်လည်း ယင်းကဲ့သို့ စာပေချစ်သူများအသင်း "Book Club" များကို ဖွဲ့စည်းလျက်ရှိပြီး စာပေဆွေးနွေးသုံးသပ်မှုများကို ပြုလုပ်ကာ စာဖတ်ရှိန်မြှင့်တင်ရေး၊ သုတ၊ ရသ စာပေများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

# တနိုင်းမြို့နယ်မှ နေရပ်စွန့်ခွာစခန်းနေပြည်သူများအား ICRC အသိအမှတ်ပြုကတ်ပြားများ ပြုလုပ်ပေး

**တနိုင်း ဇွန် ၇**

ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများသည် ဇွန် ၄ ရက်က တနိုင်းမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာ စခန်းများသို့ ရောက်ရှိနေသော ဒေသခံပြည်သူများထံသို့ ကွင်းဆင်းသွားရောက်၍ ICRC အသိအမှတ်ပြု ကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ဦးစီးမှူး (ဒုတိယတန်း) ဦးချစ်ဖေနှင့် တာဝန်ရှိသူများက တနိုင်းမြို့ရှိ နေရပ်စွန့်ခွာပြည်သူများအတွက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)အမှတ်တံဆိပ်ပါ အကျိုးခံစားခွင့်ပြုသည့် အသိအမှတ်ပြုကတ်ပြားများကို အိမ်ထောင်စုတစ်စုလျှင် တစ်ကတ်နှုန်းဖြင့် ထုတ်ပေးခဲ့ခြင်းဖြစ်ကာ ကင်ဆားရာရပ်ကွက်ရှိ စိန်ဂျိုးဇက်ကက်သလစ်ဘုရားကျောင်းမှ အိမ်ထောင်စု ၁၂၈ စုအတွက် လည်းကောင်း၊ မုန်ဒိန်ရပ်ကွက်ရှိ COC ခရစ်ယာန် ဘုရားကျောင်းမှ နေရပ်စွန့်ခွာပြည်သူ အိမ်ထောင်စု ၂၂ စု အတွက်လည်းကောင်း ကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **ဝင်းနိုင် (ကချင်မြေ)**

## သတင်းတို

### နိုင်ငံတော်နှင့် ယူနီဆက်ဖ်တို့မှ ထောက်ပံ့ငွေဖြင့် စက်ရေတွင်းတူးဖော်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (ပထမ ၆လ)အတွင်း နိုင်ငံတော်နှင့် ယူနီဆက်ဖ်တို့မှ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် သဲကုန်းမြို့နယ် ကန်နှစ်ဆင့်ကျေးရွာအုပ်စု သစ်စိမ့်ကုန်းကျေးရွာတွင် စက်ရေတွင်း(တွင်းနက်)တူးဖော်ဆောင်ရွက်နေမှုကို ဇွန်လပထမပတ်က မြို့နယ်ကျေးလက်ဦးစီးမှူး ဦးကိုမောင်နှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

### မိုးစပါးရာသီ တောင်သူပညာပေးဆွေးနွေး

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်မြို့နယ် ရှမ်းတဲကြီးအရှေ့ကျေးရွာအုပ်စုတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဇော်လင်းနှင့်အဖွဲ့က တောင်သူများ၏အခက်အခဲများ၊ လိုအပ်ချက်များဆွေးနွေးခဲ့ပြီး မြေ၊ မျိုး၊ ပိုးပညာရှင်များက တောင်သူများ၏လိုအပ်ချက်များကို ရှင်းလင်းပညာပေးခဲ့ကြသည်။ **မြန်မာ့အလင်း**

❒ *ကျောဖုံးမှ*

မြန်မာ ယူ-၁၉ အသင်းသည် ယခုလအတွင်း ပြည်တွင်း၊ ပြည်ပ ခြေစမ်းပွဲများကစားမည်ဖြစ်ပြီး တတိယမြောက် ပြည်တွင်း ခြေစမ်းပွဲအဖြစ် ဇွန် ၉ ရက်တွင် ပထမတန်း ကလပ် မောရဝတီအသင်းနှင့် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ပြည်တွင်းခြေစမ်းပွဲများအဖြစ် မြန်မာနေရှင်နယ်လိဂ်ကလပ် ရတနာပုံ၊ ဇွဲကပင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားထားရာ နှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် ဇွန် ၁၆ ရက်တွင် စင်ကာပူနိုင်ငံသို့ ထွက်ခွာမည်ဖြစ်ပြီး ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ပြီးခဲ့သည့်နှစ်က ယူ-၁၈ အသင်းတွင် ပါဝင်ခဲ့သည့် **တိုက်စစ်မှူး** ဝင်းနိုင်ထွန်းနှင့် **ကွင်းလယ်ကစားသမား** မြတ်ကောင်းခန့်ကို အားဖြည့်ရွေးချယ်ထားပြီး စင်ကာပူခရီးစဉ်ကို ကစားသမား ၂၅ ဦးဖြင့် သွားရောက်မည်ဖြစ်သည်။

**တစ်အုပ်စုတည်း ကျရောက်**

၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို ဇူလိုင် ၁ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (ခ) တွင် မလေးရှား၊ တီမော၊ ကမ္ဘောဒီးယား၊ ဘရူနိုင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

**သတင်း - ညီမြတ်သော်တာ**
**ဓာတ်ပုံ - စိုးညွန့်**




# ခွေးရူးပြန်ရောဂါဖြစ်ပွားမှုနှင့် ခွေးရူးပြန်ရောဂါကာကွယ်ဆေး၊ ပငိုပစ္စည်းဖြန့်ဖြူးထားရှိမှု

**နေပြည်တော် ဇွန် ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို နီးနွယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပြည်သူလူထုတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ခွေးရူးပြန်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ခွေးရူးပြန်ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းကို ၁၉၉၇ ခုနှစ်မှစတင်၍ စောင့်ကြပ်ကြည့်ရှုရသော ရောဂါ ၁၇ မျိုးတွင် ထည့်သွင်းကာ လစဉ် ကျေးလက်ကျန်းမာရေးဌာနခွဲအဆင့်မှ ဗဟိုအထိ အဆင့်ဆင့်သတင်းပို့စနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။







၂၀၁၂ ခုနှစ် ဇူလိုင်လမှစတင်၍ ခွေးကိုက်ခံရသူလူနာများအား ခွေးရူးပြန်ရောဂါမဖြစ်ပွားစေရေးအတွက် ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးများ ထိုးနှံနိုင်ရေးအတွက် နိုင်ငံတော်အစိုးရဘဏ္ဍာငွေဖြင့် ဖြည့်တင်းပေးခဲ့ပြီး ဗဟိုအဆင့်ဆေးရုံကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဆေးရုံကြီးများ၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ်အဆင့်ဆေးရုံများအထိ ဖြန့်ဖြူး၍ ခွေးကိုက်ခံရသော လူနာများအား ခွေးရူးပြန်ရောဂါမဖြစ်စေရေးအတွက် ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း၊ ထိုသို့ထိုးနှံရာတွင် မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့၏ လိုအပ်ချက်ပေါ်မူတည်၍ ဆေးပြတ်လပ်မှုမရှိစေရန် ဖြည့်တင်းပေးလျက်ရှိကြောင်း သိရသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အများပြည်သူသို့ အသိပေးပန်ကြား

**နေပြည်တော် ဇွန် ၇**

(230)kV လှိုင်သာယာ-ကျိုက်လတ် ဓာတ်အားလိုင်းအား ဓာတ်အားပို့လွှတ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ (230)kV လှိုင်သာယာ ပင်ပဓာတ်အားခွဲရုံတွင် ကျိုက်လတ် Switch Bay တိုးချဲ့ခြင်းလုပ်ငန်းမှာ ၈၀ ရာခိုင်နှုန်းပြီးစီး၍ Bus D/S တပ်ဆင်ပေးရန်ကျန်ရှိပါသည်။ အဆိုပါ (230)kV Bus D/S တပ်ဆင်ခြင်းနှင့် Dropper ချခြင်းလုပ်ငန်းများနှင့် မြောင်းတကာခွဲရုံ (မှော်ဘီ)ရှိ (230/33/11)kV (100) MVA Transformer (230kV Main Bus) Disconnecting Switch ၏ Y Phase & B Phase ထိပ်များတွင် Conductor (ACSR 795 MCM) ကြိုးလွှန်းပြတ်နေ၍ အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဇွန် ၁၀ ရက် (တနင်္ဂနွေနေ့) တွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၆ နာရီအထိ (230)kV လှိုင်သာယာ ပင်မဓာတ်အားခွဲရုံ၏ (230)kV Bus နှင့် မြောင်းတကာခွဲရုံ (မှော်ဘီ)ရှိ (230/33/11)kV (100) MVA Transformer (230kV Main Bus) တို့အား ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်သည်။ လုပ်ငန်းဆောင်ရွက်မည့် နေ့အချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာ၊ ထန်းတပင်၊ တွံတေး၊ ဒလ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ လက်ခုပ်ကုန်း၊ ဆိပ်ကြီးခနောင်တို၊ ရွှေလင်ပန်း၊ မြောင်းတကာ၊ မှော်ဘီ၊ ရွှေပြည်သာ၊ လှည်းကူး၊ ဥက္ကံ၊ တိုက်ကြီးမြို့နယ်များ အချိန်ပိုင်းယာယီ ဓာတ်အားပြတ်တောက်မည်ဖြစ်သည်။ လှိုင်၊ ကမာရွတ်၊ မင်္ဂလာ တောင်ညွန့်၊ တာမွေ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်မြို့နယ်များရှိ ရပ်ကွက်အချို့တွင်လည်း နံနက် ၅ နာရီမှ ၆ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်နိုင်သည်။

ထိုသို့လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားစနစ်တိုးတက်ကောင်းမွန်ရန်အတွက် မဖြစ်မနေဆောင်ရွက်ရခြင်းဖြစ်ပါသဖြင့် ယာယီဓာတ်အားပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်လာနိုင်မှုများအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ လေးစားစွာအသိပေးပန်ကြားထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

❀ *ကျောဖုံးမှ*

တစ်လမ်းထားရှိမှာဖြစ်ပါတယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဘက်က ချဉ်းကပ်လမ်းဆက်သွယ်တဲ့လမ်းကြောင်းကတော့ ဇွန် ၂၀ ရက်နောက်ပိုင်းအကုန် ဆောင်ရွက်ပြီးစီးမှာဆိုတော့ တံတားဟောင်းကြီးကို ပိတ်လိုက်တော့မှာဖြစ်ပြီး တံတားသစ်ကနေ ယာဉ်တွေအားလုံး လွယ်ကူစွာဖြတ်သန်းမောင်းနှင် နိုင်ကြတော့မှာဖြစ်ပါတယ်” ဟု စီမံကိန်းလုပ်ငန်းခွင်အတွင်း ရှင်းပြသည်။

“ခုလို တံတားသစ်ကြီး ဖြစ်ပေါ်လာစေဖို့ ဂျပန်နိုင်ငံအစိုးရရဲ့အထောက်အပံ့နဲ့ ကူညီဆောင်ရွက်ပေးတဲ့အတွက် ဂျပန်နိုင်ငံအစိုးရကို ကျေးဇူးအထူးတင်ပါတယ်၊ ယာဉ်ကြောကျပ်တည်းမှုကို လျှော့နည်းအောင် တစ်ဖက်တစ်လမ်းတွေကနေ ကူညီပေးတဲ့အတွက် ပြည်သူတွေအနေနဲ့ အများကြီးကျေးဇူးတင်ပါတယ်၊ ပြည်သူတွေအနေနဲ့လည်း ဂျပန်အစိုးရကို ကျေးဇူးတင်တဲ့အနေနဲ့ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ရှိတယ်လို့ ပြောချင်ပါတယ်၊ ပြီးတော့ ဂျပန်အစိုးရက ကျွန်တော်တို့ဆီက အင်ဂျင်နီယာ ကိုးဦးကိုလည်း တံတားတည်ဆောက်ပုံ၊ ဒီဇိုင်း၊ တွက်ချက်နည်းများကို စာတွေ့၊ လက်တွေ့ ပို့ချပေးခဲ့ပါတယ်၊ မြန်မာအင်ဂျင်နီယာတွေ အနေနဲ့လည်း ဒီလို တံတားနောက်ထပ်တည်ဆောက်မယ်ဆိုရင် အတွေ့အကြုံတွေရနေပြီဆိုတော့ တည်ဆောက်နိုင်တော့မှာဖြစ်ပါတယ်”ဟု တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်လင်းက ထပ်မံရှင်းပြသည်။

အဆိုပါ ဒေါပုံတံတားမှာ ရန်ကုန်မြို့နှင့် နောင်ဖြစ်ပေါ်လာမည့် ဆိပ်ကမ်းဒေသဖြစ်သော သီလဝါစက်မှုဇုန်နေရာတို့ကို ဆက်စပ်ပေးမည့် လမ်းမပေါ်၌ တည်ဆောက်ထားခြင်းဖြစ်ပြီး ဂျပန်နိုင်ငံ ယန်းငွေ ၄၂၁၆ သန်း အကုန်အကျခံကာ ဂျပန်နိုင်ငံ၏ အကူအညီအထောက်အပံ့ငွေဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်းနှင့် တံတားသစ်ကြီး တည်ဆောက်ရေးလုပ်ငန်းပိုင်း၌ ဂျပန်နိုင်ငံမှ အင်ဂျင်နီယာများအပြင် မြန်မာအင်ဂျင်နီယာများ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ အင်ဂျင်နီယာများ ပါဝင်ပြီး လုပ်သားအင်အား အမြောက်အမြားဖြင့် နာရီပေါင်း ရှစ်သိန်းကျော်ကြာ နေ့၊ ည ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ တံတားကြီး၏အရှည်မှာ ပေ ၈၃၀(၂၅၃ မီတာ)ရှိပြီး ၂၁ ဒသမ ၅ မီတာကျယ်ကာ ကြိုတင်အားဖြည့်သံကူကွန်ကရစ်ကြိုးဆိုင်းတံတား (Cable Stayed Extra - Dosed Bridge) အမျိုးအစားဖြစ်သည်။ လေးလမ်းသွားဖြစ်ပြီး ကားလမ်းဘေးတွင်တစ်ဖက်လျှင် နှစ်မီတာအကျယ်အဝန်းရှိလူသွားလမ်းပလက်ဖောင်းအသွား၊ အပြန် ပါရှိကြောင်း တံတားကြီးအား တာဝန်ယူတည်ဆောက်နေသည့် ဂျပန်နိုင်ငံ Nippon Koei Engineering Consultants မှ သိရသည်။

လက်ရှိအနေအထားအရ လျှပ်စစ်မီးတိုင်စိုက်ခြင်းနှင့် သွယ်တန်းခြင်းလုပ်ငန်းများ၊ လူသွားလမ်းကြောင်းအတွက် လမ်းခင်းခြင်းလုပ်ငန်းများနှင့် ချဉ်းကပ်လမ်းဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မိုးရာသီကာလတွင် တံတားမှစီးကျလာမည့် ရေများအတွက် ရေမြောင်းလုပ်ငန်းများသာ ဆောင်ရွက်ရန်ကျန်ရှိတော့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - မြင့်မောင်စိုး**

# ပခုက္ကူမြို့နယ်တွင် ရေပိုလွှဲကျိုး၍ လမ်းပေါ် သုံးပေခန့်ရေကျော်မှုဖြစ်

**ပခုက္ကူ ဇွန် ၇**

ပခုက္ကူမြို့နယ်တွင် မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ကန်တော်ကျေးရွာအုပ်စု ကန်တော်ကျေးရွာအနီးရှိ ကန်တော်ဒေသ ထိန်းသိမ်းကန်မှ ရေပိုလွှဲအရှည်ပေ ၃၀၀ ခန့်အနက် ပေ ၁၀၀ ခန့်မှာ ယမန်နေ့ နံနက် ၅ နာရီခန့်က ကျိုးပဲ့ခဲ့ပြီး အဆိုပါနေရာမှ ရေများကြောင့် ပခုက္ကူ-ကမ္မလမ်းပေါ်တွင် ရေကျော်မှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပခုက္ကူ-ကမ္မလမ်းပေါ်တွင် မိုင်တိုင်အမှတ် ၁၁/၂ နေရာ၌ ရေအနက်သုံးပေခန့် လမ်းရေကျော်မှုဖြစ်ပွားခဲ့၍ နံနက်ပိုင်းမှစ၍ ညနေ ၆ နာရီကျော်အထိ ယာဉ်များ ဖြတ်သန်းသွားလာရေး အခက်အခဲများရှိခဲ့ခြင်းဖြစ်သည်။



ထို့အပြင် ပခုက္ကူ-မြစ်ခြေကားလမ်းမိုင်တိုင် ၁၁/၄ အနီးရှိ နန်းတော်ရပ်ရေကျော်နေရာတွင်လည်း လမ်းပေါ် ပေ ၄၀၀ ခန့်၌ ရေအနက် သုံးပေခန့်ကျော်နေသဖြင့် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များဖြတ်သန်းနိုင်ခြင်းမရှိဘဲ စောင့်ဆိုင်းနေကြရကြောင်း သိရသည်။

ထိုရေဝင်တိုက်စားကျိုးပဲ့သည့် ကန်တော်ဒေသထိန်းကန်နှင့် ရေကျော်များသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်နီနီဝင်းနှင့် ဦးဟန်ဇော်ဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အံ့မောင်၊ ပခုက္ကူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်၊ မီးသတ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်ဌာနဆိုင်ရာများနှင့် လူမှုရေး အသင်းအဖွဲ့များက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ယာယီသွားလာနိုင်ရန် ကမ်းနှစ်ဖက်ကြားတွင် ကြိုးများတန်းထားပေးကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# လွိုင်လင်မြို့၌ မိုးသည်းထန်စွာရွာသွန်း အနိမ့်ပိုင်းရပ်ကွက်များ ရေမြုပ်

**လွိုင်လင် ဇွန် ၇**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့၌ ဇွန် ၇ ရက် မွန်းလွဲပိုင်းက မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် အနိမ့်ပိုင်းရပ်ကွက်ဖြစ်သည့် အမှတ် ၄ ရပ်ကွက်အတွင်းရှိ နေအိမ်နှင့် ကားလမ်းများတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ် ခဲ့သည်။ အဆိုပါရေလွှမ်းမိုးသည့် ရပ်ကွက်များအတွင်းသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်သောင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ ရေလွှမ်းမိုးမှုကြောင့် လူနှင့် အခြားထိခိုက်ဒဏ်ရာ မရှိကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

## မြန်မာ့ရုပ်မြင်သံကြား

၈-၆-၂၀၁၈ (သောကြာနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး ၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၁၅ - မျက်မှောက်ရေးရာ အဖြာဖြာ
၉း၁၅ - "ယ ယမင်းခင် ကကြိုးဆင်"
၉း၄၀ - "လေ့လာစရာ ရေထွက်ကြီးကျေးရွာ (မိုးကုတ်)"
၁၁း၃၀ - အလုပ်သမားရေးရာ အစီအစဉ်
၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း-၃၀) (ဇာတ်သိမ်းပိုင်း) မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော် (ဒါရိုက်တာ-အောင်သြဘာ)
၁၃း၁၅ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-II) (ပွဲစဉ်-၄) (နေပြည်တော်) (တတိယပိုင်း)

**ညပိုင်း**

၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း "လေးဖက်နာနှင့် ကိုယ်ဝန်ဆောင်မိခင် အကြောင်း သိကောင်းစရာ"
၁၈း၂၅ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "လက်စားချေနတ်သမီး" ဖြိုးငွေစိုး၊ သြဘာ၊သက်မွန်မြင့်၊ နန်းဆုဦး (ဒါရိုက်တာ-ညိုမင်းလွင်)
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ **"ဇနီးချောများ ကွန်ယက်"**
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

# ဖားကန့်မြို့နယ်တွင် မူးယစ်ဆေးဝါး ဖမ်းဆီးရမိ

**ဖားကန့် ဇွန် ၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဆယ်ဇင်ကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သိမ်းဆည်းခဲ့**

ဖြစ်စဉ်မှာ ဇွန် ၅ ရက်က မူးယစ်တပ်ဖွဲ့စု ၃ မိုးညှင်းက ရဲတပ်ဖွဲ့ဝင်များနှင့် သက်သေများသည် ပင်းယံခရပ်ကွက်နှင့် နမ့်ပုတ်ကျေးရွာကြား ချောင်းကူးတံတား ထိပ် တောစပ်အနီးတွင် စောင့်ဆိုင်းနေစဉ် တောစပ်မှ ထွက်လာသူ အောင်တင်ဝင်းအားတွေ့ရှိ၍ ရှာဖွေစစ်ဆေးရာ ၎င်းဝတ်ဆင်ထားသည့် ရုပ်အင်္ကျီအိတ်ကပ်အတွင်းမှ Red Ruby စီးကရက်ဘူးခွံအတွင်း ပင်နီဆီလင်ပုလင်းဖြင့် ထည့်လျက် ဘိန်းဖြူဟု ယူဆရသော ဖြူ/ဝါကြားအမှုန့် အလေးချိန် ၀ ဒသမ ၂၅ ဂရမ်ခန့်စီပါ ပုလင်း သုံးလုံး၊ စုစုပေါင်း အလေးချိန် ၀ ဒသမ ၇၅ ဂရမ်ခန့်အား ရှာဖွေတွေ့ရှိခဲ့သဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် ရေးသွင်းချိတ်ပိတ် သိမ်းဆည်းခဲ့သည်။

၎င်းအား စစ်မေးရာ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများမှာ ဇွန် ၅ ရက် ညနေ ၄ နာရီခန့်အချိန်တွင် ဆယ်ဇင်ကျေးရွာ ပင်းယံခကျေးရွာတောစပ်အနီး (၄၅ နှစ်) ခန့် အမျိုးသားတစ်ဦးထံမှ ငွေကျပ် ၂၁၀၀၀ ဖြင့် ကိုယ်တိုင်သုံးစွဲရန် ဝယ်ယူခဲ့ပြီး လက်ဝယ်ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း သိရပြီး ၎င်းနေရာ၌ ဖမ်းဆီးနေစဉ် ပင်းယံခကျေးရွာဘက်သို့ လမ်းလျှောက်လာသူ သန်းဝင်းအား တွေ့ရ၍ ရှာဖွေစစ်ဆေးရာ ၎င်းထံမှ ပင်နီဆီလင်ပုလင်းနှင့်ထည့်လျက် ဘိန်းဖြူဟု ယူဆရသော ဖြူဝါကြားအမှုန့် အလေးချိန် ၀ ဒသမ ၃ ခန့်ပါ လေးပုလင်း စုစုပေါင်း ၁ ဒသမ ၂ ဂရမ်ခန့်အား ထပ်မံတွေ့ရှိသဖြင့် စစ်မေးရာ အမျိုးသားတစ်ဦးထံမှ ၎င်းကိုယ်တိုင်သုံးစွဲရန် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း အစစ်ခံခဲ့သည်။

ပြစ်မှုကျူးလွန်သူ အောင်တင်ဝင်း (၃၇ နှစ်) နမ့်ပုတ်ကျေးရွာနေသူအား လည်းကောင်း၊ ပြစ်မှုကျူးလွန်သူ သန်းဝင်း (၄၃ နှစ်) နမ့်ပုတ်ကျေးရွာနေသူအား လည်းကောင်း ဆယ်ဇင်ရဲစခန်း ဒုရဲအုပ် ပေါ်ထွန်းက သီးခြားစီ အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **စိုးနိုင်ဦး(ဖားကန့်)**


ပြစ်မှုကျူးလွန်သူ အောင်တင်ဝင်း နှင့် သန်းဝင်း တို့အား တွေ့ရစဉ်။

# မုံးကိုးမြို့ဈေး မီးလောင်မှုဖြစ်

**မုံးကိုး ဇွန် ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မုံးကိုးမြို့ အမှတ် ၁ စည်ပင်သာယာဈေး၌ ဇွန် ၆ ရက် ည ၁၁ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ည ၁၁ နာရီခွဲတွင် အမှတ် ၁ စည်ပင်ဈေးအတွင်း နေထိုင်သော ဦးလမွမ်း ဆိုသူ၏ ကုန်ခြောက်ဈေးဆိုင်ခန်း၌ သွပ်မိုးနှင့် သွယ်တန်းထားသော ဝိုင်ယာကြိုးအပူလွန်ကဲရာမှ မီးလောင်မှု စတင်ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ယင်းမီးလောင်ရာသို့ နယ်မြေခံမီးသတ်ဦးစီးဌာနမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ မီးသတ်ရေယာဉ် တစ်စီးဖြင့် ဒေသခံပြည်သူများနှင့်အတူ ည ၁၁ နာရီ မိနစ် ၄၀ တွင် စတင်ငြိမ်းသတ်ခဲ့သည်။ မီးငြိမ်းသတ်နေစဉ်အတွင်း တရုတ်နိုင်ငံ မန်ဟိုင်းမီးသတ်မှ တပ်ဖွဲ့ဝင် ငါးဦး၊ မီးသတ်ရေယာဉ် တစ်စီးဖြင့် လာရောက်ဝိုင်းဝန်းငြိမ်းသတ်ရာ ည ၁၂ နာရီခွဲတွင် မီးအား ထိန်းနိုင်ပြီး ဇွန် ၇ ရက် နံနက် ၁ နာရီတွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် (၁၀×၁၀×၈) ပေ သွပ်မိုး/ကာ ဆိုင်ခန်း ၁၅ ခန်းမီးလောင်ခဲ့ပြီး လူ/တိရစ္ဆာန် ထိခိုက်သေဆုံးမှု မရှိပါကြောင်းနှင့် မီးပေါ့ဆသူ ဦးလမွမ်းဆိုသူအား မြို့နယ်ရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ကျိုက်ထိုမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးမိ

**ကျိုက်ထို ဇွန် ၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ငွေကျပ် ၁၈၀၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

ကျိုက်ထိုမြို့နယ်မှ နယ်ထိန်းခေါင်းဆောင် ရဲအုပ် ဇော်မျိုးလွင် ဦးစီးသည့် အဖွဲ့ဝင်များသည် မေ ၂၈ ရက်က မူးယစ်ဆေးဝါးသတင်းအရ ကျိုက်ထိုမြို့နယ် အင်္ဂဘိုကျေးရွာရှိ ရွှေအုန်းပင်ထမင်းဆိုင်ရှေ့သို့ သွားရောက်စောင့်ဆိုင်းနေစဉ် ကြိုတင်သတင်းရရှိထားသူ ကိုမျိုး (ခ) မျိုးဌေးကျော် (၃၃ နှစ်) မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး နေသူအား ရှာဖွေစစ်ဆေးရာ ၎င်းဝတ်ဆင်ထားသည့် ဂျင်းဘောင်းဘီအိတ်ကပ်အတွင်းမှ ငွေကျပ် တန်ဖိုး ၁၈၀၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း အပြား ၆၀၊ ငွေကျပ် ၂၇၃၀၀ နှင့် မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းတစ်လုံးတို့အား ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၅၉ စီး၊ သွင်းကုန် ၉၄၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၈ စီး၊ သွင်းကုန် ၁၄၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၆ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၀၄၄ သန်းခန့် ဖမ်းဆီးခဲ့ပြီး ထူးခြားသည့် ဖမ်းဆီးမှုအနေဖြင့် ဇွန် ၆ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဖြူရော်ဘာခြံ ရှောင်ကွင်းလမ်းနှင့် ခရီးသည်တင်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက် စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ Refined Sugar (1×50Kg)(183 Bags)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅ ဒသမ ၈၅၆ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပင်လောင်းမြို့နယ်နှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၇**

ဇွန် ၆ ရက် နံနက် ၈ နာရီခွဲက ပင်လောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ထောင်ထီဗွာကျေးရွာအုပ်စု နန်းပန်ကျေးရွာအနီး ပင်လောင်း-နေပြည်တော်သွားကားလမ်း၌ ဝင်းနိုင်ဦး (ခ) အနိုင် မောင်းနှင်ပြီး ခွန်သက်ဦး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်နှင့် ဌေးလွင် မောင်းနှင်ပြီး ဇော်မင်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ် ရောက်ရှိလာ၍ ရှာဖွေရာ ဝင်းနိုင်ဦး (ခ) အနိုင်၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ကွင်းဆက်အရ ပင်လောင်းမြို့နယ် လုံးပျဉ်ကျေးရွာအုပ်စု ဘန်းမောက်ကျေးရွာတွင် နေထိုင်သူ မျိုးဝေအား နေအိမ်၌ လည်းကောင်း၊ ပင်လောင်းမြို့နယ် သပြေကုန်းကျေးရွာအုပ်စု တောင်ကျကျေးရွာတွင် နေထိုင်သူ ဇော်ဝင်း (ခ) ဇော်ကြီးအား နေအိမ်၌ လည်းကောင်း၊ အလားတူ ဇွန် ၆ ရက် နံနက် ၁၁ နာရီ ၅ မိနစ်က တပ်မတော်မှ ကျိုင်းတုံမြို့နယ် ကျိုင်းတုံ- မိုင်းခတ်သွားကားလမ်း ၄၁ မိုင် တောင်သုံးလုံးကျေးရွာအနီး၌ မော်တော်ဆိုင်ကယ်နှင့် လူတစ်ဦးအား စစ်ဆေးရန် သွားရောက်စဉ် ဆိုင်ကယ်အား လှဲချကာ တောင်ကုန်းပေါ်သို့ ပြေးတက်သွား၍ ကျန်ရှိဆိုင်ကယ်၏ခွကြား၌ အိုက်စ် ၁၉ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**



# သထုံမြို့ ဒူးရင်းဆိပ်လမ်းပေါ်တွင် မော်တော်ယာဉ်တစ်စီး အုတ်နံရံဝင်တိုက်

**သထုံ ဇွန် ၇**

သထုံမြို့ သိမ်ကုန်းရပ်ကွက် ဒူးရင်းဆိပ်လမ်းပေါ်တွင် ဇွန် ၇ ရက် နံနက်က မော်တော်ယာဉ်တစ်စီးအရှိန်လွန်ပြီး တစ်ဖက်ယာဉ်ကြောရှိ ရပ်တန့်ထားသော မော်တော်ယာဉ်တစ်စီးအား တိုက်မိပြီး အုတ်နံရံနှင့် ဆေးခန်းအား ဆက်လက်တိုက်မိရာမှ ဆေးခန်းဘေးရပ်ထားသော Mark II ယာဉ်ပေါ် အုတ်များပြိုကျပျက်စီးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဘားအံမှ သထုံဘက်သို့ ယာဉ်မောင်း အလီယပ် မောင်းနှင်လာသော ဟိုက်အေ့ဒလီဗန်အမျိုးအစားယာဉ်သည် ဒူးရင်းဆိပ်လမ်း ဟိန်းဆေးခန်းအနီးတွင် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ ဦးဘသောင်းအိမ်ရှေ့ ရပ်ထားသော Hijet ယာဉ်အား တိုက်မိ၍ ကာရံထားသော အုတ်တံတိုင်းကို ဆက်တိုက်မိကာ ပြိုပျက်ပြီး ခြံချင်းကပ်လျက်ရှိ ဟိန်းဆေးခန်း၏ အုတ်နံရံပါ ပြိုသဖြင့် အနီးရှိ Mark II ယာဉ်အား အုတ်ခဲများထိမှန်သဖြင့် ပျက်စီးခဲ့ကြောင်း သိရသည်။

**နန္ဒကျော်စွာ**

# အင်းတော်မြို့နယ်အတွင်းမှ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**အင်းတော် ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်တိတ်ကျေးရွာအနီး နယ်မြေရဲကင်းစခန်းရှေ့မှ မူးယစ်ဆေးဝါးများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၆ ရက် ည ၁၀ နာရီခွဲခန့်တွင် အင်းတော်မြို့နယ် မော်တိတ်ရဲကင်းစခန်းမှ မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ စောင့်ဆိုင်းနေစဉ် အင်းတော်မြို့ဘက်မှ ဇော်မြင့်လွင် မောင်းနှင်လာသော ဆိုင်ကယ်နှင့် သိန်းဇော်ထွန်း မောင်းနှင်လာသော ဆိုင်ကယ်နှစ်စီးအား မသင်္ကာ၍ ရပ်တန့်စစ်ဆေးရာ ယင်းဆိုင်ကယ်နှစ်စီးမှာ ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်သွားသဖြင့် လိုက်လံဖမ်းဆီးမိပြီး ၎င်းတို့အား ရှာဖွေရာ ၎င်းတို့ မောင်းနှင်လာသော ဆိုင်ကယ်နှစ်စီးအတွင်းမှ ဘိန်းဖြူ ၁၅၇ ဒသမ ၅ ဂရမ်နှင့် WY စိတ်ကြွရူးသွပ်ဆေးပြား ၁၆၆၅ ပြား စုစုပေါင်း ကာလတန်ဖိုး ငွေကျပ်သိန်း ၂၄၀၇၅၀၀၀ အား ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်လာသူ မဘိန်းမြို့နယ် ပြချောင်းကျေးရွာနေ ဇော်မြင့်လွင်နှင့် သိန်းဇော်ထွန်း တို့နှစ်ဦးအား အင်းတော်မြို့မရဲစခန်းမှ ဥပဒေအရ ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း ရဲအုပ် စိုးနိုင်အောင်ထံမှ သိရသည်။

**လှအောင် (ကသာ)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ကင်ဂျုံအန်းနှင့်တွေ့ရန် ငါးရက်အလို ထရန့်နှင့် အာဘေးတို့ တွေ့ဆုံ

**ဝါရှင်တန် ဇွန် ၇**

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းနှင့် တွေ့ဆုံရန် တစ်ပတ်တောင်မလိုတော့သည့်အချိန်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဇွန် ၇ ရက်တွင် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးကို လက်ခံတွေ့ဆုံခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ရန်လိုနေသော ကုန်သွယ်ရေးမူဝါဒများကြောင့် ကနေဒါနိုင်ငံရှိ အကျပ်ရိုက်နေသော G-7 အစည်းအဝေးမသွားမီဂျပန် ဝန်ကြီးချုပ်အာဘေးနှင့် အမေရိကန်သမ္မတ ထရန့်တို့သည် အိမ်ဖြူတော်တွင် ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ဇွန် ၇ ရက်အစောပိုင်းက ပြုလုပ်ခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့၏ ဆွေးနွေးပွဲစတင်မည်ဆိုသော အချိန်ကတည်းကပင် ဂျပန်နိုင်ငံက အမေရိကန်နိုင်ငံအား နျူကလီးယားလက်နက်နိုင်ငံကဲ့သို့ ဖြစ်နေသော မြောက်ကိုရီးယားကို လျှော့မတွက်ဘဲ သတိထားဆက်ဆံရန်လိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ဂျပန်နိုင်ငံမှ မထွက်ခွာခင် ဝန်ကြီးချုပ်က အမေရိကန်ခရီးစဉ်အတွင်းကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးကိစ္စနှင့်ပတ်သက်ပြီး အမေရိကန်နှင့်နီးကပ်စွာပူးပေါင်းဆောင်ရွက်ပြီး သဘောတူညီချက် ရရှိနိုင်မည်ဟု မျှော်လင့်ကြောင်းပြောခဲ့သည်။

ထို့အပြင် ဇွန် ၁၂ ရက်အစည်းအဝေးအောင်မြင်စွာ ကျင်းပနိုင်မည်ဟုလည်း မျှော်လင့်ကြောင်း မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် နျူကလီးယားထိပ်ဖူးတပ်ဒုံးကျည်များကို လျှော့ချဖျက်သိမ်းရေးအတွက် တိုးတက်ဖြစ်ထွန်းမှုများ ရရှိနိုင်မည်ဟု မျှော်လင့်ကြောင်းနှင့် မြောက်ကိုရီးယားနိုင်ငံက ၁၉၇၀ ပြည့်နှစ်နှင့် ၁၉၈၀ ပြည့်နှစ်တွင် ပြန်ပေးဆွဲသွားသော ဂျပန်နိုင်ငံသားများကိစ္စနှင့်ပတ်သက်ပြီး အဖြေတစ်စုံတစ်ရာရရှိနိုင်မည်ဟု မျှော်လင့်ကြောင်း ဂျပန်ဝန်ကြီးချုပ်က ရှင်းလင်းစွာ ပြောကြားခဲ့သည်။

ဂျပန်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့ နောက်ဆုံးတွေ့ခဲ့သည့် ဧပြီလ ဖလော်ရီဒါဆွေးနွေးပွဲတွင် အမေရိကန်သမ္မတက အာဘေးအား မြောက်ကိုရီးယားနှင့် တွေ့ဆုံသည့်အခါ ဂျပန်နိုင်ငံမှ ပြန်ပေးဆွဲခံရသူများနှင့်ပတ်သက်ပြီး မေးမြန်းသွားမည်ဖြစ်ကြောင်း ဖြေသိမ့်ခဲ့သည်။



**အေအက်ဖ်ပီ**

# အီရန်နျူကလီးယားအရေးသဘောတူညီချက်ကို လိုက်နာသွားမည်ဟု ထရီဆာမေပြော

**လန်ဒန် ဇွန် ၇**

ဗြိတိန်နိုင်ငံဝန်ကြီးချုပ် ထရီဆာမေက ဗြိတိန်နိုင်ငံအနေဖြင့် အီရန်နျူကလီးယားအရေးသဘောတူညီချက်ကို လိုက်နာသွားမည်ဖြစ်ကြောင်းနှင့် အီရန်နိုင်ငံ၏ နျူကလီးယားလက်နက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တားဆီးရန် အီရန်နျူကလီးယားသဘောတူညီချက်သည် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း မကြာသေးမီကပြောခဲ့သည်။

မကြာသေးမီက လန်ဒန်သို့ အလည်အပတ်ခရီးစဉ် ရောက်ရှိလာသော အစ္စရေးနိုင်ငံဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့်တွေ့ဆုံစဉ် ထရီဆာမေက ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။



ဗြိတိန်ဝန်ကြီးချုပ်အနေဖြင့် ဘင်ဂျမင်နေတန်ယာဟုနှင့်တွေ့ဆုံဆွေးနွေးမှုအတွင်း လတ်တလောတွင် ဖြစ်ပွားနေသော ဂါဇာကမ်းမြောင်ဒေသ တိုက်ပွဲများနှင့် ပဋိပက္ခများအပေါ် အလွန်သတိထားမိပါကြောင်း မေက ပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုအနေဖြင့် ဇွန် ၄ ရက်မှစတင်ကာ ဥရောပအလည်အပတ်ခရီးစဉ်ကို စတင်ခဲ့ပြီး၊ ဂျာမနီ၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့မှ အီရန်နျူကလီးယားအရေးနှင့်ပတ်သက်ပြီး လက်ရှိရပ်တည်ချက်များကို ပြောင်းလဲကာ သဘောတူညီချက်အား စွန့်လွှတ်ရန် တိုက်တွန်းနေကြောင်းသိရသည်။ **ဆင်ဟွာ**

# အမေရိကန်၏အခွန်စည်းကြပ်မှုများကို တုံ့ပြန်သည့်အနေဖြင့် အီးယူက အမေရိကန်ကုန်ပစ္စည်းများကို အခွန်တိုးကောက်မည်

**ဘရပ်ဆဲလ် ဇွန် ၇**

အမေရိကန်နိုင်ငံ၏ သံမဏိနှင့် အလူမီနီယမ်သွင်းကုန်များအပေါ် အခွန်တိုးမြှင့်ကောက်ယူသည့် ဆောင်ရွက်မှုကို တုံ့ပြန်သည့်အနေဖြင့် အီးယူကော်မရှင်က အမေရိကန်နိုင်ငံ၏ ကုန်ပစ္စည်းများအပေါ် အခွန်တိုးမြှင့်ကောက်ယူမှုများ စတင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိရသည်။

အခွန်တိုးမြှင့်ကောက်ခံမည့် ကုန်ပစ္စည်းများစာရင်းကိုလည်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ်သို့ ပေးပို့ထားကြောင်းသိရသည်။ အဆိုပါစနစ်သည် ဇူလိုင်လတွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ အခွန်တိုးမြှင့်ကောက်ယူမှုကြောင့် အီးယူအဖွဲ့ဝင်နိုင်ငံများ၏ ယူရိုငွေ ၆ ဒသမ ၄ ဘီလီယံတန်ဖိုးရှိပို့ကုန်ပစ္စည်းများအပေါ် သက်ရောက်မှုဖြစ်ပေါ်စေမည်ဖြစ်သည်။ အီးယူကော်မရှင်အနေဖြင့် ကုန်သွယ်ရေးညီမျှမှုရှိစေရန်အတွက် အမေရိကန်နိုင်ငံ၏ အီးယူသို့ တင်ပို့သည့် တန်ဖိုးယူရိုငွေ ၂ ဒသမ ၈ ဘီလီယံတန်ဖိုးရှိသည့် ကုန်ပစ္စည်းအပေါ် ချက်ချင်း အခွန်တိုးမြှင့်ကောက်ခံရန်နှင့် ကျန်ယူရိုငွေ ၃ ဒသမ ၆ ဘီလီယံတန်ဖိုးရှိ ကုန်သွယ်ရေးမညီမျှမှုများကိုလည်း သုံးနှစ်အတွင်း ပြေလည်အောင် တဖြည်းဖြည်းဆောင်ရွက်သွားမည်ဖြစ်သည်။

**ဆင်ဟွာ**

# စပိန်အစိုးရသစ်တွင် အမျိုးသမီးအများစုပါဝင်

**မက်ဒရစ် ဇွန် ၇**

စပိန်ဆိုရှယ်လစ် ဝန်ကြီးချုပ်တစ်ဦးဖြစ်သည့် ပီဒရို ဆန်ချက်ဇ် ၏အစိုးရအဖွဲ့သစ်သည် အီးယူကိုလိုလားသော အစိုးရဖြစ်ပြီး အမျိုးသမီးအများစုပါဝင်သော အစိုးရအဖွဲ့အဖြစ် မော်ကွန်းတင်နိုင်ခဲ့သည်။ ယင်းအစိုးရအဖွဲ့၌ အမျိုးသမီး ၁၁ ဦးနှင့် အမျိုးသား ၆ ဦးတို့သည် ဝန်ကြီးများအဖြစ် ယနေ့တွင် ကျမ်းသစ္စာကျိန်ဆိုမည် ဖြစ်သည်။

အီးယူအဖွဲ့အတွင်း ဘတ်ဂျက်မန်နေဂျာအဖြစ် တာဝန်ယူခဲ့သူက ဘဏ္ဍာရေးဝန်ကြီးဖြစ်လာပြီး အီးယူပါလီမန် ဥက္ကဋ္ဌ ဟောင်း ဂျိုးဇက် ဘော်ရယ်က နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ ဝန်ကြီးချုပ် ဆန်ချက်ဇ်က ၎င်း၏အစိုးရအဖွဲ့သည် ဥရောပသမဂ္ဂအတွင်းရှိ အမျိုးသားအမျိုးသမီး၊ လူကြီး၊ လူငယ်တို့ ပါဝင်ကြောင်း ပြောခဲ့သည်။

သို့သော် ဆိုရှယ်လစ်ပါတီမှာ လွှတ်တော်တွင် ၃၅၀ နေရာရှိသည့်အနက် ၈၄ နေရာသာ ရရှိထားသည်။ အကြမ်းဖက်မှုတိုက်ဖျက်ရေး ရှေ့နေဖြစ်သူ ဒိုလာ ဒယ်ဂါဒိုက တရားရေးဝန်ကြီးဖြစ်လာမည်ဖြစ်ပြီး ၊ တရားရုံးချုပ်တရားသူကြီး မာဂရီတာ ရိုဘယ်က ကာကွယ်ရေးဝန်ကြီးဖြစ်လာမည်ဖြစ်သည်။ အမျိုးသမီးအများစုမှာ ပညာရေး၊ အလုပ်အကိုင်နှင့် ကျန်းမာရေးဝန်ကြီးဌာနများတွင် ဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်သွားရမည်ဖြစ်သည်။

ဆန်ချက်ဇ်အစိုးရအဖွဲ့အတွင်းပါဝင်သော အမျိုးသမီးအများစုသည်စီးပွားရေးအဖွဲ့တွင် ပါဝင်ရမည်ဖြစ်ပြီး ယင်းအဖွဲ့မှာအီးယူအဖွဲ့ကို ကတိပေးထားသည့်အတိုင်း လိုငွေပြမှုကို လျှော့ချနိုင်ရေးဦးစားပေးအစီအစဉ်အနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်အသစ်ကပြောသည်။ စပိန်နိုင်ငံသည် ၂၀၁၈ ခုနှစ်အတွင်း လိုငွေ ၂ ဒသမ ၂ရာခိုင်နှုန်း လျှော့ချနိုင်မည်ဟု ကတိပေးထားသည်။ **အေအက်ဖ်ပီ**

# လန်ဒန်မြို့ရှိ ဟိုတယ်တစ်လုံးမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးသတ်သမား ၁၂၀ ခန့် ငြိမ်းသတ်ခဲ့ရ

**လန်ဒန် ဇွန် ၇**

လန်ဒန်မြို့ရှိ မန်ဒရိန်း အော်ရီယန်တယ် ဟိုတယ်၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးသတ်ကား အစီး ၂၀ နှင့်မီးသတ်သမား ၁၂၀ ခန့် ခက်ခက်ခဲခဲငြိမ်းသတ်ခဲ့ရကြောင်း လန်ဒန်မီးသတ်တပ်ဖွဲ့က ဇွန် ၆ရက်တွင် ပြောကြားခဲ့သည်။



ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်မီးလောင်ကျွမ်းမှုကြောင့် ထွက်ရှိလာသောမီးခိုးငွေ့များကို လန်ဒန်မြို့လယ်ကောင်မှပင်မြင်တွေ့နိုင်ကြောင်း ပြာများမှာနေရာအနှံ့တွင် ပြန့်ကျဲနေကြောင်း မျက်မြင်သက်သေတစ်ဦးကပြောသည်။ အထပ် ၁၂ ထပ်ရှိသော ဟိုတယ်မှ လူများကို သင့်တော်ရာနေရာသို့ကယ်ဆယ်ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။ မီးလောင်မှုကိုအပြီးသတ် ငြိမ်းသတ်နိုင်ရေး အပြင်းအထန်ကြိုးစားခဲ့ရကြောင်း၊ မီးလောင်မှုကိုထိန်းချုပ်နိုင်ခဲ့ပြီးနောက် မီးလောင်းကျွမ်းမှုဖြစ်ပွားရသည့်အကြောင်းကို စုံစမ်းသွားမည်ဖြစ်ကြောင်းလန်ဒန်မီးသတ်ဌာနမှ Pam Oparaoch ကပြောသည်။ မီးလောင်ကျွမ်းမှုဖြစ်ပွားရသည့်အကြောင်းကိုမူ မသိရသေးပေ။ အပျက်အစီးစာရင်းနှင့်အထဲတွင်လူပိတ်မိနေမှုရှိမရှိကိုမူ အတိကျမသိရသေးပေ။ **ဆင်ဟွာ**

# စင်ကာပူနိုင်ငံခြားရေးဝန်ကြီး မြောက်ကိုရီးယားသို့ သွားရောက်

**စင်ကာပူ ဇွန် ၇**

စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဗီဗီယန်ဘာလာခရစ်ရှ်နန်သည် မြောက်ကိုရီးယားနိုင်ငံသို့ တရားဝင်ခရီးစဉ်တစ်ခုသွားရောက်ခဲ့ကြောင်း နိုင်ငံခြားရေး ဝန်ကြီးဌာနမှ မကြာသေးမီက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ရီယွန်ဟို၏ဖိတ်ကြားချက်အရ ဘာလာခရစ်ရှ်နန်သည် မြောက်ကိုရီးယား နိုင်ငံသို့ ဇွန် ၇ ရက်တွင် သွားရောက်ခဲ့ပြီး ဇွန် ၈ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံခရီးစဉ်အတွင်း ၎င်းသည် အဆင့်မြင့်လွှတ်တော် အမြဲတမ်းအမှုဆောင်ကော်မတီ ဥက္ကဋ္ဌကင်ရောင်နန်းနှင့် တွေ့ဆုံသွားမည်ဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့၏ ဇွန် ၁၂ ရက်ထိပ်သီး အစည်းအဝေးကို စင်ကာပူနိုင်ငံတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### နိုင်ဂျီးရီးယား၌ တိုက်ခိုက်မှုများ ဖြစ်ပွားရာ ၁၅ ဦးထက် မနည်းသေဆုံး

**မာကာဒီ ဇွန် ၇**

နိုင်ဂျီးရီးယားနိုင်ငံအလယ်ပိုင်း ဘီနျူပြည်နယ်၌ လွန်ခဲ့သည့် ရက်အနည်းငယ်က လက်နက်ကိုင် တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့ရာ လူ ၁၅ ဦးထက်မနည်းသေဆုံးခဲ့သည်။ ခရစ်ယာန်လယ်သမားများနှင့် ခြေသလုံးအိမ်တိုင် လက်နက်ကိုင်များကြား ပဋိပက္ခဖြစ်ပွားခဲ့ခြင်းဖြစ် ကြောင်း သက်ဆိုင်ရာ အရာရှိများက ပြောခဲ့သည်။

သံသယရှိ အစွန်းရောက်လက်နက်ကိုင်များသည် ကျေးရွာပေါင်း အတော်များများတွင် နှစ်ရက်အတွင်း တိုက်ခိုက်မှုအတော်များများကို ပြုလုပ်ခဲ့ကြောင်း၊ ဘီနျူပြည်နယ်ပြန်ကြားရေးဝန်ကြီး လောရန့်စ်အိုနိုဂျာက ပြောခဲ့သည်။ ဂူမာအနီးရှိအစ်ရှ်ဗက်ကျေးရွာသည် ဇွန် ၆ ရက် နံနက် ၃ နာရီခန့်က တိုက်ခိုက်ခံခဲ့ရကြောင်း စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် ရှစ်ဦးသေဆုံးခဲ့ပြီး အများအပြားပျောက်ဆုံးနေကြောင်းနှင့် ဒဏ်ရာရရှိသူများလည်းအများအပြား ရှိကြောင်း ၎င်းကပြောခဲ့သည်။

ရယ်ဝါတာဒေသအနီးတွင်လည်း ဇွန် ၄ ရက်က အလားတူ လက်နက်ကိုင်စစ်သွေးကြွများလာရောက်တိုက်ခိုက်ခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဂူမာပြည်နယ် အစိုးရအကြီးအကဲဖြစ်သူ အန်တိုနီရှာဝန်က သေဆုံးသူများမှာ ၁၀ ဦးထက်မနည်းရှိကြောင်း အတည်ပြုခဲ့သည်။ စစ်သွေးကြွတိုက်ခိုက်ရေးသမားများသည် ၎င်းတို့ထွက်ခွာသွားသည်နှင့်တစ်ပြိုင်နက် အိမ်များနှင့် ယာခင်းများကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း ၎င်းက အတည်ပြုပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

### ထိုင်းနိုင်ငံမြောက်ပိုင်း၌ မူးယစ်ဆေးဝါး ၁၃ သန်းဖမ်းမိ

**ဗန်ကောက် ဇွန် ၇**

ထိုင်းနိုင်ငံမြောက်ပိုင်းရှိ စစ်ဆေးရေးဂိတ်တစ်ခုတွင် မကြာသေးမီက ၁၂ ဘီးကားတစ်စီးအတွင်း ခိုးဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၁၃ သန်းဖမ်းဆီးရမိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံမြောက်ပိုင်း လမ်ပန်ပြည်နယ်ရှိ စစ်ဆေးရေးဂိတ်တစ်ခုတွင် ဆိုဖာနှင့် ရုံးသုံးပရိဘောဂများတင်ဆောင်လာသော ကုန်တင်ကားတစ်စီးကို စစ်ဆေးရာမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ အဆိုပါ မူးယစ်ဆေးဝါးများ၏တန်ဖိုးမှာ ထိုင်းဘတ်ငွေ ၂ ဒသမ ၆ ဘီလီယံဘတ် (အမေရိကန်ဒေါ်လာ ၈၁ဒသမ ၂သန်း) ခန့်ရှိကြောင်း သိရသည်။ ယာဉ်မောင်းအား ဖမ်းဆီးထိန်းသိမ်းထား သော်လည်း ၎င်းက ချင်းရိုင်မြို့ရှိ ထိုင်း-လာအိုချစ်ကြည်ရေးတံတားမှ ထိုင်းနိုင်ငံအလယ်ပိုင်း အယုဒ္ဓယပြည်နယ်သို့ ကုန်ပစ္စည်းများ သယ်ဆောင်ရန်အတွက်သာ ငှားရမ်းခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ **ဆင်ဟွာ**

# ကမ္ဘာ့ငြိမ်းချမ်းရေးတစ်စိတ်တစ်ပိုင်းဖြစ်လာမယ့် အမေရိကန်-မြောက်ကိုရီးယားဆွေးနွေးပွဲ

**တင်လင်းအောင်**





စင်ကာပူနိုင်ငံဟာ ကမ္ဘာ့ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်ဆင်နွှဲရတော့မှာမို့ အလွန်ပျော်ရွှင်မိပါတယ်လို့ နိုင်ငံခြားရေးဝန်ကြီး ဗီဗီယန်ဘာလာခရစ်ရှ်နန်က ဇွန် ၆ ရက်က ပြောခဲ့ပါတယ်။ စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဗီဗီယန်ဘာလာခရစ်ရှ်နန်ဟာ သမိုင်းတွင်မယ့် အမေရိကန်ပြည်ထောင်စုနဲ့ မြောက်ကိုရီးယားနိုင်ငံတို့ရဲ့ ထိပ်သီးအစည်းအဝေးမကျင်းပမီ တစ်ပတ်အလိုကတည်းက ဝမ်းသာအားရနဲ့ ခုလိုပြောကြားခဲ့တာဖြစ်ပါတယ်။

**သမိုင်းတွင်မယ့် ဇွန်လ ၁၂ ရက်**

နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဗီဗီယန်ဘာလာ ခရစ်ရှ်နန်ဟာ အမေရိကန်ပြည်ထောင်စုသို့ အလုပ်သဘောအလည်အပတ်သွားရောက်တဲ့ ခရီးစဉ်အတွင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို၊ အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်တန်တို့နဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ မစ္စတာမိုက်ပွန်ပီအိုနဲ့ မစ္စတာဂျွန်ဘော်တန်တို့ကလည်း ကမ္ဘာ့ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုဖြစ်လာမယ့် အမေရိကန်နဲ့ မြောက်ကိုရီးယားနိုင်ငံတို့ရဲ့ ထိပ်သီးအစည်းအဝေးကို စင်ကာပူနိုင်ငံအနေနဲ့ သမိုင်းတွင်မယ့် ဇွန်လ ၁၂ ရက်နေ့မှာ ဆန်တိုဆာရှိ ကက်ပီလာဟိုတယ်မှာ အခုလိုလက်ခံကျင်းပတဲ့အတွက် အသိအမှတ်ပြုဝမ်းသာတယ်လို့ ပြောခဲ့ပါတယ်။

**ထာဝရငြိမ်းချမ်းရေးနဲ့ နျူကလီးယားကင်းစင်ရေးခြေလှမ်းသစ်**

စင်ကာပူနိုင်ငံ ဆန်တိုဆာရှိ ကက်ပီလာဟိုတယ်မှာ ကျင်းပမယ့် နှစ်နိုင်ငံဆွေးနွေးပွဲမှသည် ကိုရီးယားကျွန်းဆွယ် ထာဝရငြိမ်းချမ်းရေးနဲ့ နျူကလီးယားကင်းစင်ရေးအတွက် ခြေလှမ်းသစ်များရေးရှုဆောင်ရွက်သွားနိုင်မယ်လို့ ယုံကြည်တယ်လို့လည်း နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဗီဗီယန်ဘာလာခရစ်ရှ်နန်က ပြောခဲ့ပါတယ်။

သမိုင်းတွင်မယ့် အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးကို စင်ကာပူနိုင်ငံမှာ ပြုလုပ်မယ်လို့ ဆုံးဖြတ်ခဲ့ခြင်းကိုကြည့်ရင် စင်ကာပူနိုင်ငံဟာ ဒီအစည်းအဝေးကြီးကို အောင်မြင်စွာ ကျင်းပနိုင်လိမ့်မယ်လို့ နှစ်နိုင်ငံလုံးရဲ့ ထင်မြင်ယူဆချက်ကို ဖော်ပြရာရောက်ပါတယ်လို့ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဗီဗီယန်ဘာလာခရစ်ရှ်နန်က လူမှုကွန်ရက်စာမျက်နှာ ဖေ့စ်ဘွတ်မှာ ပြောခဲ့ပါတယ်။

မစ္စတာ ဘာလာခရစ်ရှ်နန်ဟာ အမေရိကန်ပြည်ထောင်စုသို့ အလုပ်သဘောအလည်အပတ်သွားရောက်ပြီး မစ္စတာပွန်ပီအိုနဲ့ မစ္စတာဘော်တန်တို့နဲ့ တွေ့ဆုံစဉ်မှာလည်း ၎င်းတို့ဟာ စင်ကာပူနဲ့ အမေရိကန်နိုင်ငံကြား ကာကွယ်ရေး၊ လုံခြုံရေးနဲ့စီးပွားရေး ကဏ္ဍတွေကို ဆွေးနွေးခဲ့ပါတယ်။

ထို့အပြင် အမေရိကန်အဆင့်မြင့်အရာရှိကြီးတွေက ယခုနှစ်မှာ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မယ့် စင်ကာပူနိုင်ငံအတွက်လိုအပ်တဲ့ ထောက်ပံ့မှုများ လုပ်ဆောင်သွားဖို့နဲ့ အာရှပစိဖိတ်ဒေသတွင်း အခွန့်ရှည်မယ့် မဟာဗျူဟာတွေနဲ့ စီးပွားရေးအကျိုးစီးပွားတို့ကို ပိုမိုနက်ရှိုင်းစွာလုပ်ဆောင်သွားနိုင်မယ့်နည်းလမ်းတွေကိုလည်း ဆွေးနွေးခဲ့ပါတယ်။

**ထရန့်ကို ပူတင်ချီးကျူး**

အခုလိုမျိုး မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ တွေ့ဆုံမယ့် စိတ်ကူးကိုအကောင်အထည်ဖော်ခဲ့တဲ့အတွက်လည်း ရုရှားသမ္မတ ဗလာဒီမာပူတင်ကလည်း အမေရိကန် သမ္မတထရန့်ကို ချီးကျူးခဲ့ပြီး "သတ္တိရှိပြီး ရင့်ကျက်တဲ့လုပ်ရပ်" လို့ ပြောခဲ့ပါတယ်။ နှစ်နိုင်ငံဆွေးနွေးပွဲမှ ကောင်းမွန်တဲ့ ရလဒ်တွေထွက်လာမယ်လို့လည်း မျှော်လင့်ကြောင်း ပြောခဲ့ပါတယ်။ လျှော့ချည်တစ်ခါ တင်းချည်တစ်လှည့်နဲ့ အစုန်အဆန်အဝေ့အဝိုက်တွေကြားမှာ အကောင်အထည်ပေါ်လာတဲ့ သမိုင်းတွင်မယ့် အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲမှာ အမေရိကန်ပြည်ထောင်စုအနေနဲ့ ကိုရီးယားကျွန်းဆွယ်နျူကလီးယား ကင်းစင်ဖို့ နည်းဗျူဟာကြွယ်တဲ့ သံတမန်ဆိုင်ရာ လုပ်ဆောင်မှုတွေ ဖြစ်တယ်လို့လည်း ပူတင်က ပြောခဲ့ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ ယခင်က သူ့အနေနဲ့နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပဖို့ သင့်တော်တဲ့အချိန်အခါမဟုတ်သေးဘူးလို့ ရှုမြင်ကြောင်း၊ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းကို ပေးပို့တဲ့စာမှာ ဖော်ပြခဲ့သလို အိမ်ဖြူတော်ဝက်ဘ်ဆိုက်မှာလည်း ရေးသားဖော်ပြခဲ့ပါတယ်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းရဲ့ ဒေါသကြီးမှုနဲ့ ရန်လိုမှုတွေများနေတဲ့အတွက် နှစ်နိုင်ငံအစည်းအဝေးကို ဖျက်သိမ်းရခြင်းဖြစ်ကြောင်းလည်းဖော်ပြခဲ့ပါတယ်။

**အတိုင်းမသိဝမ်းသာရမယ့်ကိစ္စ**

သို့သော်လည်း ယခုအခါမှာတော့ မြောက်ကိုရီးယားဟာ သူ့ရဲ့ရည်မှန်းချက်ဖြစ်တဲ့ နျူကလီးယားနိုင်ငံတော်ကြီး ပေါ်ပေါက်လာရေး အစီအစဉ်ကို ဘယ်တော့မှ လက်လျှော့မှာမဟုတ်ပါဘူး၊ သူ့ရဲ့နျူကလီးယားအစီအစဉ်နဲ့ပတ်သက်ပြီး ဆွေးနွေးစရာတွေမရှိဘူးလို့ တစ်ချိန်က မလျှော့တမ်းပြောခဲ့သော်လည်း ယခုအချိန်မှာတော့ တစ်ဖက်နဲ့တစ်ဖက် မည်သို့ပင်ဆိုခဲ့ဆိုခဲ့ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးအတွက် မတူတာတွေ ဘေးဖယ်ပြီး နှစ်နိုင်ငံအနေနဲ့ ဇွန်လ ၁၂ ရက်နေ့ စင်ကာပူနိုင်ငံမှာ တွေ့ဆုံမယ်ဆိုတာကို ကြားသိရတာနဲ့ အတိုင်းမသိဝမ်းသာရမယ့်ကိစ္စတစ်ခုပါပဲ။ ရည်ရွယ်ချက်ကတော့ မြောက်ကိုရီးယားကို နျူကလီးယားကင်းစင်ဖို့ပဲဖြစ်ပါတယ်။

> "နှစ်နိုင်ငံ တကယ့်တွေ့ဆုံညှိနှိုင်းမယ့်ရလဒ်ဟာ ကိုရီးယားကျွန်းဆွယ်နျူကလီးယားကင်းစင်ဖို့၊ နောက်ထပ်နျူကလီးယားထိပ်ဖူးတပ် တာဝေးပစ် ဒုံးကျည်လက်နက်ဆိုင်ရာ နည်းဗျူဟာ စမ်းသပ်လုပ်ဆောင်မှုတွေကို အဆုံးသတ်ဖို့၊ အမေရိကန်ပြည်ထောင်စု၊ ကမ္ဘာ့နိုင်ငံတွေနဲ့ မြောက်ကိုရီးယားနိုင်ငံတို့ကြား ရန်လိုတင်းမာမှုတွေအပေါ် နိဂုံးချုပ်ဖို့ကို အဓိက ဦးစားပေးဆွေးနွေးသွားရမှာပဲ"

ကိုရီးယားကျွန်းဆွယ်နျူကလီးယားကင်းစင်ရေးမှာ အလယ်ဗဟိုကနေပါဝင်ခဲ့တဲ့ သမ္မတရှီကျင့်ဖျင်ဦးဆောင်တဲ့ တရုတ်အစိုးရကလည်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းရဲ့ တရုတ်ခရီးစဉ်အပေါ်သဘောကျကျေနပ်ခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ မြောက်ကိုရီးယားနဲ့ နယ်နိမိတ်ချင်း ထိစပ်လျက်ရှိတာကြောင့် ကိုရီးယားကျွန်းဆွယ်မှာ စစ်ပွဲဖြစ်ပွားခဲ့ပါက အဲဒါဟာ တရုတ်နိုင်ငံကို အဓိကခြိမ်းခြောက်လာမယ့်အရေးလည်းဖြစ်ပါတယ်။ ဒါကြောင့် ကိုရီးယားကျွန်းဆွယ်ငြိမ်းချမ်းရေးရဖို့အရေးမှာ တရုတ်နိုင်ငံလည်းကူညီဖို့ အဆင်သင့်ဖြစ်ခဲ့ပါတယ်။

အနှစ်နှစ်အလလက ရည်မှန်းခဲ့တဲ့ ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းရေးရည်မှန်းချက်ဟာ အခုတော့ အကောင်အထည်ပေါ်လာပါပြီ။ တရုတ်နိုင်ငံကို မြောက်ကိုရီးယားခေါင်းဆောင် သွားရောက်ပြီး ပြန်လာခါနီးထုတ်ပြန်တဲ့ ကြေညာချက်မှာ ကိုရီးယားကျွန်းဆွယ် နျူကလီးယား ကင်းစင်ရေးကိစ္စဟာ ဖြေရှင်းလို့ရတဲ့ ကိစ္စဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

အခုလိုမျိုး ထုတ်ပြန်ကြေညာချက်မှာ ပြောခဲ့တာကိုကြည့်ရင် နျူကလီးယားကင်းစင်ဖို့ စကားဦးသန်းခဲ့တယ်ဆိုတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ သို့သော်လည်း တကယ့်လက်တွေ့မှာတော့ တော်တော့်ကို ဖြေရှင်းရမယ့် ကိစ္စပဲဖြစ်ပါတယ်။ မြောက်ကိုရီးယားခေါင်းဆောင်ရဲ့ ထုတ်ပြန်ကြေညာချက်မှာ ပြောသွားခဲ့တာဟာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းတစ်ရပ်လည်းဖြစ်ပါတယ်။

**နှစ်နိုင်ငံကြား အေးခဲနေတဲ့ အခြေအနေတွေကို ကောင်းမွန်စေမယ်**

အမေရိကန် - မြောက်ကိုရီးယား တွေ့ဆုံဆွေးနွေးပွဲရဲ့ အလားအလာဟာ နှစ်နိုင်ငံကြား အေးခဲနေတဲ့ အခြေအနေတွေကို ကောင်းမွန်တဲ့ဘက်ကို စတင်ရောက်ရှိစေမယ့် အနေအထားကို ဖြစ်ပေါ်စေမယ်လို့ ယူဆရပါတယ်။ ကိုရီးယားကျွန်းဆွယ်မှာ ငြိမ်းချမ်းမှုကို ရှာဖွေတဲ့နေရာမှာ တကယ့် သံခင်းတမန်ခင်း ဖြစ်ပေါ်တိုးတက်မှုကိုလည်း မဖြစ်မနေ ထည့်သွင်းရမှာဖြစ်ပါတယ်။

နှစ်နိုင်ငံ တကယ့်တွေ့ဆုံညှိနှိုင်းမယ့် ရလဒ်ဟာ ကိုရီးယားကျွန်းဆွယ်နျူကလီးယားကင်းစင်ဖို့၊ နောက်ထပ် နျူကလီးယားထိပ်ဖူးတပ် တာဝေးပစ် ဒုံးကျည်လက်နက်ဆိုင်ရာ နည်းဗျူဟာ စမ်းသပ်လုပ်ဆောင်မှုတွေကို အဆုံးသတ်ဖို့၊ အမေရိကန်ပြည်ထောင်စု၊ ကမ္ဘာ့နိုင်ငံတွေနဲ့ မြောက်ကိုရီးယားနိုင်ငံတို့ကြား ရန်လိုတင်းမာမှုတွေအပေါ် နိဂုံးချုပ်ဖို့ကို အဓိက ဦးစားပေးဆွေးနွေးသွားရမှာပဲဖြစ်တယ်လို့ ၁၉၉၄ ခုနှစ် နျူကလီးယား ပဋိပက္ခအတွင်း မြောက်ကိုရီးယားနဲ့ ဆွေးနွေးညှိနှိုင်းမှုလုပ်ခဲ့တဲ့ အမေရိကန် ညှိနှိုင်းဆွေးနွေးရေးအကြီးအကဲဖြစ်သူ ရောဘတ် ကလော့စီကပြောခဲ့ပါတယ်။

ပထမဆုံးအကြိမ်ပြုလုပ်မယ့် သမိုင်းဝင် အမေရိကန်ပြည်ထောင်စုနဲ့ မြောက်ကိုရီးယားခေါင်းဆောင်တို့ရဲ့ ထိပ်သီးအစည်းအဝေးမှာ နှစ်နိုင်ငံဆက်ဆံရေးကို တည်ဆောက်သွားမှာဖြစ်ကြောင်း၊ နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးမှုတွေကို ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ကြောင်းနဲ့ ထိပ်သီးအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှုတွေလည်း ချောချောမွေ့မွေ့ဆောင်ရွက်လျက်ရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မကြာသေးမီက အိမ်ဖြူတော်မှာ သတင်းထောက်တွေကို ပြောခဲ့ပါတယ်။ တွေ့ဆုံဆွေးနွေးပွဲမှာ ဘယ်စာချုပ်မှ လက်မှတ်မရေးထိုးဖူးလို့ သတင်းတွေလည်း ကြားခဲ့ရပါတယ်။

အမေရိကန်ပြည်ထောင်စုအနေနဲ့ အခုကျင်းပမယ့် အစည်းအဝေးအပေါ် အသေအချာဂရုစိုက်ရမှာဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ပါက ကာလရှည်ကြာကြိုးစားလာတဲ့ ကိုရီးယားကျွန်းဆွယ်နျူကလီးယားကင်းစင်ရေးဟာ သဲထဲရေသွန်၊ လေထဲအရုပ်ရေးသလို အကောင်အထည်ပေါ်လာမှာမဟုတ်ပါဘူး။ အမေရိကန်နဲ့ မြောက်ကိုရီးယားနိုင်ငံတို့ဟာ ယခုကျင်းပမယ့် နှစ်နိုင်ငံ ဆွေးနွေးပွဲအပေါ် စိတ်ရင်းအမှန်နဲ့ ပွင့်ပွင့်လင်းလင်းဆွေးနွေးပြီး တစ်ဖက်စကား တစ်ဖက်က အသေအချာနားထောင်ရုံတင်မက လက်ဆွဲနှုတ်ဆက်တာထက်ပိုတဲ့ တွေ့ဆုံဆွေးနွေးမှုကိုသာ လုပ်နိုင်မယ်ဆိုပါက မလိုလားတဲ့ စစ်ပွဲတွေ တစ်ဖက်နဲ့တစ်ဖက် ဖြစ်နိုင်ခြေနည်းသွားမှာဖြစ်ပြီး ကမ္ဘာကြီးနဲ့ အားလုံးအတွက် အောင်မြင်မှုတွေ၊ ကောင်းကျိုးတွေယူဆောင်လာပေးမှာပဲဖြစ်ပါကြောင်း။ ။

**ကိုးကား - ချန်နယ်နယူးအေးရှ**

# လူလိမ်များ၏ စားကျက်ဖြစ်လာနေသော ဖေ့စ်ဘုတ် နှင့် ငွေကြေးလိမ်လည်မှုများ

— သူရဖြိုး —

*(ယခင်တစ်ပတ်မှအဆက်)*

ယခင်တစ်ပတ်ကဆောင်းပါးတွင် ဖေ့စ်ဘုတ်ပေါ်၌ MLM ကုမ္ပဏီများ လူဆွယ်နေမှုနှင့် ကုန်ပစ္စည်းများကို လိမ်လည်ကြော်ငြာ၍ ရောင်းချနေမှုများကို ဖော်ပြခဲ့ပါသည်။

ဆင်းကတ်များ ပေါများလာခြင်းနှင့်အတူ ဖေ့စ်ဘုတ်ကို မြန်မာနိုင်ငံတွင် လူအများအပြား သုံးစွဲလာခြင်းနှင့် ငွေလွှဲဝန်ဆောင်မှုများ ပေါ်လာခြင်းသည် ဖေ့စ်ဘုတ်နှင့် အွန်လိုင်းကိုအခြေခံသော ငွေကြေးလိမ်လည်မှုများကို ပို၍ဖြစ်လာစေလျက်ရှိသည်။ လိမ်သူများမှာ ဖေ့စ်ဘုတ်ကို ကြားခံအဖြစ်အသုံးပြု၍ ဖုန်းဘီလ် အနည်းငယ်မှစကာ ကျပ်သိန်းပေါင်းထောင်သောင်းချီသည်အထိ လိမ်ကြသလို ဆက်လက်၍လည်း လိမ်နေကြဆဲဖြစ်သည်။ အချို့မှာ ဖေ့စ်ဘုတ်တွင် လူသိများအောင်လုပ်ပြီးမှ ပြင်ပတွင် လိမ်ခဲ့သည်လည်းရှိသည်။

**ဖေ့စ်ဘုတ်ပေါ်တွင် လိမ်နည်းများ**

လက်ရှိအချိန်တွင် ဖေ့စ်ဘုတ်ပေါ်တွင် တွေ့နေရသော လိမ်နည်းအမျိုးမျိုးရှိသည်။ ဖော်ပြခဲ့ပြီးသော စုမဲလိမ်ခြင်း၊ ရှယ်ယာခေါ်၍လိမ်ခြင်းတို့မှာ ငွေပမာဏများပြားပြီး MLM မှာမူ ငွေအနည်းငယ်စီကို လူများများဆီမှ မလိုမ့်တပတ်လုပ်၍ ယူခြင်းဖြစ်သည်။

အခြားလိမ်နည်းများအနက် ဖေ့စ်ဘုတ်တွင်တွေ့ရများသော လိမ်နည်းတစ်ခုမှာ အလုပ်ရှာလိုသော လူငယ်များအတွက် အလုပ်အကိုင်ရှာဖွေပေးမည်ဟုဆိုကာ မည်သူမဆို လျှောက်ရန်အဆင်ပြေသော အလုပ်အကိုင် အမျိုးအစားများကို ရေးထားပြီးနောက် ဝန်ဆောင်ခ ကျပ်သုံးထောင်မှ ငါးထောင်ခန့်ကို လိမ်ယူခြင်းဖြစ်သည်။ အလုပ်ရှာလိုသော လူငယ်များမှာ CV ဖောင်၊ အထောက်အထားများနှင့် ဝန်ဆောင်ခကို မျှော်လင့်ချက်များစွာဖြင့် ပေးလိုက်ပြီးသည့်နောက်တွင် ဘာမှဆက်ဖြစ်မလာတော့ပေ။ ထို့ကြောင့် လူငယ်များအနေဖြင့် အွန်လိုင်းတွင်တွေ့ရသော အလုပ်ခေါ်ကြော်ငြာများ၊ အေဂျင်စီဆိုသည်များကို မယုံသင့်ကြဘဲ အမှန်တကယ် ဝန်ဆောင်မှုပေးနေခြင်းဟုတ် မဟုတ် လေ့လာသင့်ကြသည်။

နောက်ထပ် တွေ့ရများသော လိမ်နည်းတစ်ခုမှာ ငွေလဲခြင်းဖြစ်သည်။ ငွေလဲဝန်ဆောင်မှုတစ်ခုဖြစ်သော Wave account တွင် ငွေလိုသည်၊ ထိုငွေကို wave ဖြင့် လွှဲပေးသူအား အမြတ်အနည်းငယ်ပေး၍ ဘဏ်မှတစ်ဆင့် ပြန်လွှဲမည်ဟုဆိုကာ လိမ်ခြင်းမျိုးဖြစ်သည်။ ထိုသို့လိမ်သည့် ဖေ့စ်ဘုတ်အကောင့်များသည် အချိန်ကြာမြင့်စွာကပင် ဖွင့်ထားခဲ့သော အကောင့်အတုများဖြစ်ကြပြီး ရုတ်တရက်ကြည့်လျှင် အကောင့်အစစ်များဟုပင် ထင်ရတတ်သည်ကိုလည်း တွေ့ရသည်။

နောက်တစ်မျိုးမှာ အွန်လိုင်းရှော့ပင်များ ဖြစ်သည်။ လိမ်မည့် အွန်လိုင်းရှော့ပင်များသည် ၎င်းတို့၏ Page များတွင် ပုံမှန်ထက်ပို၍ ဈေးသက်သာသော ကုန်ပစ္စည်းများကို ကြော်ငြာကာ ဝယ်မည့်သူက ငွေလွှဲပြီးသည့် နောက်တွင် အဆက်အသွယ်မလုပ်တော့ဘဲ block ပစ်လိုက်တော့သည်။ ၎င်းတို့၏ အွန်လိုင်းရှော့ပင်က လိမ်ကြောင်းကို ဝယ်သူတစ်ဦးမှတစ်ဦး တစ်ဆင့်စကားဖြင့် သိသွားလျှင်လည်း လိမ်သူများက ထို page ကိုဖျက်ကာ နောက်ထပ် page အသစ်တစ်ခုဖြင့် ထပ်လိမ်တော့သည်။

**ဖေ့စ်ဘုတ်ပေါ်မှာ ဘာကိုယုံသင့်သလဲ**

ထိုမေးခွန်းအတွက် ဖေ့စ်ဘုတ်ပေါ်တွင် မြင်သမျှ ဘာကိုမှ လွယ်လွယ်မယုံသင့်ဟု ဖြေရမည်ဖြစ်သည်။ လူပုံမပါ နာမည်မမှန်သော အကောင့်အတုများ၊ လူပုံပါသော်လည်း နာမည်အမှန် ဟုတ် မဟုတ် မသေချာသော အပြင်တွင် လူချင်းမသိသော အကောင့်များ၊ အပြင်တွင် ဘယ်မှာနေသည်ကို မသိသော အကောင့်များ၊ မှတ်ပုံတင်ကို ဓာတ်ပုံရိုက်ပြသော အကောင့်များ၊ Like များများရနေသော page များ စသည်တို့ထဲမှ ဘယ်တစ်ခုကိုမှ လွယ်လွယ်မယုံသင့်သည့်အပြင် ပြင်ပတွင် ကုမ္ပဏီထောင်ထားသည်ဟု ကုမ္ပဏီမှတ်ပုံတင်ကို ပြ၍ ကုမ္ပဏီသို့ လာရောက်လေ့လာနိုင်ကြောင်း ပြောလျှင်ပင် အလွယ်တကူမယုံသင့်ကြောင်း သတိပြုရပါမည်။

နာမည်ကြီးခဲ့သော လိမ်လည်မှုဖြစ်စဉ်နှစ်ခုဖြစ်သည့် အသင်းဝင်၍ အွန်လိုင်းမှ ကြော်ငြာများကို ကလစ်နှိပ်ရုံဖြင့် အမြတ်များစွာရမည်ဟုလိမ်သည့် ကုမ္ပဏီတစ်ခုမှာ ပြေးခဲ့ပြီဖြစ်သလို ငွေကြေးကဲ့သို့သုံးစွဲနိုင်သော Coin များကို ရောင်းချမည်ဆိုသည့် ကုမ္ပဏီတစ်ခုမှာလည်း ပြေးခဲ့ပြီးဖြစ်သည်။ ထိုကုမ္ပဏီနှစ်ခုစလုံးမှာ မလိမ်မီက ပြင်ပတွင် ရုံးခန်းများ တခမ်းတနားဖွင့်၍ တရားဝင်ကုမ္ပဏီမှတ်ပုံတင်ပြီးမှ ဖေ့စ်ဘုတ်တွင် လူသိများအောင် ကြော်ငြာကာ လိမ်သွားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍လည်း ကုမ္ပဏီမှတ်ပုံတင်ပြုလုပ်ထားပြီး လိမ်နိုင်သည့်လုပ်ငန်းအချို့ကို ဖေ့စ်ဘုတ်ပေါ်တွင် မြင်တွေ့နေရသေးသည်။ နိုင်ငံသားမှတ်ပုံတင်တစ်ခုသည် နိုင်ငံသားဖြစ်ကြောင်း အသိအမှတ်ပြုခြင်းသာဖြစ်ပြီး နိုင်ငံသားကောင်းတစ်ယောက်ဖြစ်ကြောင်း ထောက်ခံထားခြင်းမဟုတ်သလို ကုမ္ပဏီမှတ်ပုံတင်မှာလည်း ကုမ္ပဏီတစ်ခုဖြစ်ကြောင်း အထောက်အထားသာဖြစ်ပြီး ကုမ္ပဏီကောင်းတစ်ခုဖြစ်ကြောင်း ထောက်ခံထားခြင်း မဟုတ်သည်ကို သတိပြုကြဖို့ လိုပါသည်။

သို့ဖြစ်၍ ဖေ့စ်ဘုတ်ပေါ်တွင် အလုပ်အကိုင်အခွင့်အလမ်းကောင်း ဆိုသည်များ၊ စီးပွားရေးအခွင့်အလမ်းကောင်း ဆိုသည်များ၊ ပေါက်ဈေးထက်တန်နေသော ကုန်ပစ္စည်းများ၊ အမြတ်ကြမ်းသောစုမဲများ စသည့် ကြော်ငြာတစ်ခုခုကို တွေ့မြင်ရပြီး ထိုသို့ကြော်ငြာသူများက သင့်ထံမှ အကြောင်းတစ်ခုခုပြ၍ အွန်လိုင်းမှဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ ငွေတောင်းပြီဆိုပါက အယုံမလွယ်ကြဘဲ အထူးသတိပြုကြရန် လိုအပ်မည်ဖြစ်ပါကြောင်းနှင့် လက်ရှိအချိန်တွင် လူလိမ်များသည် ၎င်းတို့အတွက် သားကောင်များရှာရန် စားကျက်တစ်ခုအဖြစ် ဖေ့စ်ဘုတ်ကို အသုံးချလျက်ရှိနေကြောင်း သတိပေးလိုက်ရပါသည်။ ။

# အွန်လိုင်းမှ ဗီဒီယိုများတိုက်ရိုက်ကြည့်နိုင်မည့် WowPlay အက်ပလီကေးရှင်းသစ် မိတ်ဆက်

**ရန်ကုန် ဇွန် ၇**

တယ်လီနောမြန်မာ၊ ဟွာဝေးနှင့် WowBox ကုမ္ပဏီသုံးခုပူးပေါင်း၍ ကုမ္ပဏီတစ်ခုချင်းစီ၏ တီထွင်ဆန်းသစ်မှု၊ ကွန်ရက်နှင့် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုများဖြင့် အွန်လိုင်းမှဗီဒီယိုများကို တိုက်ရိုက်ကြည့်ရှုနိုင်မည့် အက်ပလီကေးရှင်းအသစ်တစ်ခုကို WowPlay အမည်ဖြင့် ဇွန် ၆ ရက်မှ စတင်မိတ်ဆက်ထားပြီး အဆိုပါအက်ပလီကေးရှင်းကို တယ်လီနောအသုံးပြုသူများသာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။




"WowPlay ကို အသုံးပြုသူတွေအနေနဲ့ ကြိုက်နှစ်သက်တဲ့ ဇာတ်ကားတွေ၊ ရုပ်ရှင်စီးရီးတွေ၊ တီဗွီအစီအစဉ်တွေ၊ သီချင်းတွေကို ကွန်ရက်ပေါ်မှာ အလွယ်တကူ ကြည့်ရှုနားဆင်နိုင်ဖို့အတွက် ရည်ရွယ်ပြီး အခုလို အကောင်အထည်ဖော်လိုက်ခြင်း ဖြစ်ပါတယ်"ဟု တယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေးအရာရှိချုပ် Joslin Myrthong က ပြောကြားသည်။

ဟွာဝေးမှ တာဝန်ရှိသူတစ်ဦးကလည်း "တယ်လီနော အသုံးပြုသူတွေအနေနဲ့ အရည်အသွေးကောင်းမွန်ပြီး မြန်မာနိုင်ငံနဲ့ ကိုက်ညီမှုရှိတဲ့ ဗီဒီယိုတွေကို မြန်မြန်ဆန်ဆန် ရှာဖွေကြည့်ရှုလိုတဲ့အခါမှာ သုံးစွဲသူအကြိုက်ဆုံး ရွေးချယ်စရာ အက်ပလီကေးရှင်း တစ်ခုဖြစ်လာစေဖို့ ရည်ရွယ်ပြီး ဒီ WowPlay ကို မိတ်ဆက်ခဲ့တာ ဖြစ်ပါတယ်။ အသုံးပြုသူတွေ အနေနဲ့ ဗီဒီယိုတွေကို အွန်လိုင်းကနေ တစ်ခါတည်း ကြည့်ရှုနိုင်မှာဖြစ်တဲ့အပြင် နောက်မှကြည့်ရှုချင်တယ် ဆိုရင်လည်း ဒေါင်းလုတ်ရယူထားနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် အက်ပလီကေးရှင်းမှာ ပါဝင်တဲ့ ဗီဒီယိုအများစုကို အခမဲ့ ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်"ဟု ပြောသည်။ WowPlay တွင် ဇာတ်လမ်းတို၊ ဗီဒီယိုအတိုလေးများမှစ၍ ရုပ်ရှင်ဇာတ်ကားကြီးများအထိ ရှာဖွေကြည့်ရှုနိုင်မည်ဖြစ်ပြီး မြန်မာဇာတ်ကားများ၊ ဟောလိဝုဒ်နှင့်အခြား နိုင်ငံများစွာမှ ဇာတ်ကားများ၊ ရုပ်ရှင်စီးရီးများ၊ ဗီဒီယိုများကိုလည်း ကြည့်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာဇာတ်ကား အများစုတွင် အရည်အသွေးကောင်း မြန်မာစာတန်းထိုးများ ထည့်သွင်းပေးထားကြောင်း၊ ဗီဒီယိုအသစ်များကိုလည်း နေ့စဉ် ဖြည့်စွက်တင်ဆက်သွားမည်ဖြစ်ကြောင်း၊ အသုံးပြုသူများအနေဖြင့် အက်ပလီကေးရှင်းတွင် ပါဝင်သော ဗီဒီယိုအများစုကို အခမဲ့ ကြည့်ရှုနိုင်မည်ဖြစ်ပြီး VIP အစီအစဉ်ကို ရယူလို လျှင်လည်း နေ့စဉ်၊ အပတ်စဉ်နှင့် လစဉ်ကြေးများ ပေးသွင်းပြီး ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# မြန်မာနေရှင်နယ်လိဂ်သတင်းများ ဖော်ပြပေးမည့် အက်ပလီကေးရှင်းသစ်ကို MPT စတင်မိတ်ဆက်

**ရန်ကုန် ဇွန် ၇**

မြန်မာနေရှင်နယ်လိဂ်(MNL)နှင့် MPT တို့ ပူးပေါင်း၍ နိုင်ငံတွင်းဘောလုံးပွဲများမှ ရေပန်းစားလူကြိုက်များသည့် ပွဲစဉ်များ၏ နောက်ဆုံးရသတင်းများ၊ ပွဲစဉ်များ၊ ဂိုးရလဒ်နှင့် ပွဲစဉ်သုံးသပ်ချက်များကို ဖော်ပြပေးမည့် MPT MNL ဘောလုံးအက်ပလီကေးရှင်းသစ်ကို ဇွန် ၅ ရက်က စတင်မိတ်ဆက်လိုက်ကြောင်း သိရသည်။

အဆိုပါ အက်ပလီကေးရှင်းအသစ်ကို Google Play စတိုးနှင့် MPT ၏ လိုတရဝက်ဘ်ဆိုက်တို့တွင် ဒေါင်းလုတ်ရယူနိုင်သည့်အပြင် MPT ဆင်းကတ်များဖြင့် *3101# သို့ ခေါ်ဆို၍လည်း ဒေါင်းလုတ်လင့်ခ်ကို ရယူနိုင်မည်ဖြစ်ကြောင်း၊ အပလီကေးရှင်းတွင် MPT ဆင်းကတ်သုံးစွဲသူများအတွက် သီးသန့်အစီအစဉ် တစ်ရပ်အဖြစ် ပျော်ရွှင်စိတ်လှုပ်ရှားဖွယ် မေးခွန်းများကို အပတ်စဉ်ဖြေဆို၍ MPT MNL အထူးထုတ် ငွေဖြည့်ကတ်များ၊ အသင်းအကျီများနှင့် အခြားစိတ်ဝင်စားဖွယ် ဆုလက်ဆောင်များစွာကို ရယူနိုင်မည့် အစီအစဉ်လည်း ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

MPT-KSGM Joint Operations မှ တာဝန်ရှိသူ မစ္စတာ Reizo Umeda က "ပြည်တွင်းအားကစားလှုပ်ရှားမှုနဲ့ပတ်သက်လို့ ကစားသမားတွေရဲ့ ကြိုးစားပုံတွေနဲ့ နောက်ဆုံးရ သတင်းအချက်အလက်တွေကို မိုဘိုင်းဖုန်းတွေပေါ်ကနေ ကြည့်ရှုခံစားနိုင်မှာဖြစ်ပါတယ်"ဟု ပြောသည်။

MPT သည် MNL နှင့် သုံးနှစ်တာကာလ လက်တွဲပူးပေါင်းရန် ယခုဘောလုံးရာသီအစတွင် နားလည်မှုစာချွန်လွှာရေးထိုးခဲ့ပြီး ဘောလုံးအားကစားလောက ရေရှည်တိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခု အက်ပလီကေးရှင်းတွင်လည်း MNL လိဂ်(၁)အပြင် ပရော်ဖက်ရှင်နယ်ပြိုင်ပွဲများမှ အငယ်တန်းအဆင့်အထိ အခြားသော ဘောလုံးပွဲစဉ်များကိုလည်း နောက်ပိုင်းတွင် ဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

# အူရီဒူးနှင့် နိုကီယာ ပူးပေါင်းမှုဖြင့် Nokia 1 စမတ်ဖုန်းသစ်ကို မကြာမီရောင်းချမည်

**ရန်ကုန် ဇွန် ၇**

အူရီဒူးနှင့် နိုကီယာတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖုန်းမော်ဒယ်သစ်တစ်ခုဖြစ်သော Nokia 1 စမတ်ဖုန်းကို ပြည်တွင်း၌ ဇွန် ၁၅ ရက်တွင် စတင်မိတ်ဆက်ရောင်းချတော့ မည်ဖြစ်ပြီး ဝယ်ယူအသုံးပြုသူများအတွက် အူရီဒူး၏ ဆင်းကတ်နံပါတ်အလှတစ်ခုနှင့်အတူ တစ်နှစ်အတွင်း ငွေဖြည့်တိုင်း ဒေတာအသုံးပြုနိုင်မည့် ဒေတာအပိုလက်ဆောင်ကိုလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Nokia 1 စမတ်ဖုန်းသည် မြန်မာနိုင်ငံအတွင်းရှိ အူရီဒူး၏ 4G Plus ကွန်ရက်ကို အမြင့်ဆုံးမြန်နှုန်းဖြင့် အသုံးပြုနိုင်ရန် ထောက်ပံ့ပေးထားသည့်ဖုန်းဖြစ်ကာ ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်ပြီး နှစ်ကတ်စလုံးဖြင့် 4G ကွန်ရက် အသုံးပြုနိုင်မည်ဖြစ်သည်။ Nokia 1 ဖုန်းတွင် quad-core processor ၊ ရှေ့နှင့်နောက် ကင်မရာများ၊ 2150mAh သက်တမ်းရှိ လဲလှယ်နိုင်သောဘက်ထရီနှင့် စွမ်းဆောင်ရည်ကောင်းသော IPS မျက်နှာပြင်တို့ပါဝင်ပြီး အန်းဒရွိုက်ဗားရှင်းအနေဖြင့် Oreo(Go edition)ကို ထည့်သွင်းထားကာ အသုံးပြုသူများလိုအပ်မည့် ပေါ့ပါးသည့် အပလီကေးရှင်းများကိုလည်း ကြိုတင်ထည့်သွင်းထားပေးကြောင်း၊ ရောင်းချမည့် ဈေးနှုန်းမှာ ကျပ် ၁၁၀၀၀၀ ဖြစ်ကြောင်း သိရသည်။




ဟန်းဆက်ဝယ်သူများအနေဖြင့် အူရီဒူး၏ ကြယ်နှစ်ပွင့်အဆင့်ရှိ ဆင်းကတ်နံပါတ်အလှနှင့်အတူ တစ်နှစ်တာအတွင်း ဖုန်းငွေဖြည့်တိုင်း ၅၀ ရာခိုင်နှုန်း ဒေတာအပို လက်ဆောင်ရရှိမည့်အစီအစဉ်လည်း ပါဝင်ကြောင်း၊ ဟန်းဆက်ဝယ်ယူသူများအနေဖြင့် အူရီဒူး၏ ဆင်းကတ်နံပါတ်အလှကို သတ်မှတ်ထားသည့် အူရီဒူးမြန်မာအမှတ်တံဆိပ် အရောင်းဆိုင်များတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့) ကားမောင်းလိုင်စင် (သို့) နိုင်ငံကူးလက်မှတ်တို့ ပြသ၍ ထုတ်ယူနိုင်ကြောင်း၊ ဟန်းဆက်ဝယ်ယူသူများအနေဖြင့် လက်ရှိတွင် အူရီဒူးဆင်းကတ်ကို သုံးနေလျှင်လည်း ရရှိမည့် ဒေတာအပိုများကို ဆင်းကတ်အဟောင်းဖြင့် ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

# မြန်မာ့ပညာရေးကဏ္ဍကို ဒစ်ဂျစ်တယ်စနစ်သို့ကူးပြောင်းရန် Mytel က အင်တာနက်ကျောင်းတော်အစီအစဉ်ဖြင့် ကူညီမည်

**ရန်ကုန် ဇွန် ၇**

မြန်မာ့ပညာရေးကဏ္ဍကို ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းရေးတွင် မြန်မာနိုင်ငံ၏ စတုတ္ထမြောက်အော်ပရေတာဖြစ်သည့် Mytel အနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအထိ လွှမ်းခြုံနိုင်မည့် အင်တာနက်ကျောင်းတော်အစီအစဉ် (Mytel's Internet School Project) ဖြင့် အားဖြည့်ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

အင်တာနက်ကျောင်းတော်အစီအစဉ်သည် Mytel က နောင်တွင်ဆောင်ရွက်သွားရန်ရှိသော လူမှုအကျိုးပြုလုပ်ငန်းများထဲမှ ပထမဆုံးတစ်ခုဖြစ်ပြီး အင်တာနက်စွမ်းအားကို အသုံးပြု၍ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ မြင့်မားလာစေရန် အားဖြည့်သွားမည်ဖြစ်ကြောင်း၊ အစီအစဉ်အရ Mytel အနေဖြင့် ကရင်ပြည်နယ်၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်းရှိ ကျောင်းပေါင်း ၁၃ ကျောင်းတွင် အခမဲ့အင်တာနက် တပ်ဆင်ပေးထားပြီးဖြစ်ကာ ၂၀၁၈ ခုနှစ်အတွင်း ကျောင်းပေါင်း ၅၀ အထိကို အင်တာနက်တပ်ဆင်ပေးသွားရန်လည်း ရည်ရွယ်ထားကြောင်း၊ အဆိုပါကျောင်းများတွင် ပညာရေးအထောက်အကူပြုကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ IT စာသင်ခန်းများကိုလည်း ထောက်ပံ့ပေးထားကြောင်း သိရသည်။ ထို့အပြင် ပညာရေးဝန်ကြီး ဌာန၏ ခွင့်ပြုချက်အရ ကျောင်းပေါင်း ၁၀၀၀ ကျော်တွင် ဖိုင်ဘာနည်းပညာဖြင့် အနည်းဆုံး ၂မဂ္ဂါဘိုက်အမြန်နှုန်းရှိသည့် အခမဲ့အင်တာနက်ဝန်ဆောင်မှုကိုလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Mytel သည် နောင်လာမည့် ၁၅ နှစ်အတွင်း လူမှုအကျိုးပြုလုပ်ငန်းများအတွက် ဒေါ်လာသန်း ၈၀ ခန့် အသုံးပြုသွားရန် လျာထားပြီး အဆိုပါလျာထားငွေ၏ ၈၀ ရာခိုင်နှုန်းကို ပညာရေးကဏ္ဍအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ Mytel ၏ အင်တာနက်ကျောင်းတော်အစီအစဉ်ကို ကျောင်းသား၊ ကျောင်းသူများအတွက် သင်ယူ လေ့လာရေးတွင် အထောက်အကူဖြစ်ရုံသာမက ဆရာ ဆရာမများအတွက် ပညာ အရင်းအမြစ်တစ်ခုအဖြစ်လည်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း Mytel မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

# ကမ္ဘာ့ဖလားကို မုန်တိုင်းထန်စေနိုင်တဲ့ ရှက်ပုန်းသီးကစားသမားများ

— အောင်က —

